yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (18-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၃)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ မှန်ကန်ရွေးချယ် မဲပေးမယ် စတင်ရွှေ့လှမ်း အနာဂတ်လမ်း။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံမှ ပထမအကြိမ် လျှောက်လဲခြင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေနှင့် မြန်မာနိုင်ငံ၏ ရှေ့နေများက ချေပလျှောက်လဲ




ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်က မြန်မာနိုင်ငံမှ ပထမအကြိမ် လျှောက်လဲခြင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်(Agent)ဖြစ်သူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်မိန့်ခွန်းပြောကြားပြီးနောက် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က အမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်အကျဉ်းချုပ်၊ တရားစွဲဆိုမှုများ၏ အကန့်အသတ်နယ်ပယ်နှင့် နောက်ခံအချက်အလက်များကို လျှောက်လဲရာတွင် "ရိုဟင်ဂျာ"နှင့် "ကုလား"အသုံးအနှုန်းများ၏ဇာစ်မြစ်များနှင့်သမိုင်းကြောင်းများအရ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီမွတ်ဆလင်များမှာ ဗြိတိသျှကိုလိုနီခေတ်မှစ၍ မြန်မာနိုင်ငံသို့ **စာမျက်နှာ ၁၈ ကော်လံ ၁**

**မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်လျက်ရှိကြောင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်**

စာမျက်နှာ - ၁၉

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ**

စာမျက်နှာ - ၂၀

**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာ**

စာမျက်နှာ - ၂၇

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Services

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- MIR Card POS Services / MIR Card Cashout (MMK) Via POS
- Mobile Banking and Internet Banking Services
- Foreign Banking Services with Russian Banks

MPU

Phone: (01) 2301367, 2301368
(01) 2301452, 2301378

# ရတနာပုံ

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်

အယ်ဒီတာ့အာဘော်

## ပြည်သူ့အတွက် ရှုပ်ရှုပ်ချွံချွံစွမ်းဆောင်ခဲ့သော တပ်မတော်သားတို့၏အောင်ပွဲများ

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် မြို့၊ ရွာများအတွင်းဝင်ရောက်ကာ ခရီးသွားပြည်သူများကိုဖမ်းဆီးခြင်း၊ နေအိမ်များအတွင်းသို့ဝင်ရောက်၍ ပြည်သူပိုင်ပစ္စည်းများကို အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံပိုင် မြေပေါ်၊ မြေအောက်သယံဇာတများကို အဓမ္မနည်းဖြင့်ထုတ်ယူပြီး ကိုယ်ကျိုးအတွက်သုံးစွဲခြင်း၊ ပြည်သူလူထုများ၏ နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများကို အခိုင်အမာခံစစ်နေရာများအဖြစ်အသုံးပြုခြင်း၊ ယာယီအခြေပြုနေထိုင်ခြင်း၊ ဒေသခံပြည်သူများ၊ ခရီးသွားများထံမှ ငွေကြေးကောက်ခံခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့ကြခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်များဖြစ်စေလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျပြီး တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်ရေးသည် ဝေးကွာနေဦးမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းအားလည်းကောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့တွင် ညောင်ပင်သာကျေးရွာအားလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်နေ့တွင် ပိုးဇာနွယ်ကျေးရွာအားလည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ကျောက်လှည်းဘီးကျေးရွာအားလည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်တွင် အဆိုပါလမ်းကြောင်းပေါ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် စိန်ကုန်းကျေးရွာတစ်ဝိုက်တို့အားလည်းကောင်း တပ်မတော်စစ်ကြောင်းများက အပြည့်အဝပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့နောက် တပ်မတော်စစ်ကြောင်းများသည် စိန်ကုန်းကျေးရွာနှင့် မိုးကုတ်မြို့အကြား လမ်းပိုင်းတွင် ခိုအောင်းနေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ဆက်လက်တိုက်ခိုက်ချေမှုန်းပြီး မိုးကုတ်-သပိတ်ကျင်း-မန္တလေးမြို့တို့ကို ဆက်သွယ်ထားသည့်လမ်းကြောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ကြောင်းများခွဲ၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကိုဟန်ချက်ညီဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၅ ရက်တွင် စိန်ကုန်းကျေးရွာဘက်မှ ချီတက်လာသည့် တပ်မတော်စစ်ကြောင်းသည် အုန်ဒန်ကျေးရွာ၊ မိုးကုတ်မြို့ဘက်မှချီတက်လာသည့် တပ်မတော်စစ်ကြောင်းသည် မိုးကုတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကင်းကျေးရွာ၊ ကင်းတံတားနှင့် အဆိုပါကျေးရွာအနီးရှိရန်သူ့စခန်းနေရာတို့ကို တိုက်ခိုက်ချေမှုန်းသိမ်းပိုက်နိုင်ခဲ့သည်။ အဆိုပါဒေသတို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိရေးအတွက် တပ်မတော်သားများ၏ အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ချေမှုန်းခဲ့မှုကြောင့် အဆိုပါဒေသများတစ်ဝိုက်တွင် တည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိခဲ့သည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများအနေဖြင့် မိုးကုတ်-သပိတ်ကျင်း-မန္တလေးမြို့တို့သို့ဆက်သွယ်ထားသည့်လမ်းကြောင်းများတစ်လျှောက်၌ ကျန်ရှိနေသည့်လမ်းပိုင်းကို ဆက်လက်ရှင်းလင်းနိုင်ရေး လိုအပ်သည့်နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းကြောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိပါသော တပ်မတော်သားကောင်းတို့၏ ပြည်သူတို့အတွက် ကြိုးပမ်းစွမ်းဆောင်ချက်များကို လေးစားမိပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

## ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

ဘုတလင် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးကေ ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၃၂၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီးကေ ၄၃၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၄၃၂၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

## မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၏ ဝိဇာယနမွေးနေ့မင်္ဂလာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း



မန္တလေး ဇန်နဝါရီ ၁၇

မန္တလေး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၇ နှစ် ဝါတော် ၇၇ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်တို့က သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ သက်တော် ၉၇ နှစ်ပြည့် ဝိဇာယနမွေးနေ့မင်္ဂလာ အထိမ်းအမှတ် လှူဖွယ်ပစ္စည်းများနှင့် အာဟာရ ဖြည့်စွက်စာများ၊ နဝကမ္မဝတ္ထုငွေများကို ဇန်နဝါရီ ၁၆ ရက်က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးတော်မူနေသည့် သက်တော်ရှည်ဆရာတော်ကြီးကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညို၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းလျှောက်ထားပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပည့်ဒါယကာ၊ ဒါယိကာမနှင့် တက်ရောက် လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ငါးပါးသီလခံယူဆောက်တည်ခြင်းများ၊ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူခြင်းများကို ဆောင်ရွက်ခဲ့ကြပြီးနောက် ဆရာတော်ကြီး၏ သက်တော် ၉၇ နှစ်ပြည့်ဝိဇာယနမွေးနေ့မင်္ဂလာ အထိမ်းအမှတ် လှူဖွယ်ပစ္စည်းများနှင့် အာဟာရ ဖြည့်စွက်စာများ၊ နဝကမ္မဝတ္ထုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီးတို့က ဆက်ကပ်လှူဒါန်းခဲ့သည်။

ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည့် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးက ဝိဇာယနမွေးနေ့မင်္ဂလာအဖြစ် တပည့်သံဃာတော်များကို ဆွမ်းများဆက်ကပ်လှူဒါန်းခြင်း၊ ညှိ့ပရိသတ်အပေါင်းတို့ကို စတုဒိသာများဖြင့် ကျွေးမွေးညှိ့ခံခြင်း ကောင်းမှုကုသိုလ်များကို ပြုလုပ်ခဲ့ကြောင်းနှင့် သက်တော်ရှည်ဆရာတော်ကြီးမှာ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တွင် ကျန်းမာရေးကောင်းမွန်စွာ သီတင်းသုံးတော်မူလျက်ရှိကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ဓနုဖြူမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ငါးဈေးကွက်တွင် ငါးတန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ငါးတန်များ ယခုနှစ် ဇန်နဝါရီလပထမပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ် ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၅၅၀၀ ထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်မှာ ငါးတန်တွေ ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက် ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ငါးတန်တွေက အခြား ငါးအမျိုးအစားတွေထက်ကို အရောင်းအဝယ်ဖြစ်နေတာပါ။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ်အဖြစ်ဆုံးပါ။ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ငါးမွေးမြူသူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ပွဲရုံပိုင်ရှင်များက ဒေသထွက်ငါးတန်များကို ဝယ်ယူပြီး စနစ်တကျထုပ်ပိုးကာ ဝယ်ယူသည့်ဒေသများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လုပ်ငန်းတိုးတက်ရေး လုပ်ထုံးလုပ်နည်းများ လျှော့ချပေး

မျိုးသူ(ကုန်သွယ်မြှင့်)

ကုမ္ပဏီများတွင် လုပ်ငန်းများလုပ်ကိုင်ရင်း အမှားများကိုကြုံရသည့်အခါ အလားတူအမှားများ မဖြစ်စေရန်အတွက် စိစစ်သည့်လုပ်ငန်း၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်လာတတ်သည်။ ထိုကဲ့သို့ စိစစ်သည့်လုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အဆင့်ဆင့်စိစစ်ခြင်းများသည် ကုမ္ပဏီတိုးတက်လာသည်နှင့်အမျှ တဖြည်းဖြည်းများပြားလာပြီး လုပ်ငန်းကြန့်ကြာခြင်းများဖြစ်နိုင်သည်။ ဝန်ထမ်းများဘက်မှကြည့်လျှင်လည်း လုပ်ငန်းအမှန်တကယ်ပြီးပြတ်မှုထက် စိစစ်နေရခြင်းနှင့် လုပ်ထုံးလုပ်နည်းများကိုဖြတ်သန်းနေရခြင်း၊ အဆင့်ဆင့်လက်မှတ်ထိုးအတည်ပြုနေရခြင်းများကြောင့် အချိန်ကုန်ပြီးအလုပ်မတွင်သည့်အခြေအနေသို့ ရောက်နေတတ်သည်။ ပြန်ကြားရမည့်စာတစ်စောင်အတွက်ပင် စာဝင်သည်မှ အထက်ထိ အဆင့်ဆင့်တင်ပြရခြင်း၊ အထက်မှ အဆင့်ဆင့်လုပ်ဆောင်ရမည်များကို ပြန်လည်ချပေးခြင်း စသည်တို့ဖြင့် အချိန်ကြာနေတတ်သည်။ လုပ်ငန်းကြီးလာသည်နှင့်အမျှ များပြားသော လုပ်ထုံးလုပ်နည်းများ ဖြစ်ပေါ်လာတတ်သည်။ ထိုကဲ့သို့ လုပ်ထုံးလုပ်နည်းများပြားနေခြင်းကို လျှော့ချနိုင်မည်ဆိုပါက အချိန်နှင့် ငွေကြေးကိုပါ သက်သာစေနိုင်သည်။ ထို့ကြောင့် ကုမ္ပဏီ၏ ကြီးပွားတိုးတက်ခြင်းအတွက် ကုမ္ပဏီပြင်ပနှင့် ဆက်ဆံရာတွင်ဖြစ်စေ၊ ကုမ္ပဏီတွင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင်ဖြစ်စေ လုပ်ထုံးလုပ်နည်းများကို အထိရောက်ဆုံးနှင့်အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သင့်သည်။

**လုပ်ထုံးလုပ်နည်းများ မည်သို့လျှော့ချမည်နည်း**

လုပ်ထုံးလုပ်နည်းများကို လျှော့ချရာတွင် နည်းလျှင်ပြီးပြီဟု လျှော့ခြင်းမျိုးမဖြစ်သင့်ပါ။ အလုပ်တွင် စည်းဘောင်နှင့်တူသော လုပ်ထုံးလုပ်နည်းများ အထိုက်အလျောက်ရှိသင့်သည်။ ထို့ကြောင့် လုပ်ထုံးလုပ်နည်းများကို နည်းပါးအောင်၊ အချိန်သက်သာအောင်ဆောင်ရွက်ရန်အတွက် ရလဒ်နှင့်အကျိုးသက်ရောက်မှုကိုဦးတည်သောပုံစံမျိုးဖြစ်ရန် လိုအပ်သည်။ ဆိုလိုသည်မှာ အလုပ်ပြီးသွားလျှင် ရရှိမည့်အကျိုးကျေးဇူးကိုကြည့်ခြင်းဖြစ်သည်။ အလုပ်တစ်ခုပြီးရန် လုပ်ထုံးလုပ်နည်း အဆင့် ၁၀ ဆင့်ကို ဖြတ်သန်းလုပ်ကိုင်မည့်အစား လုပ်ထုံးလုပ်နည်းနှစ်ဆင့်တည်းနှင့် အလုပ်ကိုအမြန်ပြီးအောင်ဆောင်ရွက်ပြီး ဖောက်သည်ကျေနပ်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဘဏ်များတွင် ငွေသွင်းငွေထုတ်လုပ်ကိုင်သည့်အခါတွင် ကြာမြင့်အောင်စောင့်ဆိုင်းရခြင်းမျိုးဖြစ်သည်။ စောင့်ဆိုင်းသူဖောက်သည်လည်း မကြန့်ကြာဘဲ စာရင်းဇယားပိုင်းတွင်လည်း စိစစ်သည့်အဆင့်နည်းနည်းနှင့် မြန်လည်းမြန်ပြီး မှန်လည်းမှန်အောင် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည်။

လုပ်ထုံးလုပ်နည်းများကို လျှော့ချမည်ဆိုလျှင် လုပ်ငန်းအဆင့်များကို ပထမဦးစွာ ပြန်စိစစ်ပြီး မလိုအပ်သောအဆင့်များကို လျှော့ချပါ။ ဖြတ်ပစ်ပါ။ ဥပမာအားဖြင့် အသုံးစရိတ်တစ်ခုအတွက် ဘဏ္ဍာရေးဌာနမှ ငွေထုတ်နိုင်ရန် အဆင့် ငါးဆင့် စိစစ်သည်ဆိုပါက အဆင့်သုံးဆင့်သာချန်လုပ်စိစစ်မည်ဆိုလျှင် နှစ်ဆင့်လျှော့နည်းသွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဝန်ထမ်းများကို အထိုက်အလျောက် လုပ်ပိုင်ခွင့်ပိုမိုပေးအပ်ခြင်းဖြင့် လုပ်ထုံးလုပ်နည်းအဆင့်များကို လျှော့ချနိုင်သည်။ ဥပမာအားဖြင့် အသေးသုံးငွေကြေးများကို တန်ဖိုးတစ်ခု ဥပမာ-နှစ်သောင်းကျပ်ထိကို ငွေစာရင်းမန်နေဂျာက အထောက်အထားငွေရပြေစာဖြင့် တိုက်ကိုက်စိစစ်ပေးချေခွင့်ပြုလျှင် နှစ်သောင်းကျပ်မှုဖြင့် အထက်အရာရှိကြီးများထံ စိစစ်နေရန် လိုအပ်မည်မဟုတ်ပါ။ ထိုအခါ အချိန်နှင့်လုပ်ထုံးလုပ်နည်းများလျှော့နည်းသွားပြီး အခြားအရေးကြီးသောလုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်မည်ဖြစ်သည်။

ထပ်မံ၍ နည်းပညာများသုံးစွဲခြင်းဖြင့် လုပ်ထုံးလုပ်နည်းများကို လျှော့ချနိုင်သည်။ ဥပမာအားဖြင့် လှည့်လည်ဖတ်ရှုရမည့်စာများကို ဝန်ထမ်းတစ်ဦးက အရာထမ်းတစ်ဦးချင်း အဆင့်ဆင့်လိုက်လံပြသနေရခြင်း၊ တစ်ဦးစီတွင်စောင့်ရခြင်း စသည်တို့ဖြစ်ကြသည်ကို ရုံးတွင်းဖတ်ရှုနိုင်သည့် အပလီကေးရှင်းများ၊ ဥပမာအားဖြင့် Cloud တွင်တင်ထားပြီး ဖတ်ရှုပြီးကြောင်း ခလုတ်နှိပ်ပေးခြင်းဖြင့် လှည့်လည်ဖြန့်ဝေရသည့်အလုပ်ကို လျှော့ချနိုင်သည်။ ယခုအခါ အချို့ကုမ္ပဏီများတွင် Viber Group များဖွဲ့၍ လုပ်ငန်းများကို အသိပေးခြင်းမျိုးဆောင်ရွက်ကြသည်ကို တွေ့ရသည်။ သို့ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်းဖြင့် ကုန်ကျစရိတ်ပေးချေရေးဆောင်ရွက်ချက်များ၊ အဆင့်ဆင့်စိစစ်ပြီးမှ ငွေပေးချေခြင်းများကိုလည်း နည်းပညာများသုံး၍ လျှော့ချနိုင်ရန် ကြံဆရမည်ဖြစ်သည်။ လူကိုယ်တိုင်လုပ်ကိုင်ရမည့်ကိစ္စများကို နည်းပညာများသုံး၍ အချိန်နှင့် လုပ်ထုံးလုပ်နည်းများကို လျှော့ချနိုင်သည်။

**❖ လုပ်ထုံးလုပ်နည်းများကို လျှော့ချရာတွင် နည်းလျှင်ပြီးပြီဟု လျှော့ခြင်းမျိုးမဖြစ်သင့်ပါ။ အလုပ်တွင် စည်းဘောင်နှင့်တူသော လုပ်ထုံးလုပ်နည်းများ အထိုက်အလျောက်ရှိသင့်သည်။ ထို့ကြောင့် လုပ်ထုံးလုပ်နည်းများကို နည်းပါးအောင်၊ အချိန်သက်သာအောင် ဆောင်ရွက်ရန်အတွက် ရလဒ်နှင့်အကျိုးသက်ရောက်မှုကို ဦးတည်သောပုံစံမျိုးဖြစ်ရန် လိုအပ်သည်။ ဆိုလိုသည်မှာ အလုပ်ပြီးသွားလျှင် ရရှိမည့်အကျိုးကျေးဇူးကို ကြည့်ခြင်းဖြစ်သည်။ ❖**

ရိုးရှင်းသောမူဝါဒများချမှတ်ခြင်းဖြင့် လုပ်ထုံးလုပ်နည်းအဆင့်များကိုလျှော့ချနိုင်သည်။ တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများ အများအပြားချမှတ်၍ လုပ်ကိုင်သည့်နည်းလမ်းအစား ရိုးရှင်းသောမူဝါဒချမှတ်ပြီး စည်းကမ်းအနည်းငယ်ဖြင့် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများကို တာဝန်ယူစေခြင်းမျိုးက လုပ်ထုံးလုပ်နည်းကိုလျှော့နည်းစေနိုင်သည်။ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ သစ္စာရှိမှု၊ ပါးနပ်မှုများကို အားထား၍ လုပ်ထုံးလုပ်နည်းများကို လျှော့ချရန်ဖြစ်သည်။

**Laissez-faire Leadership**

Laissez-faire ဆိုသည်မှာ ပြင်သစ်ဘာသာဖြင့် "Let it be" သူ့ဘာသာလုပ်ပါစေဟု ဆိုနိုင်သည်။ စီမံခန့်ခွဲမှုတွင် အထက်လူကြီးက ဝန်ထမ်းများ၏ နေ့စဉ်လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ပေးထားခြင်းမျိုးဖြစ်သည်။ ခွင့်ပြုချက်တောင်းခံရခြင်းများ၊ လုပ်ထုံးလုပ်နည်းများကို အနည်းဆုံးထိ လျှော့ချထားပြီး ရလဒ်ထွက်လျှင် လုပ်ငန်းအောင်မြင်သည်ဟူသော ခေါင်းဆောင်မှုမျိုးဖြစ်သည်။ အဆိုပါခေါင်းဆောင်မှုတွင် နောက်ပါဝန်ထမ်းများသည် လုပ်ရည်ကိုင်ရည်မြင့်မားရန်၊ တာဝန်ယူလိုစိတ် အပြည့်ရှိရန် အရေးကြီးသည်။ ဤနည်းလမ်းဖြင့် အချို့သောကုမ္ပဏီများတွင် အောင်မြင်မှုများရရှိနေသည်။ အထက်အောက်အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုရှိရန် အထူးလိုအပ်သည်။ ဝန်ထမ်းအသီးသီးသည် လုပ်ငန်းကျွမ်းကျင်နေရန်လည်း လိုအပ်သည်။ မိမိလုပ်ရမည့်အလုပ်၊ ပြီးစီးသင့်သည့်အချိန်တို့ကိုသိရှိထားပြီး အကောင်အထည်ဖော်နိုင်၊ တာဝန်ယူနိုင်သည့်သူများ အဆင့်တိုင်းတွင် လိုအပ်သည်။ အဓိကမှာ တာဝန်ယူမှုရှိရန် အထူးလိုအပ်သည်။ Google နှင့် Netflix ကဲ့သို့ကုမ္ပဏီကြီးများသည် ဤခေါင်းဆောင်မှုစနစ်နှင့်ဆင်တူသော အုပ်ချုပ်မှုမျိုးရှိသည်ဟုဆိုနိုင်သည်။ တူသလိုလိုနှင့် မတူသော အချက်များလည်းရှိသည်။ မတူညီသောအချက်မှာ လွတ်လပ်ခွင့်ပေးသောနေရာများ ရှိသော်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုကို ရလာမည့်ရလဒ်ဖြင့် ဆုံးဖြတ်ခြင်း၊ ထိန်းကျောင်းထားခြင်းဖြစ်သည်။ ရလာမည့်ရလဒ်သည် လိုချင်သည့်ရလဒ်ဖြစ်ရမည်ဟု ထိန်းကျောင်းထားခြင်းမျိုးဖြစ်သည်။ Netflix တွင် ပိုမိုတိကျခိုင်မာသော မူဝါဒများချမှတ်ထားသည်ဟု ဆိုသည်။ လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသည့် ယဉ်ကျေးမှုမျိုးတူထောင်ထားသည်။ အထိန်းအကွပ်နည်းသောခေါင်းဆောင်မှုဖြစ်သည့် Laissez-faire Leadership နှင့်ဆင်တူသောအချက်များမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် အချို့အသုံးစရိတ်များတွင် လွတ်လပ်စွာ သုံးစွဲခွင့်ပေးထားသည်။ အချိန်နှင့်ရုံးတက်ရခြင်း၊ ရုံးတက်၊ ရုံးဆင်းချိန်တင်းကျပ်ခြင်းတို့ကို စည်းမျဉ်းများချမှတ်ထားမှုမရှိခြင်း၊ လုပ်ငန်းလုပ်ကိုင်ရာတွင် ဝန်ထမ်းများကို စိတ်ကြိုက်လုပ်ကိုင်ခွင့် ခွင့်ပြုပေးထားခြင်းတို့ဖြစ်သည်။ သို့ရာတွင် တင်းကျပ်သော စည်းမျဉ်းများလည်း ထားရှိကြသည်။ ထိုအချက်မှာ ထိပ်တန်းစွမ်းဆောင်ရှင်များကိုသာ အလုပ်လုပ်ခွင့်ပြုလိုခြင်းဖြစ်သည်။ ဝန်ထမ်းများကို အရည်အချင်း၊ စွမ်းရည်မြင့်မားသူများကိုသာ ရွေးချယ်ခန့်ထားခြင်းဖြစ်သည်။ လုပ်ဆောင်ချက်များအပေါ် စဉ်ဆက်မပြတ်ပွင့်လင်းသော ဝေဖန်အကြံပြုချက်များပေးသည့် ယဉ်ကျေးမှုအဖြစ် တည်ဆောက်ထားသည်။ အထက်အဆင့်အရာရှိများသည် ကလေးထိန်းများသဖွယ် ဝန်ထမ်းများကို ထိန်းကျောင်းရန်မဟုတ် ကိုယ့်တာဝန်များကို ကိုယ့်ဘာသာတာဝန်ယူရမည်။ အသေးစိတ်လိုက်လံစောင့်ကြည့်စိစစ်နေမည်မဟုတ် ရလဒ်ဖြင့်တိုင်းတာမည်ဟု သဘောထားသည်။

**Netflix ၏ အားသာချက်**

"No Rules Rules"စာအုပ်သည် Reed Hastings (CEO of Netflix ) နှင့် Erin Meyer တို့နှစ်ဦးပေါင်းစပ်ရေးသားသောစာအုပ်ဖြစ်သည်။ Reed Hastings သည် Netflix ၏ စီအီးအိုဖြစ်ပြီး သူ၏ကုမ္ပဏီအကြောင်း ရေးသားထားခြင်းဖြစ်သည်။ Netflix တွင် အဓိကအားဖြင့် အချက်သုံးချက်ရှိသည်ဟု ဆိုသည်။ ပထမအချက် ထူးချွန်သူများကိုသာစုစည်းထားခြင်း၊ ဒုတိယအချက် ပွင့်လင်းစွာဝေဖန်ခြင်း၊ တတိယအချက် ထိန်းချုပ်မှုများ ဖယ်ရှားထားခြင်းတို့ဖြစ်သည်။

လုပ်ငန်းအတွင်းတွင် ထူးချွန်ထက်မြက်သူများကို များနိုင်သမျှများအောင်စုစည်း၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။ အမှန်တကယ်တော်သည့်၊ တတ်သည့်သူများကိုသာ တာဝန်ပေးခန့်ထားပြီး ကိုယ့်အလုပ်ကို ကိုယ်တာဝန်ယူကာ လုပ်ထုံးလုပ်နည်းများမထားခြင်းဖြစ်သည်။ တော်သည့်သူများသည် လုပ်ထုံးလုပ်နည်းများမရှိလျှင်လည်း အလုပ်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်သည်။ အခြားအချက်တစ်ခုမှာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းကျောင်းမည့်အစား ဝန်ထမ်းအချင်းချင်း တစ်ဦးအမှားကို တစ်ဦးက ထောက်ပြခြင်းဖြစ်သည်။ အပြစ်တင်သည့်သဘောမျိုးမဟုတ်ဘဲ ပွင့်လင်းလွတ်လပ်စွာ ရိုးရိုးသားသားဝေဖန်သည့်ယဉ်ကျေးမှု ထူထောင်ထားခြင်းဖြစ်သည်။ အာရှနိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်နိုင်မှုနည်းသောနည်းလမ်းဖြစ်သည်ဟုဆိုသည်။ တတိယအချက်မှာ ထိန်းချုပ်မှုတချို့ကို လျှော့ချထားခြင်းဖြစ်သည်။ ခွင့်သတ်မှတ်ထားမှုမရှိခြင်း၊ ခွင့်တိုင်ရန်မလိုအပ်ခြင်းမျိုး၊ အသုံးစရိတ်နှင့်ပတ်သက်သည့် စည်းမျဉ်းမရှိခြင်းမျိုးဖြစ်သည်။ ခွင့်ကို ကြိုက်သလောက်ယူနိုင်သည်၊ အလုပ်ကို ကောင်းစွာပြီးစီးအောင် တာဝန်ယူထားနိုင်ရမည်။ Outcome-oriented ရလဒ်ကိုအဓိကထားသည့်အတွက် ခွင့်က အဓိကမဟုတ်ဟု ဆိုနိုင်သည်။ ခေါင်းဆောင်မန်နေဂျာများသည် ဒီလိုလုပ်၊ ဟိုလိုလုပ်ဟု အသေးစိတ်လုပ်ထုံးလုပ်နည်းများ ချမှတ်၍ပေးမည့်အစား ကိုယ့်အလုပ်ကို ကိုယ့်နည်းလမ်းနှင့်ကိုယ် အကောင်းဆုံးဖြစ်အောင် တာဝန်ယူစေခြင်းဖြစ်သည်။ မန်နေဂျာက လုပ်ငန်း၏ဦးတည်ချက်၊ "ဘယ်အချိန်ဘယ်ကိုရောက်သင့်တယ်၊ ရောက်ချင်တယ်၊ ဘာကြောင့်လုပ်သင့်တယ်"ဆိုသည်မျိုးကို ချပြရှင်းလင်းထားခြင်းဖြစ်သည်။ "No Rules Rules" စာအုပ်၏အယူအဆ တစ်နည်းအားဖြင့် Netflix Company ၏ အယူအဆကို လက်တွေ့အသုံးချခြင်းနှင့် ချိန်ဆဆောင်ရွက်မည်ဆိုပါက ယုံကြည်မှုနှင့် တာဝန်ယူမှုတို့ကို မျှတအောင်ချိန်ညှိသုံးစွဲနိုင်ရန် လိုအပ်မည်ဖြစ်သည်။ အထက်အဆင့်မန်နေဂျာက လုပ်ငန်းမန်နေဂျာကို လမ်းညွှန်ချက်သာပေးပြီး အမိန့်ပေးခြင်းမလုပ်ရန် လိုအပ်သည်။ ဆုံးဖြတ်ပေးရမည့်ကိစ္စများကို အဆင့်ဆင့်တင်ပြနေရခြင်းမျိုးနှင့် လုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်ရခြင်းများအစား လုပ်ငန်းအောင်မြင်ရေး အဓိကမှုဖြင့် အောက်ခြေအဆင့်များတွင် လုပ်ကိုင်ကြရန်ဖြစ်သည်။

လုပ်ကိုင်မှုနှင့်ပတ်သက်၍ တာဝန်ခံနိုင်မှုရှိရမည်ဖြစ်သည်။ ဤနေရာတွင် မည်သည့်အဆင့်တွင်မဆို အရည်အချင်းရှိသူများကိုသာ ထိန်းသိမ်းထားရှိခြင်းဖြစ်သည်။ လူတော်များ များနိုင်သမျှများအောင် စုစည်းလုပ်ကိုင်ခြင်းဖြင့် လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းချုပ်လုပ်ကိုင်နေခြင်းအစား ကိုယ့်တာဝန်ကိုယ်ယူ၍ လုပ်ငန်းဆောင်ရွက်ခြင်းသည် အလုပ်ကို ပိုမိုအောင်မြင်စေသည်ဟူသော အယူအဆဖြစ်သည်။ ဤကုမ္ပဏီမှာ အမေရိကန်ကုမ္ပဏီကြီးဖြစ်သည်နှင့်အညီ အနောက်တိုင်းအယူအဆ၊ ယဉ်ကျေးမှုများသာ လွှမ်းမိုးပြီး အရှေ့တိုင်းယဉ်ကျေးမှု၊ အယူအဆများနှင့် ကွဲလွဲမှုအများအပြားရှိသည်။

စာမျက်နှာ ၅ သို့ ➩

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ကောင်းကျိုးဖြာဝေမြန်မာပြေ(ပြည်)

\- နိုင်ငံတော်ကြီး ရှေ့ခရီးမှာ
စည်းကမ်းပြည့်မီ ဒီမိုကရေစီကို
ရောက်မည်အရေး ရည်မြော်တွေး၍
ရွေးကောက်ပွဲမှာ ပေါ်ထွက်လာသည့်
ညီညာတက်ကြွ အစိုးရကို
ပြည့်ဝအပ်နှင်း ဖော်ဆောင်ခြင်းဖြင့်
ရင်တွင်းပီတိ ဂွမ်းဆီထိသို့။

\- နိုင်ငံစီးပွား အကျိုးများရန်
ကြိုးစားဆောင်ရွက် ဖော်ဆောင်လျက်မို့
သွက်လက်လျင်မြန် ဝင်ငွေလျှံအောင်
နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့
များစွာပို့ကုန် အမျိုးစုံကို
ထုတ်ကုန်အများ ပို့ဆောင်ထားလျက်။

\- စားဝတ်နေရေး အစဉ်တွေးကာ
မွေးမြူစိုက်ပျိုး ဘက်စုံတိုးအောင်
မျိုးမျိုးစုံလင် လုပ်ငန်းခွင်မှာ
ရှင်သန်ကြီးထွား ဆန်စပါးကို
အားထားစိုက်ပျိုး နိုင်ငံအကျိုး။

\- သြော်...
လူမှုဘဝ ပြည့်စုံရအောင်
နေ့ညမဆိုင်း အချိန်တိုင်းတွင်
တိုင်းပြည်ကောင်းကျိုး လှံ့လတိုး၍
အစိုးရသစ် ပေါ်ထွန်းဖြစ်ဖို့
စင်စစ်မသွေ မျှော်လင့်နေ။
ကောင်းကျိုးဖြာဝေ မြန်မာပြေ(ပြည်)။ ။

**မောင်မောင်အေး(ဘိုကလေး)**

## ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဟုမ္မလင်း ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၉၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၀၂၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၉၉၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော၊ ဆီထွက်သီးနှံအနေနဲ့ပါ အောင်မြင်တဲ့အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းဆောင်ရွက် ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ထိုစာအုပ်တွင်လည်း တွဲဖက်စာရေးဆရာ Erin Meyer က မတူညီသောယဉ်ကျေးမှုများကြားက စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်လိုအပ်သည်ဟုဆိုထားသည်။ "No Rules Rules" စာအုပ်သည် စည်းမျဉ်းစည်းကမ်းများနည်းပါးရေး စည်းကမ်းဟုပြန်ဆိုရမည်။ ဤနေရာတွင် Rules ဟု သုံးနှုန်းထားသည်မှာ ကုမ္ပဏီတွင်းစည်းမျဉ်းစည်းကမ်းများကို ဆိုလိုသည်။ Netflix Companyတွင် တစ်ဦး၏အားနည်းချက်ကို အခြားတစ်ဦးက ဝေဖန်ထောက်ပြနိုင်သည်။ အားပေးသည်။ သို့သော် အာရှနိုင်ငံအများစုတွင် မျက်နှာပူခြင်း၊ အားနာခြင်းနှင့် လူကြီးမိဘ၊ အထက်လူကြီးကိုရိုသေခြင်း စသည့်ယဉ်ကျေးမှုများကြောင့် မျက်နှာချင်းဆိုင်ဝေဖန်သုံးသပ်ခြင်းမျိုးကို တတ်နိုင်သမျှရှောင်ကြဉ်တတ်ကြသည်။ ရိုင်းသည်ဟုလည်း ယူဆတတ်ကြသည်။ သို့ဖြစ်၍ မျက်နှာချင်းဆိုင်ထောက်ပြဝေဖန်မှုများကို အချင်းချင်းကြားတွင် ဝေဖန်ခြင်းကို လျှော့ချပြီးဆောင်ရွက်မည်ဆိုလျှင် လုပ်ထုံးလုပ်နည်းများ လိုအပ်လာမည်ဖြစ်သည်။ အားနည်းချက်ကို တိုက်ရိုက်ပြောဆိုမှုနည်းပါးတတ်သည့်အတွက်လည်းကောင်း၊ သွယ်ဝိုက်ပြောကြားတတ်သည့်အတွက်လည်းကောင်း၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကြားတွင် နစ်မြုပ်နေရသည်ဟုဆိုသည်။ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် စာရေးဆရာ Erin Meyer က အတင်းအကျပ်စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများလုံးဝမရှိစေခြင်းမျိုးမဟုတ်ဘဲ ဒေသယဉ်ကျေးမှုနှင့်ညှိနှိုင်းရမည်ဟုဆိုသည်။ ဝေဖန်ခြင်းများတွင် မည်သည့်အတွက် ဝေဖန်ကြသည်၊ မည်သည့်အကျိုးကျေးဇူးကိုရည်ရွယ်၍ ဝေဖန်သည်တို့ကို ဝန်ထမ်းများကို ထပ်ခါတလဲလဲရှင်းပြပြီး ဝန်ထမ်းများနှင့် ယုံကြည်မှု တည်ဆောက်ရမည်ဟုဆိုသည်။ ဝေဖန်သူကိုအပြစ်တင်ခြင်းမျိုးအစား နားထောင်ပေးခြင်း၊ လိုက်ပါညှိနှိုင်းပေးခြင်းမျိုးလုပ်သင့်သည်။

အထက်လူကြီးများက အရင်ဆုံးကိုယ့်အားနည်းချက်ကို ပြောပြခြင်းမျိုး၊ ကြုံခဲ့သည့်အမှားများကိုပြောပြခြင်းမျိုးလုပ်၍ အခြားသူများကိုလည်း ဝေဖန်ခြင်းအစားအကြံဉာဏ်တောင်းခံခြင်းပုံစံမျိုးဖြင့် ဝန်ထမ်းများကိုပြောရဲအောင်လေ့ကျင့်ပေးပြီးမှ လွတ်လပ်စွာတင်ပြတတ်စေရန် ဆောင်ရွက်ပေးခြင်းမျိုးလုပ်သင့်သည်။ ဝေဖန်သူအစား ကူညီသူသို့မဟုတ် အကြံပေးသူအဖြစ် သတ်မှတ်သင့်သည်။ ရင်ဆိုင်ပြောကြားရန်ခက်ခဲနေလျှင် အကြံပြုစာပုံးများထားပြီး အမည်မဖော်ပြဘဲ အကြံပေးခြင်းမျိုး၊ ဝေဖန်တင်ပြခြင်းမျိုးကို လက်ခံပြီးဆောင်ရွက်ပေးသင့်သည်။ ဥပမာအားဖြင့် လုပ်ထုံးလုပ်နည်းများတွင် လိုက်ပါဆောင်ရွက်ရခက်ခဲသည်များကိုအကြံပြုပါ စသည်ဖြင့် ဖိတ်ခေါ်တောင်းခံခြင်းမျိုးလုပ်ပေးသင့်သည်။ အုပ်စုလိုက်ပြုပြင်သင့်သောအချက်များ၊ အကြံဉာဏ်များကို စုပေါင်းတင်ပြခြင်းမျိုးဆောင်ရွက်ခိုင်းသင့်သည်။ အပြုသဘောဆောင်သည့်ပြန်လည်တင်ပြချက်များကို လက်ခံရန် အထက်လူကြီးများ၊ မန်နေဂျာများက စဉ်းစားထားရမည်ဖြစ်သည်။ လူတိုင်းမှားတတ်သည်၊ အမှန်ကိုတည့်ပေးနိုင်ရန်လိုအပ်သည်ဟု သိထားရန်လိုအပ်သည်။

ယခုတင်ပြသည့်အချက်များကို လုပ်ထုံးလုပ်နည်းများသည် အလုပ်လုပ်ရင်း တိုးလာတတ်သည်။ ကုမ္ပဏီကကြီးပြီး လုပ်ငန်းများလာသည်နှင့်အမျှ လုပ်ထုံးလုပ်နည်းများ များပြားခြင်း၊ အဆင့်ဆင့်တင်ပြအတည်ပြုချက်ယူရသည်များ များပြားခြင်းတို့ကြောင့် ကြန့်ကြာမှုများဖြစ်လာတတ်သဖြင့် မည်သည့်နေရာတွင် ကြန့်ကြာနေသည်ကို ရှာဖွေ၍ဖြေရှင်းပေးနိုင်ရန်လိုအပ်သည်။ အစည်းအဝေးများသည် လိုအပ်သည်။ အထူးသဖြင့် အများသဘောထားဖြင့် ဆုံးဖြတ်သည့်ကိစ္စများတွင် အများသဘောထားရရှိရေးအတွက် အစည်းအဝေးများ၊ ညှိနှိုင်းမှုများသည် မဖြစ်မနေလိုအပ်သည်။ သို့သော် လိုအပ်သည့်ပမာဏသာရှိသင့်သည်။ လုပ်ထုံးလုပ်နည်းများသည်လည်း တစ်ခါတစ်ရံတွင် မိမိလုပ်ငန်းတိုးတက်မှုအတွက် မိမိကိုယ်ကို ဟန့်တားထားသောအချက်များဖြစ်နေတတ်သည်။ ထို့ကြောင့် လုပ်ငန်းတိုးတက်ရေးလုပ်ထုံးလုပ်နည်းများနည်းပါးလျှော့ချနိုင်ရန်အတွက် တင်ပြလိုက်ပါသည်။

**ကိုးကား**

- **Erin Meyer and Reed Hastings ၏ "No Rules Rules" စာအုပ်**

## နိုင်ငံတကာ သတင်းများ

# အီရန်ပြဿနာအတွက် ရုရှားသမ္မတပူတင် ကြားဝင်ညှိနှိုင်းနေ



**မော်စကို ဇန်နဝါရီ ၁၇**

တင်းမာမှုများကို လျင်မြန်စွာ လျှော့ချနိုင်ရေးအတွက် အီရန်ပြဿနာတွင် ရုရှားသမ္မတပူတင်က ကြားဝင်ညှိနှိုင်းနေကြောင်း ရုရှားအစိုးရက ဇန်နဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကရင်မလင်နန်းတော်၏ သတင်းထုတ်ပြန်ချက်အရ ရုရှားသမ္မတပူတင်သည် ဇန်နဝါရီ ၁၆ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၊ အီရန်သမ္မတ ပီဇက်ကီအန်တို့နှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်သည့် ရုရှားနိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအား စစ်ရေးအရ ခြိမ်းခြောက်ထားမှုကို ကန့်ကွက်ထားသည်။

အစ္စရေးနှင့် အီရန်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်အတွင်း ၁၂ ရက်ကြာ ပဋိပက္ခဖြစ်ပွားခဲ့ရာ ထိုစဉ်ကလည်း အမေရိကန်နိုင်ငံသည် အီရန် နျူကလီးယားအဆောက်အအုံများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်၊ အီရန်သမ္မတတို့နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ရုရှားသမ္မတပူတင်က အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်မှုရှိစေရေးအတွက် ၎င်း၏ သဘောထားအမြင်များကို ထည့်သွင်းရှင်းလင်းခဲ့ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း အီရန်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ခဲ့ရာ သမ္မတပူတင်နှင့် အီရန်သမ္မတ ပီဇက်ကီအန်တို့သည် ၂၀၂၅ ခုနှစ်အတွင်း နှစ် ၂၀ သက်တမ်းရှိ မဟာဗျူဟာမြောက် မိတ်ဖက်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ၂၀၂၅ ခုနှစ်အတွင်း ရုရှားလက်နက်ကိုင်တပ်များ၌ အမှုထမ်းရန် စာရင်းသွင်းခဲ့သူ ၄၂၂၇၀၄ ဦးရှိ

**မော်စကို ဇန်နဝါရီ ၁၇**

ပြီးခဲ့သည့်နှစ်အတွင်း ရုရှားလက်နက်ကိုင်တပ်များ၌ ပါဝင်အမှုထမ်းရန် သဘောတူညီချက်လက်မှတ်ရေးထိုးသူ ၄၂၂၇၀၄ ဦးရှိခဲ့ကြောင်း ရုရှား အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်ဗ်က ဇန်နဝါရီ ၁၆ ရက်တွင်သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ရုရှားလက်နက်ကိုင်တပ်များ၌ ပါဝင်အမှုထမ်းရန် သဘောတူညီချက် လက်မှတ်ထိုးခဲ့သူဦးရေမှာ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၄ ခုနှစ်တွင် ရုရှားလက်နက်ကိုင်တပ်များ၌ အမှုထမ်းရန် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သူ ဦးရေ ၄၅၀၀၀၀ ခန့်ထိရှိခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ခေါ်ယူစုဆောင်းခဲ့သည့် တပ်ဖွဲ့ဝင်အသစ်များထဲတွင် မောင်းသူမဲ့ဒရုန်းယာဉ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်ဦးရေ ပုံမှန်ထက် များပြားခဲ့ကြောင်း ရုရှားသမ္မတပူတင်က ၂၀၂၅ ခုနှစ် နှစ်ကုန်မိန့်ခွန်း၌ ထည့်သွင်းပြောကြားထားသည်။

ရုရှား အမျိုးသားလုံခြုံရေးကောင်စီဒုတိယဥက္ကဋ္ဌ မက်ဗီဒက်ဗ်၏အဆိုအရ ၂၀၂၅ ခုနှစ်တွင် ရုရှားစေတနာ့ဝန်ထမ်းတပ်များ၌ ပါဝင်လာသူ ဦးရေမှာလည်း ၃၂၀၀၀ ထိရှိကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းနှင့် ပဋိပက္ခစတင်ခဲ့ပြီး နောက်ပိုင်း စစ်သည်သစ် ဆင့်ခေါ်စုဆောင်းမှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အီဂျစ်နှင့် အီသီယိုးပီးယားတို့အကြား နိုင်းမြစ်အငြင်းပွားမှုကို ကြားဝင်ပေးရန် အမေရိကန်သမ္မတ ကမ်းလှမ်း

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

နိုင်းမြစ်ရေ ခွဲဝေသုံးစွဲမှုနှင့်ပတ်သက်၍ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့ အကြား အငြင်းပွားမှုများကို ကြားဝင်ဖြေရှင်းပေးရန် အသင့်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၁၆ ရက်တွင် ကမ်းလှမ်းခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အီဂျစ်သမ္မတ အယ်လ်စီစီထံ ပေးပို့ခဲ့သောပေးစာ၌ သမ္မတဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း ကမ်းလှမ်းထားခြင်းဖြစ်သည်။

အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့အကြား ဖြစ်ပွားနေသော နိုင်းမြစ်ရေ ခွဲဝေသုံးစွဲမှုဆိုင်ရာ အငြင်းပွားမှုများကို တာဝန်ယူဖြေရှင်းနိုင်ရေးအတွက် ကြားဝင်ညှိနှိုင်းပေးရန် မိမိအသင့်ရှိကြောင်း အဆိုပါပေးစာ၌ သမ္မတဒေါ်နယ်ထရမ့်က ရေးသားထားသည်။

အီသီယိုးပီးယား နိုင်ငံသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်းမြစ်၏ မြစ်လက်တက်ပေါ်၌ ဂရန်းအီသီယိုးပီးယား ရီနေဆန်းအမည်ရှိ ဆည်ကို ဖွင့်လှစ်ခဲ့ရာ မြစ်အောက်ပိုင်းရှိ အီဂျစ်နိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။

အီသီယိုးပီးယား နိုင်ငံသည် အဆိုပါဆည်ကို ဘလူးနိုင်းအမည်ရှိ နိုင်းမြစ်၏ မြစ်လက်တက်ပေါ်၌ အမေရိကန်ဒေါ်လာ ငါးဘီလီယံ အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါဆည်ကို တည်ဆောက်မှုသည် နိုင်ငံတကာ သဘောတူညီချက်များကို ချိုးဖောက်ရာရောက်သည်ဟု အီဂျစ်နိုင်ငံက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရုတ်လျှပ်စစ်ကားများအပေါ် အခွန်စည်းကြပ်မှုနှုန်း လျှော့ချမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ကြေညာ

**ပေကျင်း ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံထုတ် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်း စည်းကြပ်ထားမှုကို လျှော့ချပေးရန် ကနေဒါနိုင်ငံက သဘောတူခဲ့သည်ဟု ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက ဇန်နဝါရီ ၁၆ ရက်တွင် ကြေညာထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လေးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တရုတ် လျှပ်စစ်ကားများအပေါ် ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားမှုကို လျှော့ချပေးရန် ကနေဒါဝန်ကြီးချုပ်က သဘောတူခဲ့ခြင်းဖြစ်သည်။

ကနဦးအစီအစဉ်အရ တရုတ်နိုင်ငံအနေဖြင့် လျှပ်စစ်ကားများကို နှစ်စဉ် အစီး ၄၉၀၀၀ ထိ အခွန်နှုန်း ၆ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ကနေဒါသို့ တင်သွင်းနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် နှစ်စဉ် အစီး ၇၀၀၀၀ ထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ်က ပြောကြားထားသည်။



အပြန်အလှန်အနေဖြင့် တရုတ်နိုင်ငံက ကနေဒါနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များအပေါ် သတ်မှတ်ထားသည့် အခွန်စည်းကြပ်မှုနှုန်းကို လျှော့ချပေးထားကြောင်း ကနေဒါဝန်ကြီးချုပ်၏ အဆိုအရ သိရသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးနှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် ဇန်နဝါရီ ၁၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်အတန်ကြာတင်းမာခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန် ကတိကဝတ်ပြုခဲ့ကြသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် ရှစ်နှစ်တာကာလအတွင်း တရုတ်နိုင်ငံသို့ လာရောက်သည့် ပထမဆုံး ကနေဒါခေါင်းဆောင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ ပါဝင်သူအချို့၏ အမည်များကို အမေရိကန်အစိုးရ ကြေညာ

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

ဂါဇာကမ်းမြောင်ဒေသ စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ယာယီကြီးကြပ်ရမည့် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင်ပါဝင်သည့် အဖွဲ့ဝင်အချို့ကို အိမ်ဖြူတော်က ဇန်နဝါရီ ၁၆ရက်တွင်ကြေညာထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိမ်ဖြူတော်၏ ကြေညာချက်အရ ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့ဝင်များထဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို၊ သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲ၊ သမ္မတဒေါ်နယ်ထရမ့်၏သမက် ဂျရက်ကုရှ်နာတို့လည်းပါဝင်သည်။

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်မည်ဖြစ်သည်။

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ် ဒုတိယအဆင့် လုပ်ငန်းစဉ်အရ ဖွဲ့စည်းထားသည့် အသွင်ပြောင်းကာလ ဂါဇာအုပ်ချုပ်ရေးဘုတ်အဖွဲ့ဖြစ်သည်။


ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့ အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများကို အိမ်ဖြူတော်က ထုတ်ဖော်ပြောကြားခြင်း မရှိသကဲ့သို့ ပါလက်စတိုင်းလူမျိုးများကိုလည်း ဘုတ်အဖွဲ့၌ ထည့်သွင်းထားခြင်းမရှိကြောင်း သိရသည်။

ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့တွင် ပါဝင်သူများစာရင်းကို လာမည့် ရက်သတ္တပတ်များအတွင်း ဆက်လက် ကြေညာမည်ဟု အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် ရှာဖွေတွေ့ရှိထားသော ထူးဆန်းသည့်အနီရောင်အကွက်အပြောက်များက အာကာသတွင်းနက်များဖြစ်နိုင်



**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် ရှာဖွေတွေ့ရှိထားသော ထူးဆန်းသည့်အနီရောင် အကွက်အပြောက်များသည် အာကာသတွင်းနက်များ ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၁၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ထူးဆန်းသည့် အဆိုပါ အနီရောင် အကွက်အပြောက်များကို သိပ္ပံပညာရှင်များက ဟက်ဘယ် အာကာသ ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းအနီရောင်အကွက်အပြောက်များသည် ထူးထူးခြားခြား ကြယ်အရေအတွက် များပြားသော ကြယ်စုကြီးများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ အနီရောင်အကွက်အပြောက်များမှာ အာကာသတွင်းနက်များ၏ပုံမှန်လက္ခဏာများ ပျောက်ကွယ်နေသည့် မဟာအာကာသ တွင်းနက်များဖြစ်နိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဆိုပါ အနီရောင်အလင်း အကွက်အပြောက်များမှာ ဒြပ်ထုအားဖြင့် နေအစင်းပေါင်း ၁၀၀၀၀၀ မှသည် နေအစင်းပေါင်း ၁၀ သန်းတို့၏ ဒြပ်ထုများပိုင်ဆိုင်ထားသည့် အာကာသတွင်းနက်များဖြစ်နိုင်ကြောင်းသိရသည်။

Ref : Sputnik News

Trs : KKO

# H E A L T H

## ကိုဗစ်-၁၉ဖြစ်ပြီးနောက် ခေါင်းကိုက်မှုအနံ့ခံအာရုံ၊ အရသာအာရုံပျောက်ဆုံးမှု ခံစားရသူများ Dementia ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၁၇**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက် ခေါင်းနောက်ကျိနေတတ်မှု၊ ခေါင်းကိုက်မှု၊ အနံ့ခံအာရုံနှင့် အရသာအာရုံ ပျောက်ဆုံးမှုများကို ရေရှည်ဆက်၍ ခံစားနေရသူများ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့ပြီးနောက် ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားနေကြရသူ ၂၂၅ ဦးတို့၏ သွေးနမူနာများကို ရယူလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ သွေးနမူနာများထဲတွင် Tacs ခေါ် ပရိုတင်းတစ်မျိုးပါဝင်မှု အဆင့်မြင့်မားနေသည်ကို တွေ့ရကြောင်း သိရသည်။

Tacs ပရိုတင်းများသည် အယ်ဇိုင်းမားရောဂါနှင့်အခြား Dementia ရောဂါပုံစံများနှင့် ဆက်စပ်နေသည့် ပရိုတင်းများဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ အထက်ပါလေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ဆက်လက်ခံစားရမှုများသည် Dementia ရောဂါများဖြစ်ပွားနိုင်ခြေများလာနိုင်မှုနှင့် ဆက်စပ်နေနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO


## ဆေးဘက်ဆိုင်ရာ အရေးပေါ်ရွှေ့ပြောင်းခေါ်ထုတ်မှုမစ်ရှင်တွင် Crew-11 အာကာသယာဉ်မှူးလေးဦး ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

နိုင်ငံတကာ အာကာသယာဉ် သမိုင်းတစ်လျှောက် ပထမဆုံး အကြိမ်ပြုလုပ်ခဲ့သည့် ဆေးဘက်ဆိုင်ရာ အရေးပေါ်ရွှေ့ပြောင်းခေါ်ထုတ်မှုမစ်ရှင်တွင် Crew-11 အာကာသယာဉ်မှူး လေးဦးတို့သည် ကမ္ဘာမြေပေါ်သို့အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

Crew-11 အာကာသယာဉ်မှူး လေးဦးလိုက်ပါလာသည့် စပေ့စ်အိတ်ကုမ္ပဏီ၏ Crew Dragron အာကာသ လူသယ်ယာဉ်သည် ဇန်နဝါရီ ၁၅ ရက်တွင် ဇန်ဒီယေဂိုမြို့ ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ လေထီးများအကူအညီဖြင့်အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

Crew Dragron အာကာသ လူသယ်ယာဉ်သည် ဇန်နဝါရီ ၁၄ ရက်တွင် နိုင်ငံတကာအာကာသ စခန်းမှ ခွာထွက်ခဲ့ပြီးနောက် ၁၀ ဒသမ ၅ နာရီခန့်အကြာတွင် ကမ္ဘာမြေပေါ်သို့ ပြန်လည် ဆင်းသက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



အဆိုပါ အာကာသလူသယ်ယာဉ်နှင့်အတူ Crew-11 အာကာသယာဉ်မှူးများ ဖြစ်ကြသော အမေရိကန် အာကာသယာဉ်မှူး မိုက်မင့်ဂ်ကီနှင့်ဇီနာကာဒီမင်း၊ရုရှား အာကာသယာဉ်မှူး အိုလက်ပလာတိုနေ့ခ်နှင့် ဂျပန်အာကာသယာဉ်မှူးကီမီယာယူအီတို့ ပြန်လည်လိုက်ပါလာခဲ့သည်။

Crew-11 အာကာသယာဉ်မှူးများသည် အဖွဲ့ဝင်အာကာသယာဉ်မှူးတစ်ဦး၏ ကျန်းမာရေးပြဿနာကြောင့်မစ်ရှင်သက်တမ်းမပြည့်မီ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## လူသိနည်းသော ဦးနှောက်အစိတ်အပိုင်းတစ်ခုက သွေးဖိအား ပုံမှန်ထက်မြင့်တက်လာမှုပြဿနာ၏ အဓိကအကြောင်းတရား တစ်ရပ်ဖြစ်နေနိုင်

**နယူးယောက် ဇန်နဝါရီ ၁၇**

လူသိနည်းသော ဦးနှောက်အစိတ်အပိုင်းတစ်ခုသည် သွေးဖိအားပုံမှန်ထက် မြင့်တက်လာမှုပြဿနာ၏ အဓိကအကြောင်းတရားတစ်ရပ် ဖြစ်နေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၁၆ ရက် သတင်းများတွင်ဖော်ပြထားသည်။

Lateral Parafacial ဟုခေါ်သော အဆိုပါ ဦးနှောက်အစိတ်အပိုင်းသည် အစာချေဖျက်မှု၊ အသက်ရှူမှုနှင့် နှလုံးခုန်နှုန်းတို့ကို ထိန်းချုပ်ပေးသော အာရုံနှာဆဲလ်များ တည်ရှိရာနေရာဖြစ်သည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၎င်းဦးနှောက် အစိတ်အပိုင်းသည် သွေးကြောများကို ကျဉ်းမြောင်းသွားစေတတ်သည့် အာရုံနာ့ဆဲလ်များကိုလည်း လှုပ်နိုးပေးတတ်သဖြင့် သွေးဖိအားမြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Lateral Parafacial ဦးနှောက်နယ်မြေ လှုပ်ရှားနေချိန်တွင် သွေးဖိအားပုံမှန်ထက် မြင့်တက်လာတတ်ပြီး ငြိမ်သက်နေချိန်တွင် သွေးဖိအားပြန်လည်ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၉ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၉ စင်းကို ဇန်နဝါရီ ၁၆ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် ဂြိုဟ်တုသစ် ၂၉ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလောရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ပင်မကိုယ်ထည်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်။

အဆိုပါ စတားလင့်ခ် ဂြိုဟ်တုမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီ၏ ယခုနှစ်အတွက် ပဉ္စမမြောက် အာကာသမစ်ရှင်ဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်သည် လက်ရှိတွင် ဂြိုဟ်တုစင်းရေ ၉၅၀၀ နီးပါးဖြင့် အင်တာနက်ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# နိုင်ငံတကာ အားကစားသတင်းများ

## အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း အုပ်စု(B)တွင် ကျရောက်

**ရန်ကုန် ဇန်နဝါရီ ၁၇**

အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာ့လက်ရွေးစင် အသင်းသည် အုပ်စု(B)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲကို ဗီယက်နမ်အသင်း၊ စင်ကာပူအသင်း၊ အင်ဒိုနီးရှားအသင်း၊ ကမ္ဘောဒီးယားအသင်း၊ ထိုင်းအသင်း၊ မလေးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ မြန်မာအသင်း၊ လာအိုအသင်းတို့က အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရခဲ့ပြီး တီမောလက်စ်တေအသင်းနှင့် ဘရူနိုင်းအသင်းတို့မှာ ရှုံးထွက်အဆင့် ကစားပြီးအနိုင်ရမည့်အသင်းက ဝင်ခွင့်ရရှိမည်ဖြစ်သည်။

အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် အုပ်စု(A)၌ ဗီယက်နမ်အသင်း၊ စင်ကာပူအသင်း၊ အင်ဒိုနီးရှားအသင်း၊ ကမ္ဘောဒီးယားအသင်း၊ ဘရူနိုင်းအသင်းနှင့် တီမောလက်စ်တေအသင်းတို့မှ အနိုင်ရမည့်အသင်းတို့ ကျရောက်ခဲ့ကြသည်။

အလားတူ အုပ်စု(B)တွင် ထိုင်းအသင်း၊ မလေးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ မြန်မာအသင်း၊ လာအိုအသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

အာဆီယံချန်ပီယံရှစ် ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နှစ်ပွဲ လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင်၂၅ ရက်တွင်မလေးရှားအသင်း၊ ဇူလိုင် ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၄ ရက်တွင် လာအိုအသင်း၊ ဩဂုတ် ၈ ရက်တွင် ထိုင်းအသင်းတို့နှင့် အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

## ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ အလံတင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ အလံတင်အခမ်းအနားကို ယနေ့တွင် ထိုင်းနိုင်ငံ နခွန်ရာချာစီမာမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး တက်ရောက်ခဲ့ကြောင်း သိရသည်။




အဆိုပါ အလံတင်အခမ်းအနားသို့ ပြိုင်ပွဲဝင်နိုင်ငံ ၁၀ နိုင်ငံတို့မှ ဧည့်သည်တော်များ၊ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတွင် ဘင်ခရာတီးဝိုင်းနှင့်အတူ နိုင်ငံ ၁၀ နိုင်ငံတို့မှ အားကစားသမားများကို ကြိုဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး APSF Logo အလံ၊ Para Games Logo အလံ၊ ဘရူနိုင်းဒါရုစလမ်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အိမ်ရှင်ထိုင်းနိုင်ငံစသည့် ပြိုင်ပွဲဝင်နိုင်ငံ ၁၀ နိုင်ငံတို့၏ အလံများကို ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက ကိုင်ဆောင်၍ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်ကာ သံပြိုင်သီဆိုကြပြီး အလံကိုင်အဖွဲ့မှ အလံလွှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်နိုင်ငံ ၁၀ နိုင်ငံတို့မှ အားကစားအဖွဲ့ ခေါင်းဆောင်ကိုယ်စားလှယ်များက အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နခွန်ရာချာစီမာမြို့တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရေကူး၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ ဘိုးလင်း၊ စစ်တုရင်၊ ဘောလုံး၊ ဂိုလ်းဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ အလေးမစသည့် အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ STA

## Adelaide International တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို အန်ဒရီဗာက ဆွတ်ခူး

**ဆစ်ဒနီ ဇန်နဝါရီ ၁၇**

ဩစတြေးလျနိုင်ငံ တောင်ဩစတြေးလျပြည်နယ်တွင် ကျင်းပခဲ့သည့် Adelaide International တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရုရှားတင်းနစ်မယ် အန်ဒရီဗာနှင့် ကနေဒါတင်းနစ်မယ် အမ်ဘိုကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အန်ဒရီဗာက (၆-၃၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမပွဲငယ်တွင် အမ်ဘိုကိုက (၃-၀)ရလဒ်ဖြင့် စတင်ဦးဆောင်ခဲ့သော်လည်း အန်ဒရီဗာက နောက်မှလိုက်ကစားခဲ့ကာ ပြတ်သားသည့် ရလဒ်ဖြင့်အနိုင်ရပြီး ဒုတိယပွဲငယ်တွင်လည်း အန်ဒရီဗာကပင် စွမ်းဆောင်ရည် ကောင်းများဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

အမ်ဘိုကိုသည် ခက်ခဲသည့် ပြိုင်ဘက် တစ်ယောက်ဖြစ်သဖြင့် ဗိုလ်လုပွဲစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် Game Plan ကို သေချာပြင်ဆင်ခဲ့ကြောင်း အန်ဒရီဗာက ပြောကြားခဲ့သည်။

အန်ဒရီဗာက “ဒီပွဲစဉ်အတွက် ကျွန်မအများကြီး ပြင်ဆင်ခဲ့ပါတယ်။ Game Plan လဲ သေချာပြင်ဆင်ခဲ့တယ်။ ခက်ခဲတဲ့ပွဲစဉ်ဖြစ်တဲ့အတွက် အမှားခံလို့မရဘူးဆိုတာ သိထားလို့ ပွဲအပေါ်မှာ သေချာအာရုံစိုက်ခဲ့ပါတယ်။ ပထမပွဲငယ်မှာဆိုရင် အမှားတချို့ ရှိခဲ့တဲ့အတွက်ကြောင့် နောက်ကနေ လိုက်ကစားခဲ့ရတယ်။ အဆုံးသတ်မှာ ဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL



## Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် နစ်ခ်တေလာအပါအဝင် ပြိုင်ပွဲဝင်ငါးဦး အမှတ်ပေးဇယားကို ဦးဆောင်

**ဟာဝိုင်ယီ ဇန်နဝါရီ ၁၇**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်တွင် ကျင်းပနေသည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် လက်ရှိချန်ပီယံဖြစ်သူ ကနေဒါဂေါက်သီးရိုက်ကစားသမား နစ်ခ်တေလာအပါအဝင် ပြိုင်ပွဲဝင် ငါးဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နစ်ခ်တေလာနှင့်အတူ ပထမနေ့တွင် ရလဒ်ကောင်းခဲ့သည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ကီဗင်ရွိုင်းသည် ဒုတိယနေ့တွင် ရလဒ် ကျဆင်းခဲ့သော်လည်း ပထမနေ့မှ ရလဒ်များကြောင့် အမှတ်ပေးဇယားကို ဦးဆောင်သူများစာရင်းတွင် ဆက်လက်ပါဝင်နေဆဲဖြစ်သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားရီလေ၊ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်ဆောင်ဟွန်း၊ ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမား ဒူမွန့်တို့ကဒုတိယနေ့တွင် ရလဒ်ကောင်းများဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် နစ်ခ်တေလာနှင့် ကီဗင်ရွိုင်းတို့ကို အမီလိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

နစ်ခ်တေလာက “ဒုတိယနေ့ စွမ်းဆောင်ရည်ဟာ ထူးခြားမှုရှိပါတယ်။ ဒုတိယနေ့က စွမ်းဆောင်ရည်မျိုးဟာ နောက်ထပ် ပိုကောင်းတဲ့စွမ်းဆောင်ရည်တွေ ထွက်ပေါ်လာနိုင်တယ်ဆိုတဲ့ လက္ခဏာမျိုးလဲ ဖြစ်ပါတယ်။ ဒီလိုစွမ်းဆောင်နိုင်ဖို့ကလဲ ဖန်တီးနိုင်စွမ်းရှိနေဖို့ လိုအပ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ကီဗင်ရွိုင်းက “ဒီကွင်းရဲ့ ထုံးစံအတိုင်း လေတိုက်နှုန်း မြင့်မားတဲ့အတွက် အယူအဆလေးလွဲသွားတာနဲ့ ရလဒ်တွေထိုးကျသွားနိုင်တဲ့ အခြေအနေမျိုးပါ။ ဒုတိယနေ့မှာ လေတိုက်နှုန်း မြင့်မားတာရယ် အမှားတွေကြောင့် ရလဒ်ကျဆင်းခဲ့ရတာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

## မန်စီးတီးအသင်းက ထိပ်တန်းအသင်းကြီးများ ပစ်မှတ်ထားနေသည့် ပဲလေ့စ်အသင်းက ဂူဟီကို စတာလင်ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူ

**မန်ချက်စတာ ဇန်နဝါရီ ၁၇**

မန်စီးတီးအသင်းက ဥရောပ ထိပ်တန်း ကလပ်အသင်းကြီးများ ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ပဲလေ့စ်အသင်း ခံစစ်ကစားသမား ဂူဟီကို ပြောင်းရွှေ့ကြေးစတာလင်ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




အသက် ၂၅ နှစ်ရှိ ဂူဟီသည် ချဲလ်ဆီးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦး ဖြစ်သော်လည်း ချဲလ်ဆီးအသင်းတွင် ကစားခွင့်မရသည့်အတွက် ၂၀၂၁ ခုနှစ်က ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဂူဟီသည် ပဲလေ့စ်အသင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသခဲ့ပြီးနောက် ၎င်းကို ပရီးမီးယားလိဂ် ထိပ်တန်း ကလပ်အသင်းကြီးများဖြစ်သည့် မန်ယူအသင်း၊ လီဗာပူးအသင်းတို့အပြင် စပိန်လာလီဂါမှ ဘာစီလိုနာအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းနှင့် ဂူဟီတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ပဲလေ့စ်အသင်းက သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန်ကမ်းလှမ်းခဲ့သော်လည်း ဂူဟီကိုယ်တိုင်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သည့်အတွက် ပဲလေ့စ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် လက်ရှိ အပြောင်းအရွှေ့ကာလတွင်ပင် နည်းပါးသည့်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ပေါင်း ၃၀၀ ကျော်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့



**ကင်ဘာရာ ဇန်နဝါရီ ၁၇**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနေအိမ်ပေါင်း ၃၀၀ ကျော်နှင့်အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဗစ်တိုးရီးယားပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် လူနေအိမ်ခြေများအပြင် အခြားသော အခြေခံအဆောက်အအုံ များကိုလည်း ကူးစက် လောင်ကျွမ်းခဲ့ကြောင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် တောမီးလောင်ကျွမ်းမှု အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း၊ တောမီး အဓိက လောင်ကျွမ်းသည့် နေရာများမှာ ဂစ်စလန်းဒေသ၊ မယ်လာကိုတာဒေသ၊ လောင်းဝုဒ်ဒေသနှင့် ဝယ်လ်ဝါဒေသတို့ ဖြစ်ကြောင်း သိရသည်။

"ဗစ်တိုးရီးယားပြည်နယ်အတွင်း တောမီးလောင်ကျွမ်းနေတဲ့ နေရာပေါင်း ၁၀ နေရာထိ ရှိနေပါတယ်။ တောမီးလောင်ကျွမ်းမှုတချို့ကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပေမဲ့ နေရာတချို့မှာတော့ စောင့်ကြည့်ရမဲ့အဆင့် သတ်မှတ်ထားဆဲဖြစ်ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေ ၃၀၀ ကျော်ပျက်စီးခဲ့ပြီး အခြေခံ အဆောက်အအုံ ၁၀၀၀ ကျော် လောင်ကျွမ်းပျက်စီးခဲ့ပါတယ်"ဟု ဗစ်တိုးရီးယားပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တူကီယဲနိုင်ငံအလယ်ပိုင်း ကွန်ညာပြည်နယ်တွင် မိုးခေါင်ရေရှားမှုနှင့် မြေအောက်ရေအလွန်အကျွံသုံးစွဲမှုကြောင့် မြေကျွံတွင်းများ များပြားလာ

**အင်ကာရာ ဇန်နဝါရီ ၁၇**

တူကီယဲနိုင်ငံ အလယ်ပိုင်း ကွန်ညာပြည်နယ်တွင် မိုးခေါင်ရေရှားမှုနှင့် မြေအောက်ရေအလွန်အကျွံသုံးစွဲမှုကြောင့် မြေကျွံတွင်းများ များပြားလာကြောင်းသဘာဝဘေးအန္တရာယ် နှင့် အရေးပေါ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (AFAD) ၏ ယနေ့ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

တူကီယဲနိုင်ငံ ကွန်ညာပြည်နယ်တစ်ဝန်းတွင် မြေကျွံတွင်းစုစုပေါင်း ၆၅၅ ခုရှိကြောင်း၊ အဆိုပါ မြေကျွံတွင်း အများစုမှာ ပြောင်း၊ ဂျုံနှင့် သကြားမုန်လာ စိုက်ခင်းတို့ကဲ့သို့ လယ်ယာမြေများအတွင်း ပေါ်ပေါက်လာကာ တချို့မှာ မြို့လယ်ခေါင်မှ ၃၀ ကီလိုမီတာ အကွာအဝေးအတွင်းတွင် ဖြစ်ပေါ်နေကြောင်း၊ မြေကျွံတွင်းများသည် အချင်းဝက် ခြောက်မီတာမှ ၃၀ မီတာထိရှိကာ အနက်မှာ ၁၅ မီတာခန့်ထိ ရှိကြောင်း၊ ၎င်းမြေကျွံတွင်းများကြောင့် ပတ်ဝန်းကျင်နှင့် စိုက်ပျိုးရေးကဏ္ဍအတွက် အန္တရာယ်များ ပိုမိုမြင့်တက်လာကြောင်း၊ ယခုအခြေအနေသည် သဘာဝဘေးအန္တရာယ်အဆင့်သို့ နီးကပ်လာနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးအင်ဂျင်နီယာများအသင်း ကွန်ညာဌာနခွဲမှ အကြီးအကဲ Burak Kirk-goz က ပြောကြားခဲ့သည်။



ထိုကြောင့် အန္တရာယ်ရှိသောဇုန်များကို သတ်မှတ်ဖော်ထုတ်၍ ဝင်ရောက်ခွင့်ကန့်သတ်ခြင်း၊ လူနေအဆောက်အအုံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခြင်း၊ လမ်းကြောင်းများ ပြန်လည်ပြင်ဆင်ခြင်းနှင့် လယ်ယာမြေများကို ခြံစည်းရိုးခတ်ခြင်းတို့အပြင် မြေကျွံတွင်း ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်ဇုန်များကို စတင်သတ်မှတ်နေပြီဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများကို အမေရိကန် ဖက်ဒရယ်တရားရုံးချုပ်က ပြန်လည်ဆောင်ရွက်ခွင့်ပြု

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန် စွမ်းအင်ကုမ္ပဏီဖြစ်သော Dominion Energy ကုမ္ပဏီက ဗာဂျီးနီးယားပြည်နယ်တွင် ကမ်းလွန်လေအား လျှပ်စစ်ထုတ်လုပ်မှုကဏ္ဍကို ပြန်လည်ဆောင်ရွက်ခွင့် ပြုရေးအတွက် တရားဥပဒေ လမ်းကြောင်းမှ ဆောင်ရွက်လာခဲ့ပြီးနောက် ဖက်ဒရယ်တရားရုံးချုပ်က ပြန်လည်ဆောင်ရွက် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကမ်းလွန်လေအားလျှပ်စစ် ထုတ်လုပ်မှုကို ဆောင်ရွက်နေခြင်းဖြစ်ပြီး အိမ်ဖြူတော်အစိုးရက ယာယီရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ပြန်လည် ဆောင်ရွက်ခွင့်ရရှိရေးအတွက်တရားရုံးသို့ လျှောက်ထားခဲ့ခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ကိုက်ညီမှုရှိသည့်အတွက် တရားရုံးချုပ်ကလည်း ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ လေအားလျှပ်စစ် ထုတ်လုပ်ရေးကဏ္ဍကို ပြန်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့အတွက် လျှောက်ထားမှုကို ဖက်ဒရယ်တရားရုံးချုပ်က ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းကို အမြန်ဆုံး ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့အတွက် အာရုံစိုက်နေပါတယ်။ ဒီစီမံကိန်းဟာ စိန်ခေါ်မှုတွေရှိနေပေမဲ့ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုလျှော့ချရေးအတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု Dominion Energy ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# တရုတ်နိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများတွင် အအေးလှိုင်းကျရောက်နေသဖြင့် သဘာဝဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်

**ပေကျင်း ဇန်နဝါရီ ၁၇**

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အအေးလှိုင်း ကျရောက်နေသဖြင့် သဘာဝဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ယနေ့မှစ၍ အအေးလှိုင်း ဝင်ရောက်ဖြတ်သန်းပြီး အအေးလှိုင်းဖြစ်ပေါ်မှုသည် ဇန်နဝါရီ ၂၁ ရက်ထိကြာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ အအေးလှိုင်းကြောင့် မိုးရွာသွန်းမှုများ၊ နှင်းထုထပ်စွာ ကျရောက်မှုများနှင့် အအေးဒဏ်ပြင်းထန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တရုတ်နိုင်ငံအမျိုးသား မိုးလေဝသဌာနက သတိပေးထားသည်။

မိုးလေဝသ ခန့်မှန်းချက်များအရ အဆိုပါအအေးလှိုင်း၏ သက်ရောက်မှုကြောင့် ဒေသတချို့တွင် အပူချိန်သည် ရေခဲမှတ် အနုတ်ဒီဂရီထိကျဆင်းနိုင်ပြီး နေ့ည အပူချိန်ကွာဟမှုများလည်း ပြင်းထန်လာနိုင်ကြောင်း၊ နှင်းထုထပ်စွာ ကျရောက်နိုင်သည့် ဒေသများမှာ ရှန်ရှီး၊ ဟီနန်၊ ရှန်ဒေါင်း၊ ဟူဘေး၊ ဟူနန်နှင့် အန်ဟွေးပြည်နယ်တို့ဖြစ်ပြီး အဆိုပါဒေသများတွင် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသ ပညာရှင်များက သတိပေးထားသည်။

ထို့ပြင် ဟီနန်၊ ဟူဘေး၊ ဟူနန်၊ ကွေ့ကျိုးနှင့် ချုံကင်းဒေသများတွင် ရေခဲကာ မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာနိုင်ပြီး လျှပ်စစ်လိုင်းများပြတ်တောက်ခြင်း၊ လမ်းများတွင် ရေခဲများကြောင့်ယာဉ်မတော်တဆမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်အာဏာပိုင်များအနေဖြင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ပံ့ပိုးမှုများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ဒေသခံပြည်သူများကိုလည်း နောက်ဆုံးရ မိုးလေဝသ သတင်းများကို စောင့်ကြည့်ရန်၊ အအေးဒဏ်၊ မိုးရွာသွန်းမှု၊ နှင်းကျမှုနှင့်ရေခဲမှုအခြေအနေများကြောင့် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် မိုးလေဝသစီမံခန့်ခွဲရေးဌာနမှ မိုးလေဝသပညာရှင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# လစ်သူရေးနီးယားနိုင်ငံတွင် အအေးဒဏ်ပြင်းထန်မှုကြောင့် အနွေးဓာတ်ရရှိစေရန် သဘာဝဓာတ်ငွေ့ အများအပြား သုံးစွဲနေရ

**ဗေးလ်နီးယပ်စ် ဇန်နဝါရီ ၁၇**

လစ်သူရေးနီးယားနိုင်ငံတွင် အပူချိန်များ ဆက်တိုက်ကျဆင်းလာပြီး အအေးဒဏ်ပြင်းထန်မှုကြောင့် အနွေးဓာတ်ရရှိစေရန် သဘာဝဓာတ်ငွေ့ အများအပြား သုံးစွဲနေရကြောင်း ယနေ့သတင်းများအရ သိရသည်။

Baltic News Service (BNS) ၏ဖော်ပြချက်အရ ပြည်သူများသည် အအေးဒဏ်ပြင်းထန်မှုကြောင့် အနွေးဓာတ်ရရှိစေရန် နေ့စဉ်သဘာဝဓာတ်ငွေ့ လိုအပ်ချက်သည် ၁၀၅ မှ ၁၁၈ GWh ထိရှိလာကြောင်း၊ အဆိုပါပမာဏသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်နောက်ပိုင်း နေ့စဉ်အများဆုံးသုံးစွဲမှုဖြစ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ သဘာဝဓာတ်ငွေ့ သုံးစွဲမှု မြင့်တက်လာခြင်းမှာ အေးလွန်သော ရာသီဥတုတွင် အိမ်ခန်း၊ ရုံးနှင့် အများသုံးနေရာ အဆောက်အအုံများ အနွေးဓာတ်ရရှိစေရန် အပူပေးစက်များကို အသုံးပြုလာခြင်းကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားလာခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အအေးဒဏ်ပြင်းထန်မှု ဆက်လက်ဖြစ်ပေါ်နေပါက လာမည့် နေ့ရက်များတွင်လည်း လစ်သူရေးနီးယား၏ သဘာဝဓာတ်ငွေ့သုံးစွဲမှုသည် ပို၍မြင့်မားနိုင်ကြောင်း လစ်သူရေးနီးယား စွမ်းအင်ကဏ္ဍမှ ကျွမ်းကျင်သူများက ခန့်မှန်းထားကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ခရီးသွားဆောင်းပါး

# ငွေဆောင်မှသည် ချောင်းသာကမ်းခြေဆီသို့

သက်နိုင်(ပြင်ဦးလွင်)

ငွေဆောင်နဲ့ချောင်းသာ ပင်လယ်ကမ်းခြေတွေရှိရာ မောင်နှမတွေ စုပေါင်းထွက်လာကြတဲ့ခရီးစဉ်မှာ ငွေဆောင်ကမ်းခြေကို ရောက်ရှိနေကြပြီဖြစ်သလို ပင်လယ်ရေထဲဆင်းကြပြီး ရေချိုးရေကစားနေကြပါပြီ။ ဆယ်မိုင်ဝန်းကျင်လောက်ရှည်လျားတဲ့ ပင်လယ်ကမ်းခြေမှာ လာရောက်အပန်းဖြေကြတဲ့ ဧည့်သည်တွေ စည်စည်ကားကားနဲ့ပြည့်နှက်နေကြပေမဲ့ သူ့အုပ်စုနဲ့သူ၊ သူ့အဖွဲ့နဲ့သူ ပျော်ပျော်ရွှင်ရွှင်ရှိနေကြတယ်။ ပင်လယ်ရေတွေက ကြည်လင်နေပြီး အဖြူရောင်ရေလှိုင်းတွေ တဝုန်းဝုန်းရိုက်ခတ်နေတဲ့အတွက်ကြောင့် ရေထဲကနေတက်မလာချင်လောက်အောင် ပိုမိုပျော်ရွှင်နေကြရတယ်။ ဒါပေမဲ့ ည ၆ နာရီထိုးတဲ့အချိန်မှာ သတိပေးခရာသံတွေကြောင့် ရေထဲကနေ မတက်ချင်တက်ချင်နဲ့တက်ခဲ့ကြရတယ်။ ညနေ ၄ နာရီကျော်ကတည်းက ပင်လယ်ရေထဲကိုရောက်နေကြတာ အချိန်နှစ်နာရီနီးပါးကြာမြင့်နေပါပြီ။ ပျော်ပျော်ရွှင်ရွှင် ရေချိုးရေဆော့ရေလှိုင်းတွေစီးနေရင်းနဲ့ နှစ်နာရီဆိုတဲ့အချိန်က ဘာမှမကြာလိုက်ဘူးလို့ ထင်လိုက်ရတယ်။ ခရာသံတွေကြောင့် ကမ်းပေါ်ကို ပြန်တက်လာကြရင်းနဲ့မနက်ဖြန်မနက် ချောင်းသာကမ်းခြေရှိရာကို ခရီးမဆက်ခင် မနက်စောစောကတည်းက ပင်လယ်ထဲဆင်းပြီးရေကစားကြဖို့ ပြောဆိုစီစဉ်ထားလိုက်ကြတယ်။

ပင်လယ်ထဲက တက်လာကြပြီး ဟိုတယ်မှာ ရေချိုတွေနဲ့ ရေပြန်ချိုး၊ အဝတ်အစားလဲပြီးကြတာနဲ့ညစာထမင်းစားသောက်ကြဖို့ ထွက်လာခဲ့ကြတယ်။ အချိန်က ည ၇ နာရီကျော်နေပါပြီ။ ညစာထမင်းကို စားသောက်ကြဖို့အတွက် အရင်တစ်ခေါက်က စားသောက်ခဲ့တဲ့ဆိုင်လဲဖြစ်၊ ပင်လယ်စာတွေလဲ စုံစုံလင်လင်ရ၊ အရသာလဲကောင်း၊ ဟိုတယ်နဲ့လဲနီးတဲ့ ဆိုင်ကြီးတစ်ဆိုင်ကို ရွေးချယ်ထားလိုက်ပြီး ဈေးတန်းတွေကို လေ့လာကြည့်ရှုကြရင်း မောင်နှမတစ်တွေ လမ်းလျှောက်လာခဲ့ကြတယ်။ ဒီနေရာမှာ မောင်နှမတွေကို ကြိုတင်သတိပေးထားရတာက အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားကြမဲ့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နဲ့ ငါးမုန့်ခြောက်တွေကို ငွေဆောင်ကမ်းခြေကနေ ဝယ်ယူမသွားကြဘဲ ပုသိမ်မြို့ရောက်မှ ဝယ်ယူကြမဲ့အကြောင်းကိုပါ။ ပုသိမ်ဈေးထဲမှာ ရောင်းချနေတဲ့ ဒီပစ္စည်းတွေက ပင်လယ်ကမ်းခြေမှာထက် ပိုမိုသက်သာနေပါတယ်။ ဒေသခံတွေကို မေးမြန်းစုံစမ်းထားချက်အရ ငွေဆောင်ကမ်းခြေမှာ ရောင်းချနေကြတဲ့ ပင်လယ်ရေထွက်ပစ္စည်းတွေက ပုသိမ်ဈေးကနေတစ်ဆင့် ပြန်လည်တင်ပို့ ရောင်းချနေကြရတာဖြစ်ကြောင်း အရင်အခေါက်တွေကတည်းက သိရှိထားရတယ်။ စက်စဲကမ်းခြေမှာတော့ မော်လမြိုင်ဈေးထက် ပိုမိုသက်သာဈေးလျော့ပြီး မော်လမြိုင်ဈေးက စက်စဲကမ်းခြေကနေတစ်ဆင့် ယူဆောင်ရောင်းချရတာဖြစ်ကြောင်း ခရီးသွားအတွေ့အကြုံတွေအရ သိထားရတယ်။

ဟိုတယ်နဲ့ မလှမ်းမကမ်းမှာရှိနေတဲ့ စားသောက်ဆိုင်ကိုရောက်တော့ ပင်လယ်စာအစုံချဉ်စပ်တစ်ပွဲနဲ့ မာလာတစ်ပွဲကို မှာယူထားလိုက်တယ်။ ဈေးနှုန်းအနေနဲ့ အရင်တစ်ခေါက်က တစ်ပွဲကို ငွေကျပ်သုံးသောင်းကျပ်ဖြစ်နေပေမဲ့ အခုတစ်ခေါက်မှာ ဟင်းတစ်ပွဲကို ငွေကျပ်လေးသောင်း ဖြစ်သွားခဲ့ပါပြီ။ မိမိတို့မောင်နှမတွေက ဒီနေ့ညစာထမင်းကို ပင်လယ်စာအစုံချဉ်စပ်၊ မာလာဟင်းပွဲတွေနဲ့ စားသောက်ကြမှာပါ။ ဒါပေမဲ့ မှာယူထားတဲ့ဟင်းပွဲနှစ်ပွဲရောက်ရှိမလာခင် ဆိုင်ရှင်နဲ့ စားပွဲထိုးဝန်ထမ်းလေးတွေက ထမင်းအုပ်ကြီးတွေနဲ့အတူ ထမင်းစားပန်းကန်တွေ၊ ဇွန်းခက်ရင်းတွေ၊ ငါးပိရည်တို့စရာအစုံ၊ ငံပြာရည်ချက်တွေနဲ့ဟင်းရည်ပူပူအငွေ့တထောင်းထောင်းတွေကို လာရောက်ချပေးထားကြတယ်။ ပင်လယ်နေရာဒေသဖြစ်တဲ့အတိုင်း ငါးပိရည်နဲ့ ငံပြာရည်ချက်ဟင်းရန့်တွေက မွှေးကြိုင်နေတာပါ။ ဒ့ါပြင် အတို့အမြုပ်တွေကလဲစုံ၊ ဟင်းရည်ကလဲ အငွေ့တထောင်းထောင်းထပြီး ပူပူလောင်လောင်ဖြစ်နေတာကြောင့် ဗိုက်ဆာနေကြပြီဖြစ်တဲ့ အချို့မောင်နှမတွေက ဖွယ်ဖွယ်ရာရာတို့စရာလေးတွေကို ငါးပိရည်နဲ့တို့စားလိုက်၊ ငံပြာရည်နဲ့တို့စားလိုက်၊ ဟင်းရည်သောက်စမ်းကြည့်လိုက်နဲ့ အရသာတွေ့နေကြတယ်။




တို့စရာ ပန်းကန်တွေအထဲမှာ ထူးထူးခြားခြားအဖြစ် သရက်ကင်းရွက်နုဆိုတာ ပါဝင်နေတယ်။

သရက်ကင်းဆိုတာက ချင်း(ဂျင်း)တက်လေးတွေလိုပါ။ အရသာက သရက်သီးစိမ်းနုလေးတွေကို စားရသလို ဖန်တန်တန်လေးဖြစ်နေတယ်။ မိမိတို့တောင်ပေါ်ဒေသမှာ ပေါက်ရောက်ထွက်ရှိခြင်း မရှိပေမဲ့ တစ်ခါတစ်ရံစားဖူးနေတယ်။ သရက်ကင်းရွက်နုဆိုတာကို အခုမှမြင်ဖူး၊ တွေ့ဖူးတော့တာပါ။ ကြိုက်တတ်တဲ့ မောင်နှမတွေကတော့ စားလို့ကောင်းတယ်၊ ကြိုက်တယ်ဆိုပြီး ငါးပိရည်၊ ငံပြာရည်ချက်တွေနဲ့ တို့စားနေကြတယ်။ ဒ့ါပြင် တခြားအတို့အမြုပ်လေးတွေကလဲ စားချင်စဖွယ်ဖြစ်နေကြတာကြောင့် မြည်းစမ်းစားကြည့်နေကြတယ်။ မိမိက ဟင်းပွဲတွေရောက်အောင်စောင့်ကြပါအုံးလို့ပြောလိုက်မှ လက်စသတ်လိုက်ကြတယ်။

မကြာခင်မှာ ကဏန်းလက်မကြီးတွေ နီနီရဲရဲ ထိုးထိုးထောင်ထောင်နဲ့ ဟင်းပွဲတွေရောက်ရှိလာကြတယ်။ ချဉ်စပ်နဲ့ မာလာဆိုတဲ့အတိုင်း ဟင်းရန့်တွေကလဲ သင်းပျံ့နေတယ်။ ကဏန်းကောင်ကြီးတွေရဲ့အောက်မှာတော့ ခရု၊ ပုစွန်၊ ရေဘဝဲ၊ ပြည်ကြီးငါးစတဲ့ ပင်လယ်စာတွေရှိနေကြတယ်။ ဟင်းပွဲတွေကို ဆိုင်ပိုင်ရှင်ကိုယ်တိုင်လာရောက်ချပေးရင်း မနေ့က သီတင်းကျွတ်လပြည့်နေ့ ဒီလိုအချိန်မှာ ဆိုင်မှာရှိသမျှ စားသောက်စရာတွေအားလုံးပြတ်လပ်သွားပြီဖြစ်ကြောင်း၊ မနက်မိုးလင်းဆိုင်ဖွင့်ကတည်းက တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်စားသောက်ကြတဲ့ ဧည့်သည်တွေ များပြားလွန်းတာကြောင့် ဆိုင်အတွင်း ထိုင်စရာနေရာပင်မရှိတော့ကြောင်း၊ ဆိုင်ပိုင်ရှင်နဲ့အတူ ဝန်ထမ်းတွေအားလုံးမှာလဲ တုတ်နဲ့အရိုက်ခံထားရသလို အလွန်ပင်ပန်းသွားကြရကြောင်း၊ လပြည့်ကျော် ၁ ရက်နေ့မှရောက်လာကြတဲ့ မိမိတို့မောင်နှမတွေမှာ အလွန်အဆင်ပြေသွားကြောင်း စသဖြင့် ရှင်းလင်းပြောဆိုပြနေချိန်မှာ မိမိတို့မောင်နှမတွေက ပင်လယ်စာတွေကို စတင်စားသောက်နေကြပါပြီ။ ညစာထမင်းစားသောက်ပြီးတဲ့အခါ ကဏန်းကောင်ကြီးတွေနဲ့ ဟင်းတချို့ကျန်ရှိနေသေးလို့ ဆိုင်ရှင်က ဟင်းအနှစ်တွေ ထပ်မံဖြည့်ပေးပြီး ဆာတဲ့အချိန် စားလို့ရအောင် တစ်ခါသုံးပါဆယ်ဘူးတွေနဲ့ထည့်ပေးလိုက်ပါတယ်။

ထမင်းစားပြီး ဆိုင်ကနေပြန်ထွက်လာတာနဲ့ ဈေးတန်းလေးမှာ လမ်းလျှောက်ရင်းလှည့်လည်ကြည့်ရှုကြတယ်။ ဈေးတန်းမှာဒေသထွက်ကုန်ပစ္စည်းတွေ၊ ခရုမျိုးစုံဆိုင်တွေ၊ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်တွေ၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်ဆိုင်တွေအပြင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းအမျိုးမျိုးတွေ၊ စားသောက်ဆိုင်တွေ၊ အဝတ်အထည်ဆိုင်တွေ ပါဝင်နေပါတယ်။ မိမိတို့က ပင်လယ်ခရုတွေနဲ့ ပြုလုပ်တန်ဆာဆင်ထားတဲ့ ဆွဲကြိုးလေးတွေ၊ လက်ကောက်လေးတွေ၊ အရုပ်လေးတွေနဲ့ ငွေဆောင်ကမ်းခြေရောက်အမှတ်တရအင်္ကျီလေးတွေကို ဝယ်ယူခဲ့ကြတယ်။ ဒီပစ္စည်းလေးတွေက တန်ဖိုးအသင့်အတင့်သာရှိပြီး လက်ဆောင်အဖြစ်ပြန်ပေးရရင်လဲ အဆင်ပြေနေပါတယ်။

ဈေးတန်းမှာ လမ်းလျှောက်လေ့လာကြည့်ရှု၊ လိုချင်တာလေးတွေဝယ်ယူပြီးကြတာနဲ့ ဟိုတယ်ရှိရာကို ပြန်လာခဲ့ကြတယ်။ စားသောက်ဆိုင်ကနေ တစ်ခါသုံးပါဆယ်ဖော့ဘူးတွေနဲ့ ထည့်ပေးလိုက်တဲ့ ကဏန်းကောင်တွေနဲ့ဟင်းကျန်တွေကို ဟိုတယ်ရောက်ရောက်ချင်း စကားပြောရင်း၊ နားနေရင်းနဲ့ စားလိုက်ကြပြီးမှ အိပ်ရာဝင်ခဲ့ကြတယ်။ နောက်တစ်နေ့ခရီးအစီအစဉ်က မနက်အိပ်ရာထပြီးကြရင် မနက်စာစား၊ ကမ်းခြေပင်လယ်ရေထဲမှာ ရေကစားကြပြီးမှ ချောင်းသာကမ်းခြေရှိရာကို ခရီးဆက်ကြမှာပါ။ ညအိပ်ကြတဲ့အခါမှာတော့ အေးအေးဆေးဆေး နှစ်နှစ်ခြိုက်ခြိုက်နဲ့ အိပ်ပျော်ခဲ့ကြရတယ်။

ဒါပေမဲ့ မိုးလင်းခါနီးချိန်မှာ စတင်ရွာသွန်းလိုက်တဲ့မိုးက မိုးလင်းပြီးသွားတဲ့နောက်ပိုင်းမှာလဲ မတိတ်သေးဘဲ ဆက်လက်ရွာသွန်းမြဲရွာသွန်းနေသလို မနက်စာစားသောက်ပြီးကြတဲ့အချိန်ထိလဲ ရွာသွန်းနေမြဲပါ။ တိတ်သွားတော့မဲ့ အခြေအနေအရိပ်အယောင်ကိုလဲ မတွေ့မမြင်ကြရသေးပါဘူး။ ဒါကြောင့် မနက် ၈ နာရီအချိန်ထိ မိုးတိတ်၊ မတိတ်ကို စောင့်ကြည့်ကြမယ်၊ မိုးတိတ်သွားရင်ပင်လယ်ထဲဆင်းကြမယ်၊ မိုးမတိတ်သေးဘူးဆိုရင် ချောင်းသာကမ်းခြေရှိရာကို ရာသီဥတုအခြေအနေကြည့်ပြီး ဆက်လက်သွားရောက်ကြမယ်။ ခရီးလမ်းတစ်လျှောက်မှာလဲ ရာသီဥတုကို စောင့်ကြည့်စဉ်းစားကြပြီးမှ ချောင်းသာကမ်းခြေကို သွားသင့်၊ မသွားသင့် ဆုံးဖြတ်ကြမယ်ဆိုပြီး စီစဉ်ထားလိုက်ကြတယ်။ ဒီလိုစဉ်းစားဆုံးဖြတ်ထားလိုက်ကြပြီး မနက် ၈ နာရီထိုးသွားတဲ့ထိ မိုးမတိတ်တာကြောင့် ချောင်းသာကမ်းခြေရှိရာကို သွားရောက်ကြဖို့ ဆက်လက်စီစဉ်ကြရတယ်။ ဟိုတယ်မှာ ပစ္စည်းတွေသိမ်း၊ အခန်းတွေအပ်ပြီးတာနဲ့ ရှေ့ခရီးကို ထွက်လာခဲ့ကြတယ်။

ငွေဆောင်ကမ်းခြေကနေ စတင်ထွက်ခွာလာတဲ့ထိ မိုးကအဆက်မပြတ်ရွာသွန်းနေဆဲပါ။ မိမိအနေနဲ့လဲ ရာသီဥတုအခြေအနေကို ကြည့်ရင်း၊ ကားကို ဂရုစိုက်မောင်းရင်းနဲ့ ပုသိမ်- မုံရွာလမ်းမကြီးပေါ်ကို မရောင်ခင် ခရီးမိုင်အနည်းငယ်လေးအတွင်းမှာ မိုးကရုတ်တရက်ရပ်စဲသွားသလို ထွက်ပြူလာစနေရောင်ခြည်အနည်းငယ်ကိုလဲ တွေ့မြင်လိုက်ရတယ်။ ရာသီဥတုအခြေအနေက သာယာစပြုလာပါပြီ။ ပုသိမ်-မုံရွာလမ်းဆုံကိုရောက်တဲ့အခါ မိုးကလုံးဝတိတ်သွားခဲ့သလို နေကလဲ သိသိသာသာပွင့်လာခဲ့တယ်။ ဒါကြောင့် လမ်းဆုံကနေ ချောင်းသာကမ်းခြေသို့ဆိုပြီး လမ်းညွှန်ပြသထားတဲ့ ဘယ်ဘက်လမ်းအတိုင်း ချိုးကွေ့မောင်းနှင်လိုက်တယ်။ ချောင်းသာပင်လယ်ကမ်းခြေကို သွားရောက်ကြဖို့ သေချာသွားခဲ့ရပြီ။

လမ်းညွှန်ပြသထားတဲ့ ဆိုင်းဘုတ်နဲ့မြေပုံတွေအရ ချောင်းသာကမ်းခြေကို မရောက်ခင် ဂျက်ကာ ဆိုတဲ့လမ်းဆုံရှိရာကို ၁၂ မိုင်မောင်းနှင်ရပါမယ်။ စတင်မောင်းနှင်နေရတဲ့ လမ်းအခြေအနေက လမ်းကျဉ်းလမ်းရှင်းဖြစ်တဲ့အပြင် အဆင်းအတက်အကွေ့အကောက်တွေများနေတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာလဲ သဘာဝသစ်တောငယ်လေးတွေနဲ့ ရော်ဘာခြံကြီးတွေရှိနေကြတယ်။ လမ်းကကျဉ်းနေတဲ့အပြင် အသွားအလာလုံးဝမရှိဘဲ ရှင်းရှင်းလင်းလင်းဖြစ်နေတာကြောင့် လမ်းညွှန်ဆိုင်းဘုတ်အတိုင်း မောင်းနှင်လာခဲ့ပေမဲ့ စိတ်ထဲမှာဇဝေဇဝါဖြစ်လာရတယ်။ သီတင်းကျွတ်ပွဲတော်ကာလ ရုံးတွေ၊ ကျောင်းတွေပိတ်ရက်ရှည်ကြီးမှာ နာမည်ကျော်ပင်လယ်ကမ်းခြေတစ်ခုကို သွားလာနေကြတဲ့သူတွေမရှိတာက အံ့သြစရာပါ။ ခရီးသွားဧည့်သည်တွေက ချောင်းသာကိုမသွားကြတော့ဘဲ ငွေဆောင်ကမ်းခြေကိုသာသွားနေကြသလားလို့ဆိုပြီး စဉ်းစားတွေးတောမိလိုက်သေးတယ်။ ၁၂ မိုင် အကွာအဝေးဆိုတဲ့ ခရီးလမ်းကြောင်း တစ်လျှောက်လုံးမှာသက်ရှိလူသားဆိုလို့ တစ်ခါတစ်ရံမှသာ အနည်းအကျဉ်းတွေ့မြင်နေရတဲ့ ရော်ဘာခြံ၊ ရော်ဘာတဲလေးတွေက အလုပ်သမားမိသားစုဝင် လေးတွေ၊ ဖြတ်သန်းစီးနင်းသွားတဲ့ ဒေသခံ ဆိုင်ကယ်တစ်စီး၊ နှစ်စီးစလောက်ကိုသာ တွေ့မြင်နေရတယ်။

လမ်းဆုံနေရာကနေ ချောင်းသာကမ်းခြေသို့ဆိုတဲ့ လမ်းပေါ်ကို တက်ရောက်မောင်းနှင်လိုက်တာနဲ့ လမ်းမကျယ်ကြီးအဖြစ်ပြောင်းလဲသွားသလို သွားလာနေကြတဲ့ ကားကြီး၊ ကားငယ်တွေအများအပြားကိုလဲ တွေ့မြင်နေရတယ်။ လမ်းရဲ့ပုံစံက မြို့ကြီးတစ်မြို့ကို သွားရောက်နေရတဲ့ လမ်းမမျိုးကြီးတစ်ခုပါ။ အသွားအလာတွေ များပြားစည်ကားနေတဲ့အပြင် အဆင့်မြင့်လမ်းတိုးချဲ့ခြင်း လုပ်ငန်းတွေကိုလဲ ခေတ်မီစက်ယန္တရားကြီးတွေနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတယ်။ ဒီလမ်းကနေ ချောင်းသာကမ်းခြေရောက်တဲ့ထိ နောက်ထပ် ၁၅ မိုင်နီးပါး မောင်းနှင်ရအုံးမှာပါ။ ဒါပေမဲ့ လမ်းကောင်း၊ လမ်းချော၊ လမ်းကျယ်ကြီးဖြစ်တဲ့အတွက် မကြာခင်မှာ ကမ်းခြေအဝင်ဆိုင်းဘုတ်ရှိရာကို ရောက်လာခဲ့ကြတယ်။ ငွေဆောင်ကနေ ချောင်းသာကို ရောက်ရှိလာကြပါပြီ။ ချောင်းသာမှာ လေ့လာလည်ပတ် ပင်လယ်ရေချိုးဖို့သာ ကျန်ပါတော့တယ်။

# မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၂ ရက်မှ ပြေ ၁၇ ရက်ထိ ကျင်းပမည်



**မင်းဘူး ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၂ ရက်မှစတင်ကာ ပြေ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်အတွက် ဈေးဆိုင်ခန်းပေါင်း ၇၀၀ ကျော်နှင့် တည်းခိုဆောင် ၈၀၀ ခန့် ပြင်ဆင်ထားကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ စတင်ကာ မြန်မာနှစ်ဆန်း တစ်ရက်နေ့ထိ အစဉ်အလာမပျက် ကျင်းပလေ့ရှိကြောင်း သိရသည်။

"မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီနှစ်မှာလဲ ဇန်နဝါရီ ၂၂ ရက်ကနေစပြီးတော့ ပြေ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ဖို့အတွက် အပြည့်အဝ ဆောင်ရွက်ပေးထားပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်တဲ့ ဘုရားဖူးပြည်သူတွေ အစစအရာရာအဆင်ပြေအောင် ဆောင်ရွက်ပေးထားသလို ကျန်းမာရေးအတွက်လဲ ဆေးခန်းတွေကို ၂၄ နာရီ ဖွင့်လှစ်ပေးထားမှာဖြစ်ပါတယ်။ အခုနှစ်မှာတော့ ဈေးဆိုင်ခန်းပေါင်း ၇၀၀ ကျော်နဲ့ တည်းခိုဆောင် အခန်းပေါင်း ၈၀၀ ခန့်ကို ဆောက်လုပ်ထားပါတယ်"ဟု ဦးအေးကိုက ပြောပြ၍ သိရသည်။

ASH

# Tangled ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကတ်သရင်းဟန်း ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၇**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Tangled ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကတ်သရင်းဟန်း ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Tangled ဇာတ်ကား၌ပါဝင်ရေးအတွက် မင်းသမီး ကတ်သရင်းဟန်းနှင့် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီတို့ ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက Tangled ရုပ်ရှင် ဇာတ်ကားတွင် ကတ်သရင်းဟန်းသည် ဗီလိန်ဇာတ်ကောင် အာဂါသာဟာ့နက်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Tangled ရုပ်ရှင်ဇာတ်ကားတွင် ကတ်သရင်းဟန်းအနေဖြင့် ဩစတြေးလျ မင်းသမီး တီဂန်းခရော့၊ မင်းသား မီလိုမင်းဟိမ်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Tangled ရုပ်ရှင်ဇာတ်ကားသည် Tangled (2010) ကွန်ပျူတာအင်နီမေးရှင်း ဇာတ်ကားကို ရုပ်ရှင်အဖြစ် ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဂရာဆေးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် စိုးသူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar တွင် ပြုလုပ်မည်




**ရန်ကုန် ဇန်နဝါရီ ၁၇**

တေးသံရှင် စိုးသူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar ၌ ဇန်နဝါရီ ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် စိုးသူက ပြောပြသည်။

အဆိုပါ တေးသံရှင် စိုးသူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် စိုးသူနှင့်အတူ The Transporter ၏ ပင်တိုင် အဆိုတော်များကလည်း အားဖြည့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Transporter Music Band မှ အကောင်းဆုံး တီးခတ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ရဲ့ ရန်ကုန် One Man Show ကို The Transporter Bar မှာပထမဦးဆုံးကျင်းပသွားမှာဖြစ်ပါတယ်။ The Transporter Bar ရဲ့ မီးရောင်စုံတဲ့ ညချမ်းမှာ အရင်အချိန်တွေကို ပြန်အမှတ်ရစေမဲ့ သီချင်းတွေကို ပျော်ပျော်ပါးပါးသီဆိုရင်း စိတ်ရွှင်မြူးစေတဲ့ သီချင်းတွေနဲ့အတူ အပန်းဖြေလိုက်ရအောင်။ လာမဲ့ ဇန်နဝါရီ ၂၅ ရက်ညမှာ အရောက်လှမ်းခဲ့ကြဖို့ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် စိုးသူက ပြောပြသည်။

အဆိုပါ တေးသံရှင် စိုးသူ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် DJ Artists များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ နာမည်ကျော် Dancers များကလည်း ကကွက်စုံလင်စွာဖြင့် အားဖြည့်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Huntsman ဇာတ်ကားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ရုံတင်ပြသရန် စီစဉ်

**နယူးယောက် ဇန်နဝါရီ ၁၇**

The Huntsman လျှို့ဝှက်သည်းဖိုဇာတ်ကားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ရုံတင်ပြသရန် Epic Pictures ကုမ္ပဏီက စီစဉ်ထားကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

The Huntsman ဇာတ်ကားသည် ကိုယ်မာဝင်နေသည့် လူနာတစ်ဦးကို အကူအညီပေးရန် သဘောတူခဲ့ပြီးနောက် အန္တရာယ်များသည့် ကမ္ဘာတစ်ခုထဲရောက်ခဲ့ရသော သူနာပြုဆရာမတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Huntsman ဇာတ်ကားကို ဒါရိုက်တာ ကိုင်လီကော်ဝီကာဟားရစ်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဟားရစ်က ဇာတ်ညွှန်းရေးဆရာ စတီဗင်ဂျွန်ဝစ်တနာနှင့် ပူးတွဲရေးသားခဲ့ကြောင်း သိရသည်။

The Huntsman ဇာတ်ကားတွင် မင်းသား ရှောင်အက်မိုး၊ ဂါရက်ဒီလာဟန့်နှင့် မင်းသမီး အဲလစ်ဇဘတ်မစ်ချဲတို့ ပါဝင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် မြောက်အမေရိက ရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik New

Trs : KKO




# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Collector Show ပန်းချီပြပွဲ ပြသလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Collector Show ပန်းချီပြပွဲကို ယနေ့မှ စတင်ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီနေထွန်းထံမှ သိရသည်။

အဆိုပါ Collector Show ပန်းချီပြပွဲတွင် ပန်းချီ ဝင်းဖေ၊ ပေါ်ဦးသက်၊ ခင်မောင်ရင်၊ ဗချီ၊ အောင်စိုး၊ ဗညို၊ မောင်သိန်းလှိုင်၊ လူမော်၊ နိုင်ကြီး၊ အောင်နိုင်မောင်၊ နေထွန်းတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ်ပန်းအမျိုးအစားစုံ၊ အကြောင်းအရာစုံပန်းချီကားများကို ယနေ့မှစတင်ကာ ဇန်နဝါရီ ၂၁ ရက်ထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီလက်ရာများစွာ ပါဝင်တဲ့ Collector Show ပန်းချီပြပွဲကို ဒီနေ့ကနေစတင်ပြီး ဇန်နဝါရီ ၂၁ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်" ဟု ပန်းချီ နေထွန်းက ပြောပြသည်။

၎င်းပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆ x၂၄ ) လက်မ၊ (၂၄x၂၄)လက်မ၊(၁၈x ၂၄) လက်မ၊ (၁၈ x ၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၅၀ ထိ ရှိကြောင်းသိရသည်။

ASH

# More than 37,000 acres of rainfed paddy harvested in Thabaung Township


Combine harvester in operational to reap paddy plantation.

**Thabaung January 17**

Local farmers reaped 37,370 acres of rainfed paddy in Thabaung Township of Ayeyawady Region, said Daw Aye Aye Mu, the head of Pathein District Agriculture Department.

During the last rainy-season cropping period, farmers planted up to 68,297 acres of rainfed paddy in Thabaung Township. Harvesting of these fields began in the first week of November this year, and a total of 37,370 acres have so far been harvested.

"During the rainy-season cropping period, we planted over 68,000 acres of rainfed paddy. So far, over 37,000 acres have been harvested. Farmers chose rice varieties suited to the local climate and market demand. To prevent losses caused by golden snails, we carried out awareness and training programs on pest control before planting. This year's rainfed paddy yields are good. We were able to plant the full acreage through systematic collaboration between the Agriculture Department and local farmers," said Daw Aye Aye Mu.

In Thabaung Township, harvested yields reached up to 104 baskets per acre. To ensure full planting, improve yields, and systematically produce high-quality rice, the district and township agriculture departments provided farmers with on-site training and knowledge-sharing programmes. Kyaw Kyaw Lin

# Traders sell 70,000 bags of bran to Yangon market in December

**Bogale January 17**

Local merchants from Bogale Township in Ayeyawady Region dispatched 72,000 bags of bran to Yangon market in December 2025, said Daw Moe Thuza, the owner of rice and paddy trading wholesale in Bogale Township.

In Bogale Township, during November, up to 45,500 bags of bran (containing 24 pyi) were exported and sold to the Yangon market. In December, up to 72,000 bags were exported and sold. The bran is primarily used domestically as feed for fish, chickens, pigs, and ducks in livestock and aquaculture operations.

"Over the past month, up to 72,000 bags of bran containing 24 pyi each were exported and sold to the Yangon market. Bran is a by-product obtained from milling rice, and domestically it is mainly used as animal feed. There is also demand in foreign markets. Currently, the new rice harvest is still low, so bran output is also limited. Even now, buyers from Yangon are actively purchasing bran. Because livestock and aquaculture businesses are operating competitively, the Yangon market is seeing strong sales of these bran bags. With high demand, farmers and mill workers are able to carry out their work smoothly," said Daw Moe Thuza.

Most of the bran produced in Bogale Township is purchased by local livestock and aquaculture operators, while some is exported to the Yangon market. Prices for 100 bags of bran have reached up to K2.25 million.

Kyaw Kyaw Lin


Photo shows a truckload of bran bags.

# Large volume of octopus sold by Dedaye Township to Yangon market in December last year

**Dedaye January 17**

Local businesspersons from Dedaye Township of Ayeyawady Region sent a large volume of octopus to Yangon market in December 2025, said Daw Swe Swe, the owner of fishery product trading depot in Dedaye Township.

During November, up to 45,000 viss of octopus from Dedaye Township were exported to the Yangon market, and in December alone, up to 67,000 viss were exported and sold.

"Local seafood products are being smoothly exported to the Yangon market, which is the main market for seafood from both directions. Over the past month, up to 67,000 viss of octopus were exported and sold. Prices vary depending on the freshness, size, and weight of the octopus. Currently, octopus is still in demand. Seafood exported from this side is being redistributed and sold both within the local markets and in other regions," said Daw Swe Swe.

In Dedaye Township, long-arm octopus is selling at K295,000 per kilogrammes, and short-arm octopus at K27,500 per kilogrammes. Along with octopus, other seafood products from the area are also seeing strong sales and export demand. As a result, fishery workers, independent traders, wholesale operators, merchants, and transport rental service providers are enjoying good employment and business opportunities.

Kyaw Kyaw Lin

# Iran's supreme leader says country has "extinguished sedition"

**Cairo January 17**

Iranian Supreme Leader Ali Khamenei said on Saturday that Iran had defeated the United States and Israel "once again" and had "extinguished the sedition" he alleged was incited by Washington and Tel Aviv.

The remarks, posted on Khamenei's official X account, came as Iranian authorities appeared to have brought the situation under control following weeks of nationwide protests.

Khamenei also described U.S. President Donald Trump as a "criminal" for his administration's support of the demonstrations, accusing Washington of inflicting economic and social harm on the Iranian people.

"America's goal is to swallow up Iran," Khamenei said. "Iran will not engage in war, but it will not refrain from punishing those responsible for unrest, both inside the country and abroad."

Protests erupted in late December in several Iranian cities, initially driven by a sharp depreciation of the rial and surging inflation. While authorities acknowledged the legitimacy of economic grievances, they warned that lawful demonstrations had been hijacked by "vandals."

Xinhua

# Feature: South Africans rally in solidarity with Venezuela against U.S. aggression

**Johannesburg January 17**

More than 100 demonstrators rallied outside the U.S. Consulate in Johannesburg on Friday, denouncing U.S. unilateral military actions against Venezuela and voicing solidarity with the Latin American nation.

Protesters gathered along the street in front of the consulate, carrying banners that read "Hands Off Venezuela" and "Stop Imperialism," chanting slogans against U.S. hegemony and aggression.

"Everybody here today is absolutely sick and tired of the bullying that's taking place from the White House," Johannesburg resident Stephen Faulkner told Xinhua at the rally.

He said opposition to U.S. actions in Venezuela was rooted in a long history, accusing Washington of interfering in sovereign countries for decades.

"U.S. imperialism has abducted, undermined and trespassed on sovereign countries for more than 50 years," Faulkner said, citing the 1983 invasion of Grenada as one example.

Those grievances were reignited in the early hours of Jan. 3, when the United States carried out a military strike against Venezuela and captured President Nicolas Maduro and his wife, taking them to the United States.

Indignation filled the streets as protesters in red T-shirts emblazoned with the slogan "Hands off Venezuela." Among them, Ben Kotze stood out in a black T-shirt, holding a caricature placard of U.S. President Donald Trump emblazoned with the words "End American Imperialism."

Xinhua



People attend a protest opposing U.S. actions in Venezuela in front of the U.S. consulate in Johannesburg, South Africa, Jan. 16, 2026.

# Nyaungdon Township dispatches large volume of sturgeon fish to Yangon market in December


Photo shows sturgeon fish available at a local market.

**Nyaungdon January 17**

Local merchants from Nyaungdon Township of Ayeyawady Region sent a large volume of sturgeon fish to Yangon market in December, said Daw Than Than Oo, the owner of marine product trading depot in Nyaungdon Township.

From Nyaungdon Township, shipments of sturgeon fish to the Yangon market totaled only up to 55,000 viss during November this year. However, within the one-month period in December, shipments increased to as much as 75,000 viss. This rise in shipments was due to stronger purchasing demand for sturgeon fish from the Yangon market, according to reports.

"At present, the market situation for sturgeon fish is not bad. It is workable and convenient for trading. Shipments increased because there has been a lower inflow of sturgeon fish to local wholesale depots in this area, while demand from Yangon for locally sourced sturgeon fish has been strong. We began shipping larger volumes to the Yangon market from around the first week of last month. Demand for other fish species has also increased. Although purchasing demand from the Yangon market has risen, prices have not increased sharply yet," said Daw Than Than Oo.

Fishery entrepreneurs in Nyaungdon Townshp sell fishery products to domestic markets as well as Yangon market, and the fish fetches K16,500 to K19,500 per viss.

Kyaw Kyaw Lin

# Zalun Township sees better trading of sweet corns at domestic market

**Zalun January 17**

Sweet corns produced by Zalun Township of Ayeyawady Region is in high demand at the domestic market, said Daw Mi Mi Htay, the owner of agricultural produce trading depot in Zalun Township.

In Zalun Township, demand for sweet corn has been strong and trading has remained brisk from the first week of January this year up to the present. The increase in demand is reportedly due to stronger purchasing of locally produced sweet corn by Pathein and other regions.

"Locally produced sweet corn is seeing strong demand not only in the local market but also from other regions. Demand has increased noticeably since around the first week of May. Along with stronger demand, prices have also improved slightly. The Yangon market is purchasing locally produced sweet corn, and as output of pulses has declined, demand has increased and sales have been active," said Daw Mi Mi Htay, an agricultural produce trader from Zalun Township.

Agricultural produce traders in Zalun Township reportedly purchase locally produced sweet corn and redistribute it to the Yangon market using cargo trucks. These locally produced sweet corn ears are free from pests, and market prices range from K32,000 to K40,000 per 100 ears.

Kyaw Kyaw Lin


Workers sorting out sweet corns.

# More than 2,000 acres of kitchen crops planted in Myaungmya Township

**Myaungmya January 17**

According to the Myaungmya District Agriculture Department, local farmers grow 2,855 acres of kitchen crops as cold season crops in Myaungmya Township of Ayeyawady Region.

During this year's monsoon crop cultivation season in Myaungmya Township, a target of 5,185 acres of kitchen crops was set. Cultivation began in the first week of October 2025, and as of today, kitchen crops have been planted on up to 2,855 acres. To increase yields of kitchen crops this year, staff members from the relevant township Department of Agriculture are conducting field inspections and providing extension services and technical guidance, according to reports.

"We are working in cooperation with farmers, the Department of Agriculture, and related departments to achieve 100 per cent of the cultivation target. In this winter crop cultivation season, we plan to plant more than 5,100 acres of kitchen crops. At present, more than 2,800 acres have already been cultivated. To ensure the successful growth of the crops already planted and to prevent pest infestations, the Department of Agriculture is visiting farms, meeting with farmers, and providing technical guidance. Farmers are also cooperating in agricultural extension activities to ensure proper seed use so that the crops they plant achieve expected yields," said Daw Khin Htay Myint, Head of the Myaungmya District Department of Agriculture.

In Myaungmya Township, efforts are being intensified by the Department of Agriculture to provide farmer education and extension services to ensure full cultivation of all winter crops this year, including the targeted 5,185 acres of kitchen crops.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Local farmers grow chickpea exceeding the target cultivation in Pwintbyu Township

**Pwintbyu January 17**

Agriculture Department in Pwintbyu Township of Magway Region stated that local farmers planted chickpea on the croplands exceeding the earmarked cultivation in Pwintbyu Township.

Local farmers cultivated 57,120 acres of chickpea from October 2025 to date, although local authorities earmarked cultivation of 52,051 acres of crops in Pwintbyu Township.

"In Pwintbyu Township, during the winter crop cultivation season, a target of 52,051 acres of chickpea was set, and as of today cultivation has been completed on 57,120 acres. As a result, planting has exceeded the designated target acreage. Chickpea cultivation has been expanding year by year. To help chickpea farmers achieve good yields and quality, we are conducting field-level support by providing quality seeds, agricultural inputs, cultivation techniques, and post-harvest technologies," said Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture.

In Pwintbyu Township, local farmers cultivating winter chickpea reportedly choose high-yielding varieties suitable for local conditions, such as Yezin-4 and Yezin-6. Cultivation costs for chickpea amount to more than K300,000 per acre. Farmers grow chickpea both as a sole crop and in intercropping systems with other crops to increase income. Staff members from the Township Department of Agriculture are working together with farmers to ensure that cultivated chickpea fields achieve target yields by providing necessary agricultural technologies, pest and disease prevention and control measures, and systematic fertilizer application.

If chickpea can be cultivated with improved productivity and yields, it will not only ensure sufficient supply for local consumption but also allow surplus production to be sold, generating income and contributing to socio-economic development. Therefore, efforts should be made to further expand chickpea cultivation across different areas, Daw Moe Moe Wai added.

Ye Win Naing (NyaungU)

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပင်တဂွန်စစ်ဌာနချုပ်က AI နည်းပညာကို အရှိန်အဟုန်မြှင့်တင်အသုံးပြုနိုင်ရေး မဟာဗျူဟာသစ်ကို ကြေညာ




ပင်တဂွန်စစ်ဌာနချုပ်သည် စစ်ဘက်ဆိုင်ရာ နယ်ပယ်အားလုံးတွင် AI-First တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခု တည်ထောင်ရန် ရည်ရွယ်ပြီး စစ်ဘက်အတွက် AI နည်းပညာကို အရှိန်မြှင့်တင်အသုံးပြုနိုင်ရေး မဟာဗျူဟာသစ်တစ်ခုကို ကြေညာခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်ဖြင့် ရေးဆွဲထားသော ဤအစီအစဉ်သည် ကနဦးစီမံကိန်းခုနစ်ခုအပေါ် အဓိက ထားမည်ဖြစ်သည်။ ၎င်းတို့တွင် AI နည်းဗျူဟာများနှင့် ပုံတူစမ်းသပ်မှုများသုံးပြီး တိုက်ခိုက်ရေးစွမ်းရည်မြှင့်တင်ရန်၊ လက်နက်စနစ်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် ထောက်လှမ်းရေးသတင်းအချက်အလက် စိစစ်မှုများကို မြန်ဆန်စေရန်နှင့် စစ်ဘက်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို အလိုအလျောက်စနစ် ပြောင်းလဲရန်တို့ပါဝင်ကြောင်း သိရသည်။

အမေရိကန်အနေဖြင့် AI ကွန်ပျူတာတွက်ချက်မှု စွမ်းပကားများ တိုးချဲ့ရန် အများအပြား ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး အမေရိကန် AI နည်းပညာ ကဏ္ဍအတွင်း စီးဆင်းနေသည့်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ဒေါ်လာဘီလီယံပေါင်းရာနှင့်ချီကိုလည်း အသုံးချသွားမည်ဟု အမေရိကန်နိုင်ငံစစ်မှုရေးရာဝန်ကြီး Pete Hegseth က ပြောကြားခဲ့ကြောင်း သိရသည်။

ဤမဟာဗျူဟာအတွင်းရှိ အဓိကညွှန်ကြားချက်တစ်ခုမှာ စစ်ဘက်ဆိုင်ရာ AI စွမ်းဆောင်ရည်များအတွင်းမှ ကွဲပြားမှု၊ မျှတမှုနှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာ လူမှုရေးဝါဒများကို အမြစ်ပြတ်ဖယ်ရှားရန်ဖြစ်သည်။ တိုက်ခိုက်ရေးအတွက် ဒီဇိုင်းထုတ်ထားသော စနစ်များတွင် ထိုကဲ့သို့သော လူမှုရေးဝါဒများအတွက် နေရာမရှိဟု ဆင်ခြေပေးထားကြောင်း သိရသည်။

"မျှတမှုရှိတဲ့ AI နည်းပညာနဲ့ အခြားသော DEI ဆိုင်ရာ လူမှုရေးတရားမျှတမှု သွတ်သွင်းမှုတွေကြောင့် ကျွန်တော်တို့ရဲ့ နည်းပညာအသုံးချမှုကို အကန့်အသတ် ဖြစ်စေပြီး ရှုပ်ထွေးစေတဲ့ခေတ်ကြီး ကုန်ဆုံးသွားပါပြီ။ စစ်တိုက်ခွင့်မပြုတဲ့ AI နည်းပညာသုံး မော်ဒယ်တွေကို ကျွန်တော်တို့အသုံးချမှာ မဟုတ်ပါဘူး" ဟု Pete Hegseth က ပြောကြားခဲ့ကြောင်း သိရသည်။

ပင်တဂွန်စစ်ဌာနချုပ် ဝန်ထမ်းများသည် မကြာမီတွင် Elon Musk ၏ Grok AI ကို GenAI.mil ဝက်ဘ်ဆိုက်မှတစ်ဆင့် အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ အဆိုပါဝက်ဘ်ဆိုက်သည် အစိုးရအသုံးပြုရန်အတွက် သီးသန့်ထုတ်လုပ်ထားသော Google ၏ Gemini AI ကို ပံ့ပိုးပေးထားပြီးဖြစ်သည်။

"မကြာခင်မှာပဲ ကျွန်တော်တို့ဌာနရဲ့ သာမန်ကွန်ရက်တွေနဲ့ လျှို့ဝှက်ကွန်ရက်တွေ အားလုံးမှာ ကမ္ဘာ့ထိပ်တန်း AI နည်းပညာသုံးမော်ဒယ်တွေကို တပ်ဆင်အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။ ဒါဟာ လုပ်သင့်တာကြာပါပြီ"ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် AI နည်းပညာ အရှိန်အဟုန်မြှင့်တင်မှုကို တားဆီးနေသည့် လူပုဂ္ဂိုလ်များနှင့် မူဝါဒများကို စစ်ပွဲကာလချဉ်းကပ်ပုံဖြင့် ကိုင်တွယ် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ အဟန့်အတားဖြစ်စေသည့် ဥပဒေမဟုတ်သော စည်းမျဉ်းများကို ပယ်ဖျက်ခွင့်ရှိသော အတားအဆီးဖယ်ရှားရေးအဖွဲ့ကို ဖွဲ့စည်းထားကြောင်း သိရသည်။

**Pentagon announces new AI acceleration strategy** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီစစ်ဘက်က General Atomics ကုမ္ပဏီထံမှ MQ-9B ဒရုန်းရှစ်စင်း မှာယူခဲ့

ဂျာမနီစစ်ဘက်သည် ရေတပ်တွင် တပ်ဆင်အသုံးပြုရန်အတွက် General Atomics ကုမ္ပဏီထံမှ MQ-9B ဒရုန်းရှစ်စင်းမှာယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဒရုန်းများသည် ဂျာမနီရေတပ်၏ တာဝေး ပင်လယ်ပြင်ကင်းထောက်မှုနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ကနဦးပေးပို့မှုများကို လာမည့် ၂၀၂၈ ခုနှစ်တွင် စတင်ရန် လျာထားကြောင်း သိရသည်။

ဤဝယ်ယူမှုအတွက် ယူရို ၁ ဒသမ ၅၂ ဘီလီယံခန့် လျာထားပြီး ရန်ပုံငွေကို အထူးရန်ပုံငွေနှင့် ကာကွယ်ရေးအသုံးစရိတ်တို့မှ ကျခံသုံးစွဲမည်ဖြစ်သည်။ အဆိုပါစာချုပ်တွင် အပိုပစ္စည်းများနှင့် ပထမနှစ်နှစ်စာ လေယာဉ်မောင်းနှင်သူ လေ့ကျင့်ရေးသင်တန်းများ ပါဝင်ပြီး ၂၀၃၁ ခုနှစ်နှင့် ၂၀၃၂ ခုနှစ်တို့တွင် အဆိုပါဒရုန်းများကို အဆင့်မြှင့်ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စနစ်များအဖြစ် အဆင့်မြှင့်တင် သွားမည်ဖြစ်ကြောင်း သိရသည်။

ဤဒရုန်းစနစ်များကို Nordholzအခြေစိုက် အမှတ်(၃)ရေတပ်လေကြောင်းအုပ်ချုပ်ရေး Graf Zeppelin က ကိုင်တွယ်မောင်းနှင်မည်ဖြစ်ပြီး လက်ရှိအသုံးပြုနေသော Boeing P-8A Poseidon ပင်လယ်ပြင်ကင်းထောက်ရေးနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလေယာဉ်များကို အားဖြည့်ကူညီပေးနိုင်လိမ့်မည်ဖြစ်သည်။

ဂျာမနီသည် ၂၀၂၂ ခုနှစ်တွင် P-8A ရှစ်စင်း မှာယူခဲ့ပြီး ပထမဆုံးလေယာဉ်ကို အောက်တိုဘာလတွင် လက်ခံရရှိခဲ့သည်။ P-8A သည် တစ်နာရီလျှင် ကီလိုမီတာ ၉၀၀ ထိ ပျံသန်းနိုင်ပြီး အာရုံခံကိရိယာနှင့် လက်နက်သယ်ဆောင်နိုင်စွမ်း ပိုမိုမြင့်မားသော်လည်း MQ-9B မှာမူ အချိန်ပိုမိုကြာရှည်စွာ ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။



အတောင်ပံအကျယ် မီတာ ၂၀ နှင့် အလျား ၁၀ မီတာရှိသော MQ-9B သည် ပေဟင်တွင် နာရီ၃၀ ထိ ဆက်တိုက်ပျံသန်းနိုင်ပြီး P-8A ၏ ပျံသန်းနိုင်စွမ်းမှာ ၁၀ နာရီခန့်သာရှိသည်။ ဤဒရုန်းသည် ကီလိုဂရမ် ၂၀၀၀ ထိ သယ်ဆောင်နိုင်ပြီး ၎င်းတွင် ကင်မရာများ၊ ပင်လယ်ပြင် ကင်းထောက်ရေးရေဒါများနှင့် ရေငုပ်သင်္ဘောများကို ထောက်လှမ်းရန်ရေအောက်အသံဖမ်းဗော်ယာများ ပစ်လွှတ်နိုင်သည့် စနစ်များ ပါဝင်သည်။ အာရုံခံကိရိယာများမှရရှိသော အချက်အလက်များကို မြေပြင်ထိန်းချုပ်ရေးစခန်းများသို့ ပေးပို့နိုင်သည့်အပြင် အခြားစစ်ရေယာဉ်များ၊ လေယာဉ်များနှင့် လိုအပ်ပါက မဟာမိတ်တပ်ဖွဲ့များသို့လည်း ဝေမျှပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီစစ်ဘက်က ၂၀၂၈ ခုနှစ် ပထမဆုံး စစ်ဆင်ရေးမတိုင်မီ လေယာဉ်မောင်းလေ့ကျင့်ခြင်းနှင့် လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း အပါအဝင် ပြင်ဆင်မှုများစွာ ကျန်ရှိနေသေးကြောင်း ထုတ်ပြန်ခဲ့သည်။

ဂျာမနီစစ်ဘက်သည် တခြားမဟာမိတ်များဖြစ်သည့် ဗြိတိန်နှင့်ဘယ်လ်ဂျီယံတို့၏ MQ-9B အသုံးပြုမှု အတွေ့အကြုံများကို ရယူနိုင်မည်ဖြစ်၍ စစ်ဆင်ရေးများကို အချောမွေ့ဆုံးစတင်နိုင်မည်ဖြစ်ကြောင်း ဂျာမနီစစ်ဘက်က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

**Germany Orders Eight MQ-9B Drones for Maritime Surveillance, ASW** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၁၉၅၄၅ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၃၈၈၁ ကေ၊ ကနီမြို့နယ်တွင် ၈၉၀၅ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၆၈၀၀၊ ပုလဲမြို့နယ်တွင် ၂၅၀၁ ကေ စုစုပေါင်း ၂၂၀၈၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ကေ ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ကေ ၄၃၂၀၊ ကနီမြို့နယ်တွင် ကေ ၆၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၅၇၉၀၊ ပုလဲမြို့နယ်တွင် ၂၇၃၅ ကေ စုစုပေါင်း ၁၉၅၄၅ ကေ ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇန်နဝါရီလ ပထမပတ်မှ ယနေ့ထိ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက် ဖူးစားပြောင်း အထွက်နှုန်းနည်းပြီး ဝယ်ယူအား များပြားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ဖူးစားပြောင်းတွေ



ကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဖူးစားပြောင်းတွေကို အခုလ ပထမပတ်ကစပြီး သိသိသာသာ အဝယ်လိုက်နေပါတယ်။ ဖူးစားပြောင်း အရောင်းအဝယ်ကောင်းနေတော့ ဖူးစားပြောင်း စိုက်တောင်သူတွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ဖူးစားပြောင်းများသည် ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၃၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပင်လောင်းမြို့နယ် ကံ့ကော်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်လောင်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ပင်စိမ်းစုကျေးရွာနှင့် ကံ့ကော်ပင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ကံ့ကော်ပင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊နည်းဥပဒေပါအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၆၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပင်စိမ်းစုကျေးရွာနှင့် ကံ့ကော်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မုဒုံမြို့နယ် ကော့လှကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းနေမှု စစ်ဆေး



**မုဒုံ ဇန်နဝါရီ ၁၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကော့လှကျေးရွာ၌ ကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ ကော့လှကျေးရွာ၌ ကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကော့လှကျေးရွာတွင် လမ်းအရှည်ပေ ၅၉၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၄၀၅ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် AF Group ကုမ္ပဏီက ၂၀၂၅ ခုနှစ် စက်တင်ဘာလပထမပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကော့လှကျေးရွာ၌ အဆိုပါ ကျောက်ရောမြေလမ်း ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းထံမှ သိရသည်။

**သုတ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr.Christopher Staker ၏ ပထမလျှောက်လဲချက်

ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်များကို မြန်မာနိုင်ငံက စာဖြင့်ရေးသား တုံ့ပြန်ထားပါကြောင်း၊ ယခု ICJ ၌ အမှုစစ်ဆေးခြင်းသည် ပြစ်မှုကြောင်း စစ်ဆေးခြင်းမဟုတ်ကြောင်း၊ ICJ သည် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းအရ ဆောင်ရွက်ပေးရမည့် အပြည်ပြည်ဆိုင်ရာတာဝန် ရှိမှုနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းအချင်းအကြား အငြင်းပွားမှုများကို ဖြေရှင်း သည့် တရားရုံးဖြစ်ကြောင်း၊ ယခုအမှု၏ သဘောသဘာဝနှင့် စပ်လျဉ်း၍ တရားရုံးရှေ့မှာ သက်သေပြရမည့်တာဝန်သည် တော်တော်လေးမြင့်မား ပါကြောင်း၊ သက်သေပြရမည့်တာဝန်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပြစ်မှုတရားရုံးနှင့် ပြည်တွင်းတရားရုံးများကဲ့သို့ သံသယကင်းရှင်းသည်ထိ သက်သေပြရန်တာဝန်ရှိကြောင်း၊ ယခုအမှုသည် တိုက်ရိုက်ထိခိုက်နစ်နာ ခြင်းမရှိသည့် နိုင်ငံတစ်ခုက Genocide Convention ကို လိုက်နာရန်အတွက် ကွန်ဗင်းရှင်းဝင်နိုင်ငံများအားလုံး၏အကျိုးကိုယ်စားဆိုကာ အခြားနိုင်ငံ တစ်ခုကိုအမှုစွဲဆိုသည့် ပထမဦးဆုံးသောအမှုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ဂမ်ဘီယာက အများအကျိုးအတွက်ဟုစွဲဆိုသည့် Genocide Convention တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်နေကြောင်း၊ အများအကျိုးဆို သည်မှာ Convention ၏တာဝန်များကိုနိုင်ငံများက လိုက်နာစေရန်ဆောင် ရွက်ခြင်းဖြစ်ကြောင်း၊ Genocide ဟုအမည်တပ်ပြီး စွပ်စွဲသမျှကို နိုင်ငံများ က ဖြေရှင်းရန်မဟုတ်ကြောင်း၊ ယခုအမှုမတိုင်မီကတည်းက စွဲဆိုသည့် နိုင်ငံများအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများကိုယ်စား စွဲဆိုနိုင်ခြင်း ရှိ၊ မရှိ သို့မဟုတ် Convention ကိုလိုက်နာရန်တာဝန်နှင့်စပ်လျဉ်း၍ စောင့်ကြည့် ရန်တာဝန်ရှိမရှိတို့နှင့်စပ်လျဉ်း၍ဆုံးဖြတ်သည့်ယန္တရားမရှိကြောင်း၊ဆုံးဖြတ် ဆောင်ရွက်ပေးရမည့်ယန္တရားကို ICJ တရားရုံးကယူခဲ့ရာ ICJ တရားရုံးအနေ ဖြင့် ဂရုတစိုက်စစ်ဆေးရန် တာဝန်ရှိကြောင်း၊ မည်သည့်တရားရုံးမဆို ဘက်လိုက်မှုကင်းရှင်းစွာဖြင့် တိတိကျကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စွဲဆိုသည့်နိုင်ငံအနေဖြင့်လည်း စွဲဆိုသည့်အချက်အလက်အထောက်အထား များတိကျမှန်ကန်မှုရှိရန်လိုအပ်သည်ဆိုသည့်အကြောင်းပြောကြားခဲ့ပါသည်။

ဂမ်ဘီယာကစွဲဆိုသည့် လူမျိုးသုဉ်းသတ်ဖြတ်မှု(Genocide)ဆိုသည် မှာ ဥပဒေအကြောင်းအရာများ ပြည့်စုံရန်လိုအပ်ကြောင်း၊ သီးခြားဥပဒေပိုင်း ဆိုင်ရာစံနှုန်းဖြစ်သဖြင့် Convention ၏တာဝန်များကို နိုင်ငံကချိုးဖောက် သည်ကို သက်သေပြရန်တာဝန်မှာ စွဲဆိုသည့်နိုင်ငံ၌ တာဝန်ရှိကြောင်း၊ မည်သည့်တရားမျှတမှုမရှိခြင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကိုချိုး ဖောက်ခြင်းသည် Genocide Convention ကိုချိုးဖောက်ခြင်းမဟုတ်ကြောင်း၊ ယခုအမှုတွင် တရားရုံးအနေဖြင့် Convention ၏ Article IX အရ စီရင်ပိုင် ခွင့်ရှိကြောင်းပြောဆိုထားသော်လည်း တရားရုံးအနေဖြင့် အပြည်ပြည် ဆိုင်ရာဥပဒေ၏စံနှုန်းများကို ချိုးဖောက်သည်ဆိုသည့်ဖော်ပြချက်အပေါ် တရားရုံးအနေဖြင့် စီရင်ပိုင်ခွင့်မရှိကြောင်း၊ ဂမ်ဘီယာ၏တင်ပြချက်များ သည် Genocide Convention နှင့် အခြားသောအပြည်ပြည်ဆိုင်ရာလူသား ချင်းစာနာထောက်ထားမှု အပြည်ပြည်ဆိုင်ရာ ဥပဒေများအကြားကွဲပြားခြား နားမှုပုံစံကိုတင်ပြနိုင်မှုမရှိကြောင်း၊ ဂမ်ဘီယာအနေဖြင့် တင်ပြသော အကြောင်းအရာများသည် Genocide Convention ၏ ဥပဒေပိုင်းဆိုင်ရာ အချက်အလက်များအတွင်း အကျုံးဝင်ခြင်းရှိမရှိကို တရားရုံးကဆုံးဖြတ်ရ မည်ဖြစ်ကြောင်း၊ ဂမ်ဘီယာကတင်သွင်းသော အကြောင်းအရာများတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့စခန်း များကို ARSA ကတိုက်ခိုက်ခဲ့သည်ဆိုသည့်အဖြစ်အပျက်အပေါ် အငြင်းပွား မှုမရှိကြောင်း၊ ARSA ၏ တိုက်ခိုက်မှုအပေါ် အချုပ်အခြာအာဏာပိုင်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံက ခုခံကာကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ARSA ၏တိုက်ခိုက်မှုအပေါ် မြန်မာ့တပ်မတော်နှင့် နယ်ခြားစောင့်ရဲများက ရခိုင် ပြည်နယ်မြောက်ပိုင်းတွင် စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း၊ အဆိုပါစစ်ဆင်ရေး ကို မြန်မာအခေါ် “နယ်မြေရှင်းလင်းရေး”ဖြစ်ကြောင်း၊ အဆိုပါနယ်မြေ ရှင်းလင်းရေးတွင် အကြမ်းဖက်သမားများကိုခုခံတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအကြောင်းအရာအပေါ် ဂမ်ဘီယာအနေဖြင့် အငြင်းပွားမှုမရှိကြောင်း၊ ဂမ်ဘီယာ၏အဆိုလွှာ၌ ARSA ၏ ထင်ထင်ရှားရှားတိုက်ခိုက်မှုများအပေါ် ဖော်ပြခြင်းမရှိခဲ့ကြောင်း၊ ဂမ်ဘီယာ၏အဆိုလွှာနှင့် FFM အစီရင်ခံစာများ တွင် ARSA ၏တိုက်ခိုက်မှုအပေါ်တင်ပြခြင်းမရှိကြောင်း၊ ထိုသို့ ARSA ၏ တိုက်ခိုက်မှုအပေါ် ဂမ်ဘီယာအနေဖြင့် ချန်လှပ်ထားခြင်းသည် ၎င်းအနေ ဖြင့် တိကျစွာသက်သေပြရမည့်တာဝန်နှင့်စပ်လျဉ်း၍ ပျက်ကွက်ကြောင်း၊ မှန်ကန်သည့်တရားစီရင်ရေးစံနှုန်းနှင့်ဆန့်ကျင်နေပါကြောင်း၊ ARSA အဖွဲ့ သည် ကျွမ်းကျင်မှုရှိပြီး စုစုစည်းစည်းဖွဲ့စည်းကာ စနစ်တကျဖွဲ့စည်းထား ခြင်းတို့ကြောင့် ရခိုင်မြောက်ပိုင်းရှိ ဒေသများအပေါ် ဩဇာအာဏာသက် ရောက်မှုရှိသဖြင့် ရခိုင်မြောက်ပိုင်းဒေသကိုထိန်းချုပ်လာကြောင်း၊ ARSA အဖွဲ့အနေဖြင့် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းများတွင်လည်း လှုပ်ရှားမှုများရှိ နေကြောင်း၊ အကြောင်းခြင်းရာပြဿနာအနေဖြင့် ပထမအချက်မှာ ဂမ်ဘီယာ ၏ အဆိုလွှာပါစွပ်စွဲချက်များသည် သက်သေအခိုင်အမာပြသနိုင်ခြင်းမရှိ ကြောင်း၊ ဒုတိယအချက်မှာ ဂမ်ဘီယာမှ မင်းကြီး၊ ချွတ်ပြင်၊ မောင်နု တိုက်ခိုက်မှုများတွင် ARSA ပါဝင်မှုမရှိကြောင်း၊ ဂူတာပြင်၊ အင်းဒင်၊ ကိုးတန်ကောက်၊ ချိန်ခါလီတို့တွင်လည်း ARSA ပါဝင်မှုမရှိခဲ့ကြောင်းပြော ဆိုသော်လည်း ဂမ်ဘီယာ၏သက်သေအထောက်များအရ လုံခြုံရေးတပ်ဖွဲ့ ဝင်များစစ်ဆင်ရေးဆောင်ရွက်သည်ဆိုသော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်တို့သည် ထိုနေရာများတွင် ARSAတိုက်ခိုက်မှုရှိ ခဲ့ခြင်းကြောင့်ဖြစ်သည်ကို ဖော်ပြနေပါကြောင်း၊ IDP စခန်းတွင် ၁၂၆၀၀၀ သော ဘင်္ဂါလီများနေထိုင်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်တွင် နေထိုင်ကြ သောထောင်သောင်းမကသော ဘင်္ဂါလီများသည် ဘင်္ဂလားဒေ့ရှ်သို့ထွက်ပြေး သွားခြင်းမရှိဘဲ ယနေ့အချိန်ထိ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဆက်လက် နေထိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံကတင်သွင်းလျက်ရှိသည့် PMO အစီရင် ခံစာတွင် ကုလသမဂ္ဂအေဂျင်စီ၊ နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီ နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီများကို အထောက်အပံ့ပြုဆောင်ရွက်ပေးလျက်ရှိသည့်ကျန်းမာရေး၊ ပညာရေး၊ စားသောက်ရေးအစရှိသည်တို့နှင့်စပ်လျဉ်း၍ ကိစ္စရပ်များကို ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်တွင်ရှိသော ဘင်္ဂါလီ များကို ပြန်လည်လက်ခံနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်သဘောတူ ညီမှုရှိခဲ့ပြီး လုပ်ငန်းများကို UNHCR နှင့်ပူးပေါင်း၍ စတင်ဆောင်ရွက်ခဲ့ ကြောင်း၊ တတိယအချက်မှာ ဂမ်ဘီယာအနေဖြင့် မြန်မာနိုင်ငံက အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့သည်ဆိုသည့်စွပ်စွဲချက်နှင့် ပတ်သက်၍ လုံလောက်သည့်သက်သေပြသနိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် ဂမ်ဘီယာစွပ်စွဲချက်များသည် မှန်ကန်သည့်တရားစီရင်ရေးဖြစ်စေရန်ဟူ သည့်စံနှုန်းနှင့် ဆန့်ကျင်လျက်ရှိပါကြောင်း တုံ့ပြန်ခဲ့ပါသည်။

သက်သေအချက်အလက်များအပေါ် စိစစ်ခြင်းနှင့်စပ်လျဉ်း၍ ဂမ်ဘီယာ စွဲဆိုသည့်အမှုသည် FFM အစီရင်ခံစာအပေါ်တွင်သာ အခြေခံထားကြောင်း၊ အခြားသောသက်သေခံအထောက်အထားများသည် လူမျိုးသုဉ်းသတ်ဖြတ် သည်ဟုစွပ်စွဲချက်နှင့်စပ်လျဉ်း၍ ဂမ်ဘီယာ၏ထင်မြင်ချက်များသာဖြစ် ကြောင်း၊ ဂမ်ဘီယာ၏ Agent အနေဖြင့် FFM အစီရင်ခံစာကို အချိန်တိုင်း အသုံးပြုခဲ့ကြောင်း၊ ဂမ်ဘီယာတင်ပြချက်များသည် FFM အစီရင်ခံစာနှင့် အစိုးရမဟုတ်သော NGOအဖွဲ့အစည်းများ၏ အစီရင်ခံစာများသာဖြစ် ကြောင်း၊ ဂမ်ဘီယာ၏တင်ပြချက်များသည် FFM အစီရင်ခံစာအပေါ်တွင်သာ အချိန်တိုင်းမှီတည်နေကြောင်း၊ FFM အစီရင်ခံစာများသည် တစ်ဖက်သတ် အကြောင်းအရာများကိုသာအခြေခံ၍ မေးမြန်းစုဆောင်းထားသည့် အချက်အလက်များသာဖြစ်၍ ယင်းအစီရင်ခံစာများကို သက်သေခံအထောက် အထားအဖြစ်အသုံးပြု၍မရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း FFM နှင့် ပူးပေါင်းဆောင်ရွက်ရန်တာဝန်မရှိကြောင်း၊ FFM အစီရင်ခံစာပါ သက်သေ အထောက်အထားများသည် တရားရုံး၏လုပ်ငန်းစဉ်ကဲ့သို့ဆောင်ရွက် ထားခြင်းမရှိကြောင်း၊ အစီရင်ခံစာပါအထောက်အထားများသည် လူအများ ၏ ပြောဆိုချက်အပေါ်အခြေခံထားသည့် အချက်အလက်များသာဖြစ် ကြောင်း၊ ထို့ကြောင့် ICJ တရားရုံးအနေဖြင့် FFM အစီရင်ခံစာကို သက်သေအထောက်အထားအနေဖြင့် ထည့်သွင်းစဉ်းစားရန်လိုအပ်ခြင်း မရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာပြစ်မှုတရားရုံး၏ စည်းမျဉ်းစည်းကမ်းများ နှင့် အခြားသောတရားရုံးများ၏စည်းမျဉ်းများကို ဤတရားရုံးတွင် အသုံး ပြု၍မရဘဲ အပြည်ပြည်ဆိုင်ရာတရားရုံးသည် ၎င်း၏ကိုယ်ပိုင်ဥပဒေနှင့် စည်းမျဉ်းကို အသုံးပြုခြင်းကိုသာလက်ခံကြောင်း၊ ထို့ကြောင့် ဤတရားရုံး ရှေ့မှောက်တွင် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် လုံလောက်သည့် သက်သေပြသနိုင်ရမည်ဖြစ်ကြောင်း၊ FFM အစီရင်ခံစာများသည် လုံလောက်သည့် သက်သေအထောက်အထားများမဟုတ်ကြောင်း တင်ပြခဲ့ ပါသည်။

ဥပဒေပိုင်းဆိုင်ရာအငြင်းပွားမှုတွင် Genocide Convention နှင့်ပတ်သက် ၍ သက်သေပြရန်တာဝန်သည် စွဲဆိုခံရသည့်နိုင်ငံအပေါ် ကျရောက်ခြင်းမရှိ ဘဲ အမှုစွဲဆိုသည့်နိုင်ငံကသာ လုံလောက်သည့်သက်သေပြသရမည်ဖြစ် ကြောင်းကို Bosnia v. Croatia အမှုတွင်ဖော်ပြထားသဖြင့် ဂမ်ဘီယာ အနေဖြင့် လုံလောက်သည့်သက်သေပြရန် လိုအပ်ကြောင်း၊ ဂမ်ဘီယာအနေ ဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကိုကျူးလွန်ခြင်းခံရသောသူများသည် Genocide Convention Article II အတွင်း ကျရောက်ကြောင်းပြောသော်လည်း ဂမ်ဘီယာ၏ ပြောဆိုချက်သည် မှန်ကန်မှုမရှိကြောင်း၊ သေးငယ်သောရွာများ တွင် နေထိုင်လျက်ရှိသောသူများသည် Genocide Convention Article II တွင်ဖော်ပြထားသည့်အုပ်စုအတွင်း အကျုံးဝင်သည်ဟုဆို၍ မရကြောင်း၊ ဂမ်ဘီယာအနေဖြင့် Genocide Convention ၏အဓိပ္ပာယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်အောင် ဥပဒေအချက်အလက်တစ်စုံတစ်ရာပြဆိုနိုင်ခြင်းမရှိဘဲ ၎င်း၏နိုင်ငံရေးအမြင်အရသာ ပြောဆိုနေခြင်းဖြစ်ကြောင်း၊ အငြင်းပွားမှုမရှိ သည့်အကြောင်းအရာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ဆောင်ရွက်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးသည် လူမျိုးသုဉ်းသတ်ဖြတ် ခြင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း တုံ့ပြန်ခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr.Christopher Staker ၏ ဒုတိယ လျှောက်လဲချက်**

မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီ၏တစ်စိတ်တစ်ပိုင်းမဖြစ်ခင်ကတည်း က ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီစကားပြောသောလူဦးရေရှိခဲ့ကြောင်း၊ မြန်မာ နိုင်ငံသည် ဗြိတိသျှအုပ်ချုပ်သည့်ကာလအတွင်း အိန္ဒိယနှင့် စစ်တကောင်း ဒေသတို့မှရွှေ့ပြောင်းလာသည့်သူများဖြစ်ကြောင်း၊ ၁၉၃၁ ခုနှစ်တွင် ဘင်္ဂါလီ ဘာသာစကားပြောဆိုသည့်သူများပိုမိုများပြားလာခဲ့ပြီး ၎င်းတို့ကိုယ်တိုင် က အသိုက်အဝန်းတစ်ခုတည်းဖြစ်သည်ကို လက်ခံထားခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ တရားမဝင်ရွှေ့ပြောင်းသွားလာမှုသည် ပြဿနာ တစ်ရပ်ဖြစ်လျက်ရှိခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက် မူဂျာဟစ်ဒင်သောင်းကျန်းသူများက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ထွက်ပေါ်လာခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် မူဂျာဟစ်ဒင်သောင်းကျန်းသူများအညံ့ ခံသွားခဲ့ကြောင်း၊ ၁၈၂၄ မှ ၁၉၄၈ ဗြိတိသျှအုပ်ချုပ်ခဲ့သည့် ကာလတစ် လျှောက် ရိုဟင်ဂျာဆိုသောအမည်အသုံးပြုခဲ့သည့် အထောက်အထားမရှိ ခဲ့ကြောင်း၊ ၁၉၄၀ နောက်ပိုင်းတွင် ဘင်္ဂါလီမွတ်ဆလင်အချို့က နိုင်ငံရေး လှုပ်ရှားမှုတစ်ခုအနေဖြင့် ရိုဟင်ဂျာဟူသည့်အမည်ကို အသုံးပြုလာကြ ကြောင်း၊ အောက်စ်ဖို့တက္ကသိုလ်၏ The International Encyclopedia of Linguistics တွင် ရိုဟင်ဂျာကို စစ်တကောင်းဒေသမှ မွတ်ဆလင်စကားကို ပြောဆိုသော ဘင်္ဂါလီမွတ်ဆလင်များဟု ဖော်ပြထားပါကြောင်း၊ United Nations document 2004 တွင်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သောသူများကို ရိုဟင်ဂျာဟုခေါ်ဆိုသော ဘင်္ဂါလီများဟု ဖော်ပြထား ကြောင်း၊ မြန်မာနိုင်ငံတွင် ကုလားဟူသည့်စကားလုံးသည် တရားဝင်အသုံး အနှုန်းမဟုတ်ကြောင်း၊ နေ့စဉ်သုံးစကားတစ်ခုသာဖြစ်ကြောင်း၊ ယင်းအသုံး အနှုန်းသည် ကိုလိုနီခေတ်မတိုင်မီက ဘင်္ဂါလီအသိုက်အဝန်းက ၎င်းတို့ ကိုယ်တိုင်အသုံးပြုသည့် အသုံးအနှုန်းဖြစ်ကြောင်း၊ မတူကွဲပြားသည့်အမြင် များကြောင့် ယနေ့အချိန်တွင် ထိုအသုံးအနှုန်းသည် စက်ဆုပ်ဖွယ်ကောင်း သော အသုံးအနှုန်းတစ်ခုဖြစ်နေကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဖော်ပြပါ အချက်အလက်များအပေါ် အငြင်းပွားမှုမရှိကြောင်း၊ တစ်ဖက်ရှေ့နေ Mr. Suleman က ၁၈ ရာစု၊ ၁၉ ရာစုတို့တွင် Rooinga အသုံးအနှုန်းကိုရှိခဲ့သည် ဟု ပြောဆိုခဲ့သော်လည်း ရိုဟင်ဂျာဟူသည့်အသုံးအနှုန်းသည် နောက်ပိုင်း တွင်မှ နိုင်ငံရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့် အသုံးပြုလာခြင်းဖြစ်ကြောင်း တုံ့ပြန်လျှောက်လဲခဲ့ပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီမွတ်ဆလင်များ၏ ဘာသာစကား နှင့် ယဉ်ကျေးမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီ မွတ်ဆလင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဒေသရှိ ဘင်္ဂါလီ များနှင့် ခွဲခြား၍မရကြောင်းနှင့်စပ်လျဉ်း၍ ဂမ်ဘီယာအနေဖြင့် သက်သေ မပြနိုင်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများတွင် ရောက်ရှိနေသော ဘင်္ဂါလီများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ဆောင်ရွက်ခြင်းမရှိဟု ဂမ်ဘီယာ၏စွပ်စွဲချက်အပေါ် ၂၀၂၅ ခုနှစ်တွင် လူ့အခွင့်အရေးကောင်စီက ရိုဟင်ဂျာမွတ်ဆလင်များကို ပြန်လည် လက်ခံရန်တိုက်တွန်းခဲ့ကြောင်း၊ ASEAN Summit တွင်လည်း တိုက်တွန်းခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်တိုင်ပင်လျှင် ပြန်လည် လက်ခံရေးလုပ်ငန်းစဉ်ကိုစတင်ရန်လိုလားခဲ့ကြောင်း၊ ဂမ်ဘီယာစွပ်စွဲ သကဲ့သို့ မြန်မာနိုင်ငံသည် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သည်ဆိုပါက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံကို ပြန်လည် လက်ခံရေးလုပ်ငန်းစဉ်ဆောင်ရွက်ရန် တိုက်တွန်းခြင်းမျိုးပြုလုပ်မည် မဟုတ်ကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အခက်အခဲ များရှိနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမျိုးသားလွှတ်တော်ကော်မတီ၏ ဥက္ကဋ္ဌကပြန်လည်လက်ခံသောသူများကို နိုင်ငံသားအဖြစ်ခွင့်ပြုရန် တောင်း ဆိုခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွင်ရှိသူများကို မြန်မာ နိုင်ငံသို့ပြန်မသွားရန် ARSA ၏ခြိမ်းခြောက်မှုများရှိခဲ့ကြောင်း၊ ပြန်လည် လက်ခံရေးလုပ်ငန်းစဉ်မအောင်မြင်ရန် ARSA ကဆောင်ရွက်လျက်ရှိသည် ကို ဂမ်ဘီယာနိုင်ငံအနေဖြင့် ဖော်ပြခြင်းမရှိခဲ့ကြောင်းဖြင့် တုံ့ပြန်ခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ရှေ့နေ Prof. Alina Miron ၏ လျှောက်လဲချက်

အမှုနှင့်ပတ်သက်သည့် ဥပဒေအချက်အလက်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဂမ်ဘီယာစွဲဆိုသော အမှုနှင့်စပ်လျဉ်း၍ 1948 Genocide Convention ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းရန်လိုကြောင်း၊ အဆိုပါ Genocide Convention Article II နှင့်စပ်လျဉ်း၍ ဂမ်ဘီယာအနေဖြင့် နားလည်မှုလွဲနေကြောင်း၊တရားရုံးအနေဖြင့် Genocide Convention ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အခြားသောအပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများဖြစ်သော Statute of ICTY၊ Statute of ICTR နှင့် Rome Statute တို့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအကြား ကွဲပြားခြားနားမှုရှိမရှိဆုံးဖြတ်ရမည်မဟုတ်ကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်မှုအပေါ် တစ်ဦးချင်းတာဝန်ရှိမှုနှင့် နိုင်ငံ၏တာဝန်ရှိမှုအခန်းကဏ္ဍမှာ ကွဲပြားခြားနားပါကြောင်း၊ တာဝန်ရှိမှုကို ခွဲခြားရာတွင် မတူညီသည့်တရားစွဲဆိုသည့် နေရာများရှိကြောင်း၊ အဆိုပါအချက်အလက်နှင့်ပတ်သက်၍ Croatia v. Serbia အမှု၏ ၂၀၁၅ စီရင်ချက်တွင် ဖော်ပြထားကြောင်း၊ နိုင်ငံ၏တာဝန်ရှိမှုနှင့် တစ်ဦးချင်း၏တာဝန်ရှိမှု တူညီမှုမရှိသည်ကို ဖော်ပြထားကြောင်း၊ dolus specialis နှင့် actus reus တို့နှင့်စပ်လျဉ်း၍ တင်ပြလိုကြောင်း၊ dolus specialis သည် အခြားသော ကြီးလေးသောပြစ်မှုများနှင့်မတူညီဘဲ အဓိကဝိသေသလက္ခဏာများဖြစ်ပါကြောင်း၊ Genocide Convention Article II တွင် နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးစု သို့မဟုတ် ဘာသာရေးဆိုင်ရာအဖွဲ့များ၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဟုဖော်ပြထားပါကြောင်း၊ လူများကို အင်အားသုံး၍ ရွှေ့ပြောင်းစေခြင်း သို့မဟုတ် ethnic cleansing ပြုလုပ်ခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းမဟုတ်ကြောင်း၊ ethnic cleansing နှင့်သက်ဆိုင်သည့်အချက်များသည် လူမျိုးသုဉ်းသတ်ဖြတ်ခြင်းမဟုတ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် လူ နှစ်ဦး သုံးဦးကို သတ်ဖြတ်ခြင်းသည် Genocide Convention Article II အတွင်း အကျုံးဝင်သည်ဟု သုံးသပ်ကြောင်း၊ထို့ကြောင့် ဂမ်ဘီယာအနေဖြင့် အုပ်စုတစ်စုအပေါ် ရုပ်ပိုင်းဆိုင်ရာဖျက်ဆီးမှုကျူးလွန်သည်ကိုသက်သေပြသရန် ခက်ခဲပါကြောင်း၊ ဂမ်ဘီယာအနေဖြင့် တစ်ဦးချင်းစီ၏ပြစ်မှုကျူးလွန်မှုအပေါ်ကိုသာဖော်ပြနေပြီး နိုင်ငံ၏တာဝန်ရှိမှုကို ဖော်ပြခြင်းမရှိကြောင်း၊ လူမျိုးသုဉ်းသတ်ဖြတ်ခြင်းသည် အရေအတွက်ကစားပွဲမဟုတ်ကြောင်း၊ အားလုံးအတွက်လည်း ကစားပွဲမဟုတ်ကြောင်း၊ Actus reas ရှိမရှိ ဆုံးဖြတ်ရန် နိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း လုံလောက်သည့် ပမာဏ၊ ပူးပေါင်းကြံစည်မှုကြောင့် ထွက်ပေါ်လာသည့် လုံလောက်သော နစ်နာသူပမာဏရှိရမည်ဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်နှင့်စပ်လျဉ်း၍ ဘင်္ဂါလီအုပ်စု၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးအပေါ် ဖျက်ဆီးခြင်းရှိသည်ဟူ၍သာပြောဆိုကြောင်း၊ ဂမ်ဘီယာအနေဖြင့် အကာအကွယ်ပေးရမည့်အုပ်စုအပေါ် ပစ်မှတ်ထားကြောင်းကို တင်ပြရန် ပျက်ကွက်လျက်ရှိကြောင်း၊ ကိုးကားဖော်ပြထားခြင်းလည်းမရှိကြောင်း၊ မင်းကြီး၊ ချွတ်ပြင်၊ မောင်နုတွင်ဖြစ်ပွားခဲ့သောဖျက်ဆီးမှုသည် သိသာလုံလောက်သည်ဟု ဂမ်ဘီယာကပြောဆိုနေသော်လည်း Genocide Convention တွင် အကျုံးဝင်သည့် အကာအကွယ်ပေးရမည့်အုပ်စု၏ အဓိကအစိတ်အပိုင်းဖြစ်ကြောင်းကို ဂမ်ဘီယာအနေဖြင့် သက်သေမပြနိုင်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် နစ်နာသူများမှာ အမျိုးသမီးများနှင့် ကလေးများဟုသာပြောဆိုနိုင်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဘင်္ဂါလီအုပ်စုအပေါ် သီးခြားပစ်မှတ်ထားပြုမူသည့် ကျူးလွန်မှုအနည်းငယ်ရှိကြောင်းသာလျှင် သုံးသပ်ဖော်ပြနိုင်ကြောင်း၊ Actus reas ကို ဆုံးဖြတ်ရန်အတွက် အထူးရည်ရွယ်ချက်(dolus specialis)ကို စုံစမ်းစစ်ဆေးရန်လိုအပ်ကြောင်း၊ ဖျက်ဆီးရန်ရည်ရွယ်ချက်ဟူသော အသုံးအနှုန်းသည် အုပ်စုကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝဗေဒအရ ဖျက်ဆီးလိုသောဆန္ဒကို ရည်ညွှန်းခြင်းဖြစ်ကြောင်း၊ Genocide Convention Article II အရ အကာအကွယ်ပေးထားသောအုပ်စုကိုတစ်စုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးလိုသော ရည်ရွယ်ချက်ရှိရန်လိုအပ်ကြောင်း၊ တရားရုံး၏ စီရင်ထုံးများအရ လူဦးရေကို အတင်းအဓမ္မနှင်ထုတ်ခြင်း သို့မဟုတ် ethnic cleansing သည် လူမျိုးသုဉ်းသတ်ဖြတ်မှုမမြောက်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ကျိုးကြောင်းဆီလျော်သော သုံးသပ်ပြသနိုင်မှုကို တရားရုံးသို့ရှင်းပြနိုင်မှုမရှိကြောင်း၊ တိုက်ရိုက်သက်သေခံချက်မဟုတ်သည့်အချက်အလက်များအပေါ်သာ သုံးသပ်တင်ပြခဲ့ကြောင်း၊ Genocide Convention အရ လူသတ်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကာအကွယ်ပေးရမည့်အုပ်စုအား ဖျက်ဆီးခြင်းကိုဖြစ်ပေါ်စေနိုင်သည့် ကျယ်ပြန့်သောလှုံ့ဆော်မှုရှိရမည်ဖြစ်ကြောင်း၊ ပြစ်မှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် လိုအပ်ချက်များကို ICC က ထုတ်ပြန်ထားသည့်ပြစ်မှုမြောက်ရန် လိုအပ်ချက်များတွင် ဖော်ပြထားပါကြောင်း၊ အဆိုပါဖော်ပြချက်နှင့်ဆန့်ကျင်၍ ဂမ်ဘီယာက အကာအကွယ်ပေးရမည့်အုပ်စုကိုဖျက်ဆီးစေနိုင်သော ကျယ်ပြန့်သည့်လှုံ့ဆော်မှုမရှိဘဲ သီးခြားကျူးလွန်သူအနည်းငယ် သို့မဟုတ် သီးခြားကျူးလွန်သူများက ကျူးလွန်သောအနည်းငယ်မျှ သောလူသတ်မှုများအပေါ်တွင်သာ ဂမ်ဘီယာက ပြောဆိုထားကြောင်း၊ ဂမ်ဘီယာက ကလေးမွေးဖွားမှု နှုန်းကန့်သတ်ခြင်းသည် Genocide Convention ၏ လက္ခဏာရပ်အတွင်း ကျရောက်ကြောင်းတင်ပြခဲ့သော်လည်း ၎င်း၏ပြောကြားချက်သည် အကြောင်းခြင်းရာအရသာမက ဥပဒေအရပါ မှားယွင်းနေပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ရှေ့နေ Mr.Stefan Talmon ၏ လျှောက်လဲချက်

သက်သေပြရန်တာဝန်နှင့် သက်သေပြရန်စံနှုန်းများကို တင်ပြလျှောက်လဲမည်ဖြစ်ပါကြောင်း၊တရားလိုသည် စွပ်စွဲသည့်အချက်များအပေါ် သက်သေပြရန် တာဝန်ရှိသည်ဆိုသောစည်းမျဉ်းကို နှစ်ဖက်အမှုသည်များ နားလည်လက်ခံပြီးဖြစ်ပါကြောင်း၊ ယင်းစည်းမျဉ်းကို တရားရုံးက လူမျိုးသုဉ်းသတ်ဖြတ်မှုဖြင့် စွဲဆိုသည့်အမှုများတွင် အစဉ်တစိုက်ကျင့်သုံးလျက်ရှိပါကြောင်း၊ ထို့ပြင် လူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် သက်သေအထောက်အထားများသည် လုံးဝခိုင်မာမှုရှိရမည်ဖြစ်ပါကြောင်း၊ ယင်းသက်သေအထောက်အထားသည်အခြားအထောက်အထားများနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိစေရဘဲ သံသယမရှိ၊ ယုံကြည်ထိုက်သည့် သက်သေအထောက်အထားများဖြစ်ရမည်ဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် တိုက်ရိုက်သက်သေခံအထောက်အထားများကို တင်ပြနိုင်ခြင်းမရှိပါကြောင်း၊ ဂမ်ဘီယာသည် FFM ကို အခြေပြု၍ လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိကြောင်း ချဉ်းကပ်မှုအသစ်ဖြင့် အကြိမ်ကြိမ်တင်ပြလျက်ရှိပါကြောင်း၊ ဂမ်ဘီယာသည် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိကြောင်း ညွှန်ပြချက် ခုနစ်ချက်ကို အသုံးပြုခဲ့ပြီး ယင်းအချက်များသည် သက်သေအထောက်အထားများတွင်ပါရှိပြီးဖြစ်သည်ဟု တင်ပြခဲ့ပါကြောင်း၊ တရားရုံးအနေဖြင့် အကာအကွယ်ပေးထားသည့် လူအုပ်စုတစ်ခုအပေါ် တိုက်ခိုက်မှုအတွင်း ကျူးလွန်ခဲ့သည့် လူမျိုးသုဉ်းသတ်ဖြတ်မှုဆောင်ရွက်ချက်များနှင့် အခြားသောကျူးလွန်မှုများ ရှိမရှိကို ခိုင်လုံသည့်သက်သေအထောက်အထားများဖြင့် စိစစ်ရမည်ဖြစ်ပါကြောင်း၊ ယင်းနောက် အဆိုပါပြုလုပ်မှုများသည် စနစ်တကျစီစဉ်ထားသောအပြုအမူပုံစံများ ဟုတ်၊မဟုတ် စိစစ်ရန်ဖြစ်ပါကြောင်း၊ ဂမ်ဘီယာတင်ပြသောညွှန်ပြချက်များမှာ စနစ်တကျစီစဉ်ထားသောအပြုအမူပုံစံများရှိသည်ဟုညွှန်ပြချက်များက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်၏ညွှန်ပြချက်များမဟုတ်သည်ကို တွေ့ရှိရပါကြောင်း၊ တရားရုံးအနေဖြင့် နောက်ဆုံးတွင် စနစ်တကျစီစဉ်ထားသောအပြုအမူပုံစံများသည် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်မြောက်၊မမြောက်စိစစ်ရန်ဖြစ်ပါကြောင်း၊ခရိုအေးရှားအမှုတွင်ပြုလုပ်မှုတစ်ရပ်ကို သတ်မှတ်ထားသည့် နည်းလမ်းဖြင့်ဆောင်ရွက်ခြင်းသည် စနစ်တကျစီစဉ်ထားသောအပြုအမူပုံစံဖြစ်သော်လည်း ယင်းအပြုအမူပုံစံကို လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ဟု ကောက်ချက်ချ၍ မရနိုင်ဟု တရားရုံးက ဆုံးဖြတ်ထားပါကြောင်း၊ဂမ်ဘီယာကိုယ်စားလှယ်က လူမျိုးသုဉ်းသတ်ဖြတ်ရန်ကြံရွယ်ချက်သည် ခိုင်မာသည့်ကျိုးကြောင်းဆီလျော်သောကောက်ယူချက်ဖြစ်သည်ဟုပြောဆိုချက်မှာ ပြည့်စုံမှုမရှိပါကြောင်း၊ ကောက်ယူချက်တစ်ခုနှင့်စပ်လျဉ်း၍ အခြားသောကောက်ယူချက်တစ်ခုရှိနေလျှင် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိသည်ဟူသော ကောက်ယူချက်မှာ ကျိုးကြောင်းဆီလျော်သည့် ကောက်ယူချက်တစ်ခုမဖြစ်တော့ပါကြောင်း၊ ဂမ်ဘီယာသည် လှုံ့ဆော်မှုနှင့် ကြံရွယ်ချက်ကို ရောထွေးစွာတင်ပြ၍ ရှုပ်ထွေးအောင်ပြုလုပ်နေပါကြောင်း၊ ဂမ်ဘီယာက လူမျိုးစုကို ရှင်းလင်းဖယ်ရှားခြင်းအတွက် လှုံ့ဆော်မှုရှိခြင်းသည် လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်ရှိမှုကို ဟန့်တားခြင်းမရှိကြောင်း ပြောဆိုနေပါကြောင်း၊ သို့သော် လှုံ့ဆော်မှုနှင့် ကြံရွယ်ချက်မှာ သီးခြားစီဖြစ်ကြောင်း၊ ဘော့စနီးယားအမှုတွင် တရားရုံးက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်သည်ကျူးလွန်သူတွင်ရှိနိုင်သည့် လှုံ့ဆော်မှုနှင့်အခြားသောအကြောင်းပြချက်များနှင့် ကွဲပြားရမည်ဖြစ်ကြောင်း ညွှန်ပြခဲ့ပါကြောင်း၊ အကယ်၍ဖျက်ဆီးရန်ကြံရွယ်ချက်နှင့် အခြားကြံရွယ်ချက်နှစ်ခုလုံးသည် စနစ်တကျစီစဉ်ထားသောအပြုအမူပုံစံများမှ ကျိုးကြောင်းဆီလျော်စွာကောက်ယူနိုင်မည်ဆိုပါက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံရွယ်ချက်သည် ကျိုးကြောင်းဆီလျော်သော ကောက်ယူချက်မဟုတ်သည့်အပြင် သက်သေပြရန်စံနှုန်းများနှင့်လည်း ကိုက်ညီမှုမရှိပါကြောင်း၊ ဂမ်ဘီယာက လူမျိုးသုဉ်းသတ်ဖြတ် ရန် ကြံရွယ်ချက်သည် ကျိုးကြောင်းဆီလျော်သော ကောက်ယူချက်ဖြစ်ကြောင်း တင်ပြရမည်ဖြစ်သော်လည်း ထိုသို့တင်ပြခဲ့ခြင်းမရှိပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ရှေ့နေ Ms.Chiara Cordone ၏ လျှောက်လဲချက်

ဂမ်ဘီယာသည် သက်သေအထောက်အထားနှင့် စပ်လျဉ်းသည့် ဥပဒေစည်းမျဉ်းများကို အငြင်းမပွားသော်လည်း ယင်းတို့ကို လက်တွေ့တွင် လိုက်နာကျင့်သုံးခဲ့ခြင်းမရှိကြောင်း၊ ဂမ်ဘီယာ၏ ထင်မြင်ယူဆချက်သည် သက်သေအထောက်အထားခိုင်မာမှုမရှိကြောင်း လက်ခံသော်လည်း ယင်းအထောက်အထားများကို အကြိမ်ကြိမ်တင်ပြနေပါကြောင်း၊ ဂမ်ဘီယာသည် တစ်ဆင့်ကြားသက်သေခံချက်များမှာ ခိုင်မာသည့် သက်သေခံချက်မဟုတ်ကြောင်း လက်ခံသော်လည်း တစ်ဆင့်ကြားသက်သေခံချက်များကို အမြဲမပြတ် ကိုးကားတင်ပြနေပါကြောင်း၊ ဂမ်ဘီယာသည် မီဒီယာဆောင်းပါးများမှ အချက်အလက်ကို သက်သေပြနိုင်သည့်သက်သေခံချက်မဟုတ်ကြောင်း လက်ခံသော်လည်း မီဒီယာဆောင်းပါးများကို ကျယ်ကျယ်ပြန့်ပြန့်ကိုးကားတင်ပြနေပါကြောင်း၊ ဂမ်ဘီယာသည် FFM အစီရင်ခံစာများ၊ အခြားအဖွဲ့အစည်းများနှင့် NGO များ၏ အစီရင်ခံစာများကို အလွန်အမင်းကိုးကားထားပါကြောင်း၊ တရားရုံးအနေဖြင့် တစ်ဖက်မှတင်ပြလာသော FFM, IIMM, UN အဖွဲ့အစည်းများနှင့် NGO များ၏ အစီရင်ခံစာများပါ သက်သေအထောက်အထားများကို ဂရုတစိုက်သုံးသပ်ပြီး ယင်းအထောက်အထားများ၏ ခိုင်မာမှုကို အလေးထားစိစစ်ပေးရန်လိုအပ်ကြောင်း တင်ပြလိုပါကြောင်း၊ Armed Activities on the Territory of the Congo တွင် တရားရုံးအနေဖြင့် တရားဝင်အဖွဲ့အစည်းတစ်ခု၏ အစီရင်ခံစာတစ်စောင်ကို ခိုင်လုံမှုရှိကြောင်း သုံးသပ်မည်ဆိုပါက တိုက်ရိုက်ပါဝင်သူများကို စစ်ဆေးခြင်းနည်းလမ်းဖြင့်ရရှိသော သက်သေခံချက်ပါဝင်ခြင်း၊ စစ်ဆေးရာတွင် ကျွမ်းကျင်သူတရားသူကြီးများက ပြန်လှန်စစ်မေးခြင်းဖြင့်ဆောင်ရွက်ခြင်း၊ ဘက်လိုက်မှုကင်းမဲ့သူများက သက်သေခံချက်များ၏ မှန်ကန်မှုကို မေးခွန်းထုတ်ရန်မရှိခြင်းဟူသည့် အခြေအနေများနှင့် ကိုက်ညီရမည်ဖြစ်ပါကြောင်း၊ ဂမ်ဘီယာက တင်ပြသည့် အထူးသဖြင့် FFM, IIMM တို့ပါ သက်သေခံအထောက်အထားများအားလုံးသည် အဆိုပါအခြေအနေများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊တရားရုံးအနေဖြင့် အဆိုပါအစီရင်ခံစာများကို ခိုင်မာသည့်အထောက်အထားများအဖြစ် မှတ်ယူရန်မသင့်ကြောင်း၊ လက်မှတ်ရေးထိုးထားခြင်းမရှိသော သက်သေခံချက်များကို ခိုင်မာမှုရှိမရှိအကဲဖြတ်ရာတွင် အဆိုပါသက်သေခံချက်ပြုလုပ်သည့် ပုံစံနှင့်အခြေအနေတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ အမည်ဖော်ပြပါရှိခြင်းမရှိသော သက်သေခံချက်များကိုလည်း သက်သေခံအဖြစ်လက်ခံရန်မသင့်ပါကြောင်း၊ တရားရုံး၏ဆုံးဖြတ်ချက်တွင် အကျိုးခံစားခွင့်ရရှိမည့်သက်သေ၏ သက်သေခံချက်ကိုလည်း တရားရုံးက အထူးဂရုပြု၍ စိစစ်ရန်လိုအပ်ပါကြောင်း၊ ဂမ်ဘီယာသည်မီဒီယာဆောင်းပါးများနှင့် စာအုပ်များ၏ အားနည်းသော သက်သေခံတန်ဖိုးများကို အသုံးပြု၍ အခြားသက်သေခံအထောက်အထားများဖြင့် သက်သေမပြနိုင်သောအချက်အလက်များကို အထောက်အပံ့ဖြစ်စေရေးအတွက်အသုံးပြုရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သက်သေခံအထောက်အထားများ ခိုင်မာမှုရှိမရှိသည် သက်သေပြရန်အမြင့်ဆုံးစံနှုန်းများကို လိုက်နာရမည့် ယခုအမှု၏ အဓိကအကြောင်းခြင်းရာဖြစ်ပါကြောင်း၊ တရားရုံးအနေဖြင့် ၎င်း၏စီရင်ဆုံးဖြတ်ချက်များ၏ ဖြောင့်မတ်မှန်ကန်မှုကိုဖြစ်ပေါ်စေရေးအတွက် သက်သေပြရန် အမြင့်ဆုံးစံနှုန်းများကို တိကျစွာလိုက်နာဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံက တင်ပြတောင်းဆိုအပ်ပါကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

☆ ကျောဖုံးမှအဆက်

**ကယားပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၉) | ဒေါက်တာနိုင်လင်း | ၈/ပဖန(နိုင်)၀၇၁၈၁၅ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဒေါ်နော်ဖလောရင့် ဒယ်နီ | ၂/လကန(နိုင်)၀၆၈၉၅၂ | အမှတ်(၁၀) | ကယားပြည်နယ်ပြည်သူ့ပါတီ |
| (၁၁) | ဦးဇော်မင်းထူး | ၆/ထဝန(နိုင်)၀၄၀၉၀၁ | အမှတ်(၁၁) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၁၂) | ဒေါ်မာရီအားမူ | ၂/ဒမဆ(နိုင်)၀၀၂၆၉၆ | အမှတ်(၁၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

**ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၁၃) | စောသိန်းလွင် | ၃/လဘန(နိုင်)၀၅၆၆၄၄ | အမှတ်( ၃ ) | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ |
| (၁၄) | ဦးခင်ဇော်ထွန်း | ၅/မရန(နိုင်)၁၇၄၀၃၈ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၁၅) | ဦးအောင်ချစ်လွင် | ၅/ခတန(နိုင်)၀၀၃၃၃၄ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးဝင်းတင့် | ၅/စကန(နိုင်)၀၃၄၅၁၉ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးမြတ်မျိုးညွှန့် | ၅/ရဘန(နိုင်)၁၀၁၈၇၃ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးခင်မောင်အေး | ၁၃/ကလန(နိုင်)၀၃၁၆၅၂ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**စစ်ကိုင်းတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၁၉) | ဒေါ်သိဂီဝင်းရွှေ | ၇/တငန(နိုင်)၁၀၁၈၄၇ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးထွန်းအောင်ဝင်း | ၅/ကသန(နိုင်)၀၀၁၉၈၁ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးပြည့်ဖြိုးစံ | ၅/ဟမလ(နိုင်)၀၇၂၄၁၁ | အမှတ်(၁၁) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၂) | ဦးလွှမ်းမိုးနိုင် | ၅/ကဘလ(နိုင်)၀၀၀၃၇၂ | အမှတ်(၁၂) | ပြည်သူ့ပါတီ |

**တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၂၃) | ဦးငွေထွန်း | ၆/ကစန(နိုင်)၀၅၂၉၃၆ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၂၄) | ဒေါ်ခင်ရွှေမြင့်(ခ) ဒေါ်နှောင်ထွေး | ၇/ပခတ(နိုင်)၀၀၀၀၆၇ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၂၅) | ဦးတင်မျိုးဇော် | ၈/မကန(နိုင်)၁၃၉၂၅၇ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးအောင်နိုင် | ၈/တတက(နိုင်)၀၀၇၈၈၉ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးစိန်ရွှေမင်း | ၈/မဘန(နိုင်)၀၁၇၁၂၈ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးအောင်နိုင် | ၈/မမန(နိုင်)၀၁၃၂၇၉ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးခင်မောင်သန်း | ၁၂/အစန(နိုင်)၀၀၆၁၉၂ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၃၀) | ဦးခင်မောင်ဌေး | ၈/ဆမန(နိုင်)၀၂၄၂၈၂ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးကျော်သူဦး | ၈/မဘန(နိုင်)၀၀၂၆၃၇ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးစောသွင် | ၈/မဘန(နိုင်)၀၅၆၄၃၇ | အမှတ်( ၉ ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

**မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၃၃) | ဦးဇော်လတ်မိုး | ၈/နမန(နိုင်)၀၈၄၇၉၂ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးဖေသန့်ဇော် | ၈/ခမန(နိုင်)၁၀၁၂၄၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၅) | ဒေါ်ခင်ဆွေ | ၈/မလန(နိုင်)၀၁၉၆၂၃ | အမှတ်(၁၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

**မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၃၆) | ဒေါ်ယဉ်မင်းထိုက် | ၁၀/ကမရ(နိုင်)၀၁၇၉၅၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးခင်မောင်ထွေး(ခ) မင်းစောနွယ် | ၁၀/မဒန(နိုင်)၀၉၈၃၁၅ | အမှတ်( ၃ ) | မွန်ညီညွတ်ရေးပါတီ |
| (၃၈) | နိုင်ချမ်းတွဲ့ | ၁၀/မလမ(နိုင်)၂၀၈၀၇၅ | အမှတ်( ၅ ) | မွန်ညီညွတ်ရေးပါတီ |
| (၃၉) | ဒေါ်အေးချမ်းမုံ | ၅/အတန(နိုင်)၀၉၀၀၆၇ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဒေါက်တာ ဗညားအောင်မိုး | ၁၀/ရမန(နိုင်)၂၀၂၃၄၈ | အမှတ်( ၇ ) | မွန်ညီညွတ်ရေးပါတီ |
| (၄၁) | ဦးရဲထွဋ်အောင် | ၁၀/ခဆန(နိုင်)၀၇၈၂၉၃ | အမှတ်( ၈ ) | မွန်ညီညွတ်ရေးပါတီ |
| (၄၂) | ဦးစိုးမင်းစမ်း | ၁၀/ဘလန(နိုင်)၀၀၁၀၅၃ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးဇော်မြင့် | ၁၀/မဒန(နိုင်)၀၀၁၆၆၀ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးသိန်းမြင့် | ၁၀/ကမရ(နိုင်)၀၀၃၃၇၂ | အမှတ်(၁၁) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၄၅) | ဒေါ်စိုးစိုးမြင့် | ၁၂/ဥကမ(နိုင်)၁၄၀၂၀၇ | အမှတ်(၁၂) | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၄၆) | ဦးခင်မောင်တင့် | ၁၂/အစန(နိုင်)၁၃၆၆၄၈ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၄၇) | ဒေါ်မာလာဆန်း | ၁၃/ကလန(နိုင်)၀၀၉၁၅၇ | အမှတ်( ၂ ) | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ |

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**ရှေ့ဖုံးမှအဆက်**

ဘင်္ဂလားနယ်မှဝင်ရောက်လာသူများဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ဤအမှုတွင် အဓိကအားပြု၍ ကိုးကားအသုံးပြုထားသည့် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့ (Fact Finding Mission (FFM))၏ အစီရင်ခံစာများနှင့် ၎င်းက စုဆောင်းကောက်ယူထားသည့် ထွက်ဆိုချက်များသည် တရားရုံးက ထည့်သွင်းစဉ်းစားသင့်သည့် သက်သေအဆင့်အတန်း မမီပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (Independent Investigative Mechanism for Myanmar (IIMM))သည် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအတွက် သက်သေစုဆောင်းမည့် အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သည့် ကာလအတွင်း ယခုအမှုအတွက် သက်သေထွက်ဆိုချက် ၄၂ ခုသာ ထောက်ပံ့ပေးနိုင်ပြီး ယင်းတို့အနက် ဂမ်ဘီယာက ၁၂ ခုကိုသာ ကိုးကားထားကြောင်း၊ မြန်မာအနေဖြင့် အထက်ပါအဖွဲ့အစည်း နှစ်ခုလုံးကို အသိအမှတ်မပြု၊ ပူးပေါင်းဆောင်ရွက်ခြင်းမပြုသော်လည်း ဂမ်ဘီယာ၏ သက်သေအကိုးအကားများကို ချေဖျက်ရုံမျှသာ ကိုးကားဖော်ပြခြင်းဖြစ်ကြောင်း စသည်ဖြင့် ချေပလျှောက်လဲသည်။ **(မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr.Christopher Staker၏ ချေပလျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေ Prof. Alina Miron က အသုံးချဥပဒေ(လူမျိုးသုဉ်းစေမှုဆိုင်ရာသဘောတူစာချုပ်)ပါပြဋ္ဌာန်းချက်များအရ လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်မြောက်ခြင်း၊ မမြောက်ခြင်းနှင့် ပတ်သက်၍ လျှောက်လဲတင်ပြရာတွင် ဂမ်ဘီယာအနေဖြင့် တရားရုံး၏ ယခင်စီရင်ထုံးများ၊ ယခင်ယူဂိုဆလားဗီးယားနိုင်ငံအတွက်ဖွဲ့စည်းခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICTY)စီရင်ထုံးများ၊ ကြားဖြတ်ဝင်ရောက်သည့် နိုင်ငံများကို ကိုးကား၍ လျှောက်လဲထားသော်လည်း အမှန်မှာမူ တရားရုံး၏ သုံးသပ်ဆုံးဖြတ်မှုများနှင့် မတူညီဘဲ လိုရာဆွဲထားခြင်းဖြစ်ကြောင်း ချေပလျှောက်လဲသည်။ **(မြန်မာနိုင်ငံ၏ရှေ့နေ Prof. Alina Miron ၏ ချေပလျှောက်လဲချက်ကို သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ မြန်မာနိုင်ငံ၏ရှေ့နေ Mr.Stefan Talmon နှင့် Ms.Chiara Cordoneတို့က သက်သေပြရန်တာဝန်ရှိမှု၊ သက်သေပြသည့် နည်းလမ်းများနှင့် ပတ်သက်၍ လျှောက်လဲတင်ပြရာတွင် မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုချေမှုန်းရေးဆောင်ရွက်ချက်များသည် ဂမ်ဘီယာက စွပ်စွဲလျှောက်လဲထားသကဲ့သို့ လူမျိုးသုဉ်းစေခြင်းမှလွဲ၍ အခြားကောက်ယူရမည့် သုံးသပ်ချက်လုံးဝမရှိသည့် အခြေအနေ မဟုတ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် တရားရုံးတော်၏ ကိုယ်ပိုင်စဉ်းစားသုံးသပ်၍ ဆုံးဖြတ်ပေးရမည့် အခန်းကဏ္ဍကို လျစ်လျူရှု၍ FFM ၏ ကောက်ချက်တစ်ခုတည်းအပေါ်သာအားပြု၍ လူမျိုးသုဉ်းစေမှုမြောက်သည်ဟု တရားရုံးက ဆုံးဖြတ်ပေးရန် တောင်းဆိုနေခြင်းဖြစ်ကြောင်း ချေပလျှောက်လဲသည်။ **(မြန်မာနိုင်ငံ၏ ရှေ့နေ Mr.Stefan Talmon နှင့် Ms.Chiara Cordone တို့၏ ချေပလျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် မြန်မာနိုင်ငံ၏ရှေ့နေ Ms.Leigh Lawrie KC က Arakan ရိုဟင်ဂျာလွတ်မြောက်ရေးတပ်မတော် (ARSA) အကြမ်းဖက်အဖွဲ့နှင့်ပတ်သက်၍ လျှောက်လဲတင်ပြရာတွင် အာဆာဖြစ်ပေါ်ပြောင်းလဲလာပုံနှင့် စုဖွဲ့လေ့ကျင့်မှု၊ အရပ်သားများကို အင်အားစုဆောင်းမှုများအကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် အာဆာ၏ စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်သည့် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်မှုချေမှုန်းရေး၊ အခြားလုံခြုံရေးအစီအမံများ တန်ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အာဆာ၏ဖြစ်တည်မှုကို ဂမ်ဘီယာက ဖုံးအုပ်လျှော့ချပြီး လျှောက်လဲထားခြင်းမှာ မမှန်ကန်ကြောင်း၊ အာဆာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ကြီးစိုးခြိမ်းခြောက်မှုရှိကြောင်း၊ ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူများရာနှင့်ချီ၍ အစုလိုက်သတ်ဖြတ်ခံရခြင်းတွင် အာဆာက ကျူးလွန်သည့်ပုံစံ၊ သက်သေများကိုခြိမ်းခြောက်ပြီး လိမ်ညာထွက်ဆိုစေသည့် ပုံစံ စသည်တို့သည် ဤအမှုတွင် တရားရုံးကသေချာစွာ ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်များဖြစ်ကြောင်း ချေပလျှောက်လဲခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❍ **မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

မြတ်ကောင်းခန့်၊ ၂၄ မိနစ်နှင့် ၈၂ မိနစ်တို့တွင် ရဲရင့်အောင်၊ ၃၂ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊မိနစ် ၆၀ တွင် ဆအောင်ပြည့်တို့က သွင်းယူနိုင်ခဲ့ကာ သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်နှင့် ၈၄ မိနစ်တို့တွင် စောမျိုးဇော်က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ရှေဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၄ မိနစ်တွင် အောင်မျိုးခန့်နှင့် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ငါးမိနစ်တွင် ကောင်းစည်သူတို့က သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။ **STA**

## မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်လျက်ရှိကြောင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်(၁/၂၀၂၆)

၂၀၂၆ခုနှစ် ဇန်နဝါရီလ ၁၆ ရက် သောကြာနေ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် အမှန်တရားအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၂။ ICJ အမှုအခင်းသည် မြန်မာနိုင်ငံအတွက် သွေးရိုးသားရိုးအမှုအခင်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့်သက်ဆိုင်သော နိုင်ငံ့အရေးဖြစ်သောကြောင့် မြန်မာနိုင်ငံက မကျူးလွန်သည့်အမှုတစ်ခုကို နိုင်ငံတကာအထင်အမြင်လွဲမှားအောင်၊ မတရားစွပ်စွဲခံရအောင်၊ မြေပြင်အခြေအနေနှင့်ကွဲလွဲသော သတင်းအချက်အလက်အမှားများဖြင့် စွပ်စွဲနေခြင်းသာဖြစ်ပါသည်။

၃။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)မှ တရားသူကြီးများအနေဖြင့် မှန်ကန်သောတရားစီရင်ရေးကျင့်ဝတ်ကို စောင့်ထိန်းလျက် အမှန်တရားအတိုင်း ဘက်လိုက်မှုကင်းစွာဖြင့် ဆုံးဖြတ်နိုင်မည်ဟု မျှော်လင့်ပါသည်။ ယခုအမှုကိစ္စသည် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ တရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့် သက်ဆိုင်သောကိစ္စရပ်များဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏အမှန်တရားအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများဖွင့်လှစ်ပြင်ဆင်ထားရှိမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုစစ်ဆေး



**မန္တလေး ဇန်နဝါရီ ၁၇**

၂၀၂၅ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးတိုင်းဒေသကြီးအတွင်း အပိုင်း(၃)၌ ပါဝင်သည့် မြစ်သားမြို့နယ်ရှိ သတ်မှတ်နေရာများတွင် မဲရုံများဖွင့်လှစ်ပြင်ဆင်ထားရှိမှု၊ မူလကဓမ္မာရုံများတွင် ဖွင့်လှစ်ရန်လျာထားသည့်မှ မဲရုံများကို ပြောင်းရွှေ့ဖွင့်လှစ်ပြင်ဆင်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့နယ်ရှိ အနော်ရထာခန်းမသို့ရောက်ရှိပြီး သတ်မှတ်မဲရုံများသို့ ထုတ်ပေးမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို စနစ်တကျနေရာချ စီစဉ်ဆောင်ရွက်ထားနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို MEVM စက်ပစ္စည်းများအား လုံခြုံစိတ်ချပြီး ပျက်စီးမှုများမရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးဂရုစိုက်ကြပ်မတ် ထိန်းသိမ်းသွားရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့နယ်ရှိ မူလသတ်မှတ်ထားသည့် ဓမ္မာရုံများရှိမဲရုံများကို ပြောင်းရွှေ့ဖွင့်လှစ် ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ ရွှေသူဌေးရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းအတွင်း မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)၊ မြို့မအရှေ့ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်း မဲရုံအမှတ်(၂)နှင့် မဲရုံအမှတ်(၃)၊ လက်ပန်ဆီမီးကျေးရွာရှိ မဲရုံအမှတ်(၁)၊ ကူမဲမြို့အမှတ်(၁)ရပ်ကွက်ရှိအခြေခံပညာအထက်တန်းကျောင်းအတွင်း အောင်ဆန်းခန်းမ၊ သာလွန်စံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအတွင်း မဲရုံအမှတ်(၁)သို့သွားရောက်၍ မဲရုံများပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်မှတာဝန်ရှိသူများကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသူနိုင်ငံသားအားလုံးပါဝင်မဲပေးနိုင်ရေး အလေးထားကာ အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲဆန္ဒပေးသူများ ဆန္ဒမဲပေးရာတွင် အချိန်ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး မူလသတ်မှတ်ထားသည့်ဓမ္မာရုံများရှိ မဲရုံများအား ပြောင်းရွှေ့ဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ သက်သောင့်သက်သာမှုရှိပြီး အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး ပိုမိုကောင်းမွန်အောင် တိုးမြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဗဟိုကော်မတီ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၅ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)၌ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ရှစ် မြို့နယ်ပါဝင်ပြီး မြစ်သားမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၄၁၁၂၇ ဦးအတွက် မဲရုံ ၁၇၅ ရုံကို ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ မဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌၂၀၂၅ခုနှစ်ပါတီစုံအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါမြို့ရှိ ကမ္ဘောဇခန်းမတွင်ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်မှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်မည့်ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက မိုးနဲမြို့နယ်အတွင်း ၂၀၂၅ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)အတွက် မဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် မဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂)
## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၀၁၉၇ | ၃၃၃၂ | ၃၃၅၂၉ | |
| | | ဦးရခွီဖုန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၄၇၀ | ၂၂၉၇ | ၁၄၇၆၇ | ၄၄.၀၄% |
| | | ဦးဂျေယောဝူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၉၃ | ၆၉၀ | ၁၁၈၈၃ | ၃၅.၄၄% |
| | | ဒေါက်တာခင်စောနွဲ့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၅၆၆ | ၁၃၇ | ၃၇၀၃ | ၁၁.၀၅% |
| | | ဦးဇုန်းယိန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၃၀ | ၁၀၄ | ၁၆၃၄ | ၄.၈၇% |
| | | ဦးဆန်းဦး | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၁၄၃၈ | ၁၀၄ | ၁၅၄၂ | ၄.၆၀% |
| ၂ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၉၃၂၁ | ၁၉၄၈ | ၂၁၂၆၉ | |
| | | ဒေါ်ဒွဲဘူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆၁၁ | ၉၅၅ | ၇၅၆၆ | ၃၅.၅၇% |
| | | ဦးခေါတိန့် | ဒီမိုကရေစီပါတီသစ်(ကချင်) | ၄၁၉၇ | ၃၃၀ | ၄၅၂၇ | ၂၁.၂၉% |
| | | ဦးတင်ထွန်းအောင် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၄၃ | ၃၁၈ | ၃၁၆၁ | ၁၄.၈၆% |
| | | ဦးငွါးဆီး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၆၅ | ၁၇၀ | ၂၇၃၅ | ၁၂.၈၆% |
| | | ဦးဒေါင်ဟောင်း | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၆၂၈ | ၈၆ | ၁၇၁၄ | ၈.၀၆% |
| | | ဦးဇော်အောင်ဆန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၃ | ၅၀ | ၉၈၃ | ၄.၆၂% |
| | | ဦးနောရဲ့ဒီး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၄၄ | ၃၉ | ၅၈၃ | ၂.၇၄% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၉၈၆၉ / ၂ = ၃၄၉၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၆၉၈၆၉ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၉၇၈ | - | ၂၉၉၇၈ | ၁ | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၇၂၂ | - | ၁၆၇၂၂ | ၁ | ၁ | |
| | | ၃။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၃၃၆ | - | ၉၃၃၆ | - | - | |
| | | ၄။ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၄၂၁ | - | ၈၄၂၁ | - | - | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၁၅ | - | ၃၁၁၅ | - | - | |
| | | ၆။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၇၁၄ | - | ၁၇၁၄ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၃ | - | ၅၈၃ | - | - | |

ရှင်းလင်းချက် ။

(၁) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ် အမှတ်(၄)နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၁)၊ (၅)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂)
## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၃) | | | ၉၂၆ | ၁၁၁၁ | ၂၀၃၇ | |
| | | ဦးမြင့်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၅ | ၇၇၃ | ၁၃၈၈ | ၆၈.၁၄% |
| | | ဦးဝင်းအောင် | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၃၆ | ၁၄၂ | ၂၇၈ | ၁၃.၆၅% |
| | | ဦးစောသန်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၂ | ၁၁၇ | ၂၀၉ | ၁၀.၂၆% |
| | | ဦးကျော်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၃ | ၇၉ | ၁၆၂ | ၇.၉၅% |
| ၂ | မဲဆန္ဒနယ်အမှတ်(၄) | | | ၂၉၅ | ၇၅၃ | ၁၀၈၄ | |
| | | ဦးဆူရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇ | ၇၂၉ | ၉၇၆ | ၉၃.၁၃% |
| | | ဦးဖြိုးလွင်အောင် | ကယားပြည်နယ်ပြည်သူ့ပါတီ | ၂၂ | ၁၆ | ၃၈ | ၃.၆၃% |
| | | ဦးစောမင်းသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၆ | ၈ | ၃၄ | ၃.၂၄% |

စာမျက်နှာ ၂၁ သို့

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

စာမျက်နှာ ၂၀ မှအဆက်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၈၉၂ / ၆ = ၆၁၄၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသောနိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၆၈၉၂ | ၄ | | ၂ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၄၆၃ | ၃ | ၁၉ | - | ၃ | |
| | | ၂။ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၈၀၇၆ | ၁ | ၁၉၂၈ | | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၃၉၉ | - | ၅၃၉၉ | ၁ | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၅၄ | - | ၄၉၅၄ | ၁ | ၁ | |

ရှင်းလင်းချက် ။ (၁) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကယားပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၁)၊ (၂) နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၃)၊ (၄)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

---

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)
## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကရင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၃) | | | ၄၂၂၉၂ | ၄၂၂၂ | ၄၆၅၁၄ | |
| | | စောသိန်းလွင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၀၉၆၅ | ၁၁၂၉ | ၂၂၀၉၄ | ၄၇.၅၀% |
| | | ဦးမင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၃၆၈ | ၂၂၈၉ | ၁၂၆၅၇ | ၂၇.၂၁% |
| | | စောကျော်ရွှေ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၈၈၈၈ | ၇၁၆ | ၉၆၀၄ | ၂၀.၆၅% |
| | | ဦးအေးမောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၇၁ | ၈၈ | ၂၁၅၉ | ၄.၆၄% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၉၆ | ၃၇၇၅ | ၈၈၇၁ | |
| | | ဦးခင်ဇော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၇၈ | ၃၁၆၈ | ၆၄၄၆ | ၇၂.၆၆% |
| | | စောဂျေအောင်းမြင့် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၀၅ | ၃၈၅ | ၁၀၉၀ | ၁၂.၂၉% |
| | | နန်းစောမာလာ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၅၁၉ | ၁၄၆ | ၆၆၅ | ၇.၅၀% |
| | | ဦးသန်းမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၁ | ၆၂ | ၄၅၃ | ၅.၁၁% |
| | | ခွန်နေမျိုးသူ | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၂၀၃ | ၁၄ | ၂၁၇ | ၂.၄၄% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၂) | | | ၇၁၁၄၃ | ၆၈၇၈ | ၇၈၀၂၁ | |
| | | ဦးအောင်ချစ်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၄၁၆ | ၅၂၇၀ | ၃၅၆၈၆ | ၄၅.၇၄% |
| | | ဦးစိုင်းလှိုင်ငြိမ်း | ရှမ်းနီ(တိုင်းလျန်)သွေးစည်းညီညွတ်ရေးပါတီ | ၂၁၅၃၅ | ၉၃၅ | ၂၂၄၇၀ | ၂၈.၈၀% |
| | | ဒေါ်မင်းမင်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၆၃၄ | ၅၄၁ | ၁၅၁၇၅ | ၁၉.၄၅% |
| | | ဒေါ်နန်းတင်မော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၅၈ | ၁၃၂ | ၄၆၉၀ | ၆.၀၁% |
| ၄ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၂၃၇၀၄ | ၁၁၅၉၁ | ၁၃၅၂၉၅ | |
| | | ဦးဝင်းတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၆၉၈ | ၉၆၀၆ | ၅၈၃၀၄ | ၄၃.၁၀% |
| | | ဦးစောလှဘုန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၉၇၂၄ | ၇၅၉ | ၃၀၄၈၃ | ၂၂.၅၃% |
| | | ဦးစိုးလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၆၇၄ | ၅၆၇ | ၁၇၂၄၁ | ၁၂.၇၄% |
| | | ဦးအောင်ဇော်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၄၈၇ | ၃၄၃ | ၁၅၈၃၀ | ၁၁.၇၀% |
| | | ဦးဝင်းမြတ် | ပြည်သူ့ပါတီ | ၁၃၁၂၁ | ၃၁၆ | ၁၃၄၃၇ | ၉.၉၃% |
| ၅ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၂၆၃၉ | ၂၇၅၃ | ၁၅၃၉၂ | |
| | | ဦးမြတ်မျိုးညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၆၉ | ၂၃၈၄ | ၈၀၅၃ | ၅၂.၃၂% |
| | | ဦးမိုးထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၅၆၂ | ၂၆၄ | ၃၈၂၆ | ၂၄.၈၆% |
| | | ဦးရန်ပိုင် | ပြည်သူ့ပါတီ | ၃၄၀၈ | ၁၀၅ | ၃၅၁၃ | ၂၂.၈၂% |
| ၆ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၁၉၃ | ၆၁၄၇ | ၅၆၃၄၀ | |
| | | ဦးခင်မောင်အေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၀၄၇ | ၅၄၂၃ | ၃၈၄၇၀ | ၆၈.၂၈% |
| | | ဦးမြင့်ဌေး | ပြည်သူ့ပါတီ | ၇၈၀၆ | ၃၄၉ | ၈၁၅၅ | ၁၄.၄၈% |
| | | ဒေါ်ဌေးဌေးလွင် | ရှမ်းနီ(တိုင်းလျန်)သွေးစည်းညီညွတ်ရေးပါတီ | ၆၂၃၇ | ၂၂၅ | ၆၄၆၂ | ၁၁.၄၇% |
| | | ဒေါ်သန်းတင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၀၃ | ၁၅၀ | ၃၂၅၃ | ၅.၇၇% |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၀၇၀၂၇ / ၄ = ၅၁၇၅၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၂၀၇၀၂၇ | ၂ | | ၂ | ၄ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၄၈၂၇ | ၂ | ၁၃၁၅ | - | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၀၄၈၃ | | ၃၀၄၈၃ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၂၅၁၀၅ | - | ၂၅၁၀၅ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၃၂၀ | - | ၂၄၃၂၀ | | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၈၃၀ | - | ၁၅၈၃၀ | - | - | |
| | | ၆။ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၆၄၆၂ | - | ၆၄၆၂ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၄)၊ (၅)နှင့် (၆) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)
## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၃၅၁၀ | ၄၆၆၁ | ၅၈၁၇၁ | |
| | | ဦးငွေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၂၇၉ | ၄၀၀၇ | ၃၁၂၈၆ | ၅၃.၇၈% |
| | | ဦးညီညီဇော် | ပြည်သူ့ပါတီ | ၁၅၀၂၃ | ၃၂၄ | ၁၅၃၄၇ | ၂၆.၃၈% |
| | | ဦးလှကြွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၇၈၁ | ၂၃၈ | ၉၀၁၉ | ၁၅.၅၁% |
| | | ဦးသန့်ဇင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၂၇ | ၉၂ | ၂၅၁၉ | ၄.၃၃% |
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၂ | မဲဆန္ဒနယ်အမှတ်(၅) | | | ၂၀၄၂၅၄ | ၁၂၈၃၈ | ၂၁၇၀၉၂ | |
| | | ဒေါ်ခင်ရွှေမြင့်(ခ)ဒေါ်နှောင်းထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၆၇၇ | ၃၉၃၄၂ | ၁၁၉၀၁၉ | ၅၄.၂၉% |
| | | ဦးဝင်းဝင်းထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၈၈၂ | ၄၆၇၅ | ၃၇၅၅၇ | ၁၄.၆၁% |
| | | ဦးမျိုးမြင့်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၁၆၉ | ၂၇၄၆ | ၂၇၉၁၅ | ၁၀.၈၆% |
| | | ဦးကိုကို | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၁၈၇၉၅ | ၁၉၆၆ | ၂၀၇၆၁ | ၈.၀၈% |
| | | ဦးဇေယျာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၇၅၂၉ | ၁၂၅၇ | ၁၈၇၈၆ | ၇.၃၁% |
| | | ဒေါ်အေးအေးသန်း | ပြည်သူ့ပါတီ | ၁၅၉၉၆ | ၁၂၃၈ | ၁၇၂၃၄ | ၆.၇၀% |
| | | ဒေါ်အေးအေးသက် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၄၂၀၆ | ၁၆၁၄ | ၁၅၈၂၀ | ၆.၁၅% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၂) | | | ၂၀၀၉၉၁ | ၁၈၈၀၆ | ၂၁၉၇၉၇ | |
| | | ဦးတင်မျိုးဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၂၃၇ | ၁၃၀၂၃ | ၉၃၂၆၀ | ၄၂.၄၃% |
| | | ဦးအောင်မှီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၅၄၂ | ၃၀၅၉ | ၅၅၆၀၁ | ၂၅.၃၀% |
| | | ဦးဇာခိုင် | ပြည်သူ့ပါတီ | ၄၂၄၁၁ | ၁၇၃၆ | ၄၄၁၄၇ | ၂၀.၀၈% |
| | | ဦးမျိုးကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၈၀၁ | ၉၈၈ | ၂၆၇၈၉ | ၁၂.၁၉% |
| ၄ | မဲဆန္ဒနယ်အမှတ်(၃) | | | ၁၈၁၅၅၂ | ၁၃၇၄၉ | ၁၉၅၃၀၁ | |
| | | ဦးအောင်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၇၈၁ | ၉၉၈၇ | ၇၉၇၆၈ | ၄၀.၈၅% |
| | | ဒေါ်ခိုင်နွယ်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၅၈၄၁ | ၂၁၂၂ | ၆၇၉၆၃ | ၃၄.၈၀% |
| | | ဦးဝင်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၉၇ | ၉၄၂ | ၂၇၀၃၉ | ၁၃.၈၄% |
| | | ဦးတင်ဝေမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၈၃၃ | ၆၉၈ | ၂၀၅၃၁ | ၁၀.၅၁% |
| ၅ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၆၁၈၃၃ | ၁၃၂၆၄ | ၁၇၅၀၉၇ | |
| | | ဦးစိန်ရွှေမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁၇၅၇ | ၉၄၄၂ | ၈၁၁၉၉ | ၄၆.၃၇% |
| | | ဦးထွန်းကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၅၆၄၈ | ၂၁၁၆ | ၄၇၇၆၄ | ၂၇.၂၈% |
| | | ဦးတင်အောင်ထွန်း | တစ်သီးပုဂ္ဂလ | ၁၆၇၉၈ | ၅၇၄ | ၁၇၃၇၂ | ၉.၉၂% |
| | | ဦးကျော်ထူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၅၅၆၂ | ၃၉၂ | ၁၅၉၅၄ | ၉.၁၁% |
| | | ဦးသန်းစိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၀၆၈ | ၇၄၀ | ၁၂၈၀၈ | ၇.၃၂% |
| ၆ | မဲဆန္ဒနယ်အမှတ်(၅) | | | ၆၇၈၂၈ | ၁၂၉၆၁ | ၈၀၇၈၉ | |
| | | ဦးအောင်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၂၉ | ၁၀၈၀၅ | ၃၇၅၃၄ | ၄၆.၄၆% |
| | | ဦးစိုးမိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၃၃၈ | ၈၄၇ | ၁၈၁၈၅ | ၂၂.၅၁% |
| | | ဦးအောင်သူရ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၀၄၆ | ၁၉၈ | ၉၂၄၄ | ၁၁.၄၄% |
| | | ဦးချစ်ဇော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၀၈၁ | ၅၀၆ | ၈၅၈၇ | ၁၀.၆၃% |
| | | ဦးသိန်းကိုကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၃၄ | ၆၀၅ | ၇၂၃၉ | ၈.၉၆% |
| ၇ | မဲဆန္ဒနယ်အမှတ်(၆) | | | ၈၈၁၄၈ | ၇၉၁၂ | ၉၆၀၆၀ | |
| | | ဦးခင်မောင်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၇၆၄ | ၆၀၁၂ | ၅၀၇၇၆ | ၅၂.၈၆% |
| | | ဦးလှကြိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၃၃၈၄ | ၁၉၀၀ | ၄၅၂၈၄ | ၄၇.၁၄% |

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၃၈၅၁၄ / ၃ = ၇၉၅၀၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၃၈၅၁၄ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၇၃၃ | ၁ | ၃၉၂၂၉ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၅၉၄၉ | - | ၆၅၉၄၉ | ၁ | ၁ | |
| | | ၃။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၁၉၈ | - | ၂၅၁၉၈ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၁၃၉၅ | - | ၂၁၃၉၅ | - | - | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၂၃၉ | - | ၇၂၃၉ | - | - | |

ရှင်းလင်းချက် ။ (၁) ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မကွေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၄)နှင့် (၅) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၆၃၀၄၂ / ၃ = ၁၈၇၆၈၀

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၅၆၃၀၄၂ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇၅၃၆ | ၁ | ၅၉၈၅၆ | ၁ | ၂ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၀၇၄၂ | - | ၁၈၀၇၄၂ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၅၇၉၁ | - | ၅၅၇၉၁ | - | - | |
| | | ၄။ | ပြည်သူ့ပါတီ | ၅၁၉၃၄ | - | ၅၁၉၃၄ | - | - | |
| | | ၅။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၀၃၉ | - | ၂၇၀၃၉ | - | - | |

ရှင်းလင်းချက် ။ (၁) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မကွေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ် အမှတ်(၁)နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၆/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၂)၊ (၃)၊ (၆) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)
## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | မွန်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၅၅၆၁၂ | ၅၇၀၈ | ၆၁၃၂၀ | |
| | | ဒေါ်ယဉ်မင်းထိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၁၇၇ | ၃၇၄၆ | ၂၂၉၂၃ | ၃၇.၃၈% |
| | | ဒေါ်သင်းသင်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၀၂၅ | ၆၆၃ | ၁၀၆၈၈ | ၁၇.၄၃% |
| | | ဒေါ်မိမိခိုင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၇၇၆၈ | ၂၂၁ | ၇၉၈၉ | ၁၃.၀၃% |
| | | ဦးသန်းထိုက်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၅၁ | ၄၅၁ | ၆၄၀၂ | ၁၀.၄၄% |
| | | ဦးဝင်းလှိုင် | ပြည်သူ့ပါတီ | ၄၉၈၇ | ၂၉၃ | ၅၂၈၀ | ၈.၆၁% |
| | | ဦးဟန်လင်းမွန် | မွန်ညီညွတ်ရေးပါတီ | ၃၅၇၂ | ၁၇၃ | ၃၇၄၅ | ၆.၁၁% |
| | | ဦးအောင်သူထက် | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၁၁ | ၁၂၀ | ၂၆၃၁ | ၄.၂၉% |
| | | ဒေါ်သဉ္ဇာစုလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၂၁ | ၄၁ | ၁၆၆၂ | ၂.၇၁% |
| ၂ | မဲဆန္ဒနယ်အမှတ်(၃) | | | ၉၁၃၁၀ | ၉၂၁၉ | ၁၀၀၅၂၉ | |
| | | ဦးခင်မောင်ထွေး(ခ)မင်းစောနွယ် | မွန်ညီညွတ်ရေးပါတီ | ၅၅၂၂၆ | ၂၆၅၈ | ၅၇၈၈၄ | ၅၇.၅၈% |
| | | ဦးမိုးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၀၆၆ | ၅၆၂၃ | ၂၄၆၈၉ | ၂၄.၅၆% |
| | | ဦးမောင်မောင်မြင့်(ခ)မြင့်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၄၃၃ | ၃၇၆ | ၅၈၀၉ | ၅.၇၈% |
| | | ဦးသက်ဦးဖိုလ်ဖိုလ်မြင့် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၅၃၃ | ၂၇၃ | ၅၈၀၆ | ၅.၇၇% |
| | | ဦးအောင်မြင့်ဦး | ပြည်သူ့ပါတီ | ၃၈၈၇ | ၁၃၉ | ၄၀၂၆ | ၄.၀၁% |
| | | ဦးအက္ခရာမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၁၆၅ | ၁၅၀ | ၂၃၁၅ | ၂.၃၀% |
| ၃ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၆၉၄၆ | ၃၇၂၄ | ၂၀၆၇၀ | |
| | | နိုင်ချမ်းတွဲ | မွန်ညီညွတ်ရေးပါတီ | ၁၀၃၄၇ | ၅၄၆ | ၁၀၈၉၃ | ၅၂.၇၀% |
| | | ဒေါ်စိုးစိုးမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၅၉ | ၂၉၃၈ | ၆၂၉၇ | ၃၀.၄၆% |
| | | ဦးကျော်သူရ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၁၁၃ | ၁၃၉ | ၂၂၅၂ | ၁၀.၉၀% |
| | | ဦးကြည်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၂၇ | ၁၀၁ | ၁၂၂၈ | ၅.၉၄% |

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | မဲဆန္ဒနယ်အမှတ်(၆) | | | ၁၁၀၆၂၉ | ၆၉၇၁ | ၁၁၇၆၀၀ | |
| | | ဒေါ်အေးချမ်းမုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၀၁ | ၄၇၉၈ | ၃၁၄၉၉ | ၂၆.၇၈% |
| | | မင်းအောင်ဇေန | မွန်ညီညွတ်ရေးပါတီ | ၂၉၄၆၁ | ၇၁၂ | ၃၀၁၇၃ | ၂၅.၆၆% |
| | | ဦးခင်မောင်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၁၃၃ | ၅၆၆ | ၁၉၆၉၉ | ၁၆.၇၅% |
| | | ဒေါ်နှင်းသန္တာဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၁၄၃၄ | ၃၁၁ | ၁၁၇၄၅ | ၉.၉၉% |
| | | ခွန်ခင်လှ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၃၇၅ | ၁၉၃ | ၈၅၆၈ | ၇.၂၉% |
| | | ဒေါ်မြသီတာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၆၀၀ | ၂၃၂ | ၆၈၃၂ | ၅.၈၁% |
| | | ဦးဝင်းဆန်းဦး | ပြည်သူ့ပါတီ | ၆၄၂၄ | ၁၂၅ | ၆၅၄၉ | ၅.၅၇% |
| | | ဒေါ်လင်းနန္ဒာစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၀၁ | ၂၄ | ၂၅၂၅ | ၂.၁၅% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၆၃၆၆၅ / ၆ = ၇၇၂၇၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မွန်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၄၆၃၆၆၅ | ၂ | | ၄ | ၆ | |
| | | ၁။ | မွန်ညီညွတ်ရေးပါတီ | ၁၅၃၃၄၄ | ၁ | ၇၆၀၆၇ | ၁ | ၂ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၈၂၁၁ | ၁ | ၇၀၉၃၄ | ၁ | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၅၃၉ | - | ၅၀၅၃၉ | ၁ | ၁ | |
| | | ၄။ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၀၄၄၀ | - | ၄၀၄၄၀ | ၁ | ၁ | |
| | | ၅။ | ပြည်သူ့ပါတီ | ၂၅၅၀၇ | - | ၂၅၅၀၇ | - | - | |
| | | ၆။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၆၄၁ | - | ၂၃၆၄၁ | - | - | |
| | | ၇။ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၉၉ | - | ၁၁၁၉၉ | - | - | |
| | | ၈။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၇၈၄ | - | ၁၀၇၈၄ | - | - | |

ရှင်းလင်းချက်။ (၁) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မွန်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ် အမှတ် (၂)၊ (၄) နှင့် ၁၇-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၆/၂၀၂၆) ဖြင့်ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၁)၊ (၃)၊ (၅)၊ (၆) တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲ ရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၃) | | | ၄၀၅၃၇၀ | ၅၇၀၇၈ | ၄၆၂၄၄၈ | |
| | | ဦးခင်မောင်တင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၄၂၃၁ | ၄၇၃၉၈ | ၂၃၁၆၂၉ | ၅၀.၀၉% |
| | | ဒေါ်တင်ဇာဦး | ပြည်သူ့ပါတီ | ၅၅၉၄၂ | ၂၀၂၄ | ၅၇၉၆၆ | ၁၂.၅၃% |
| | | ဒေါ်လေးလေးမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၄၅၇ | ၂၈၄၄ | ၅၃၃၀၁ | ၁၁.၅၃% |
| | | ဒေါ်စိုးစိုးလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၃၄၉၉ | ၁၇၄၅ | ၃၅၂၄၄ | ၇.၆၂% |
| | | ဦးတင်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀၈၈၂ | ၁၀၆၂ | ၃၁၉၄၄ | ၆.၉၁% |
| | | ဦးနေဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၃၅၉ | ၁၂၃၄ | ၂၈၅၉၃ | ၆.၁၈% |
| | | ဦးလွင်မောင်မောင် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၃၀၀၀ | ၇၇၃ | ၂၃၇၇၃ | ၅.၁၄% |
| | ရှမ်းပြည်နယ် | | | | | | |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၉၂၂၄၆ | ၅၁၂၈ | ၉၇၃၇၄ | |
| | | ဒေါ်မာလာဆန်း | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၅၅၂၅၅ | ၂၃၆၃ | ၅၇၆၁၈ | ၅၉.၁၇% |
| | | ဦးမော်မော်အုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၉၉၁ | ၂၇၆၅ | ၃၉၇၅၆ | ၄၀.၈၃% |

## စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

# ဒီဘင်္ဂါလီတွေက ဒီဖြစ်စဉ် မဖြစ်ခင် နှစ်နှစ်၊ သုံးနှစ်ကတည်းက ကြိုတင်ပြီး ဆော်ဒီမှာ စစ်ရေးလေ့ကျင့်တာတွေ သွားတွေ့တယ်။ နောက်တစ်ခါ ဘူးသီးတောင်-မောင်တောဒေသမှာပဲ မေယုတောင်တန်းမှာ လိုဏ်ဂူတွေဖောက်ပြီး လိုဏ်ဂူထဲမှာ လေ့ကျင့်တာတွေ သွားတွေ့ရတယ်။ ဒီလိုတွေ့တဲ့အခါမှာ ဒါဟာ ရှင်းနေတာပဲ။ သူတို့ ဒါကို ကြိုတင်ကြံရွယ်ချက်နဲ့ လုပ်သွားတာ

**ဗိုလ်မှူးကြီးမောင်မောင်ငြိမ်း(ငြိမ်း)**

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ပြုလုပ်လျက်ရှိသည်။

အဆိုပါ ကြားနာပွဲနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးကြီး မောင်မောင်ငြိမ်း(ငြိမ်း)နှင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်(YUFL) နိုင်ငံတကာဆက်ဆံရေးပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဆင့်ဆင့်မြတ်တို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်-

**ဗိုလ်မှူးကြီးမောင်မောင်ငြိမ်း(ငြိမ်း)**
**(ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ)**

ကျွန်တော်က ၁၉၉၃ ခုနှစ်မှာ ဘူးသီးတောင်မြို့မှာရှိတဲ့ ခမရ(၂၆၃)ကို တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲ့ဒီမှာ ကျွန်တော် သုံးနှစ်လောက်ကြာပါတယ်။အဲ့ဒီတုန်းကတော့ နစက စပြီးဖွဲ့စည်းကာစပါ။ ကျွန်တော်တို့ တပ်ပတ်ဝန်းကျင်မှာလဲ ဘင်္ဂါလီကျေးရွာတွေ အများကြီးရှိတယ်။ အဲ့ဒီတုန်းက ဘင်္ဂါလီတွေနဲ့လဲ ကျွန်တော်တို့ တော်တော်လေး ခင်ခင်မင်မင်နဲ့ နစကရဲ့လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ခဲ့တာရှိပါတယ်။

၂၀၁၇ ခုနှစ်မှာ ရခိုင်ဒေသမှာ ဒီဖြစ်စဉ်ဖြစ်တယ်။ ဖြစ်တဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့နေတုန်းက ရခိုင်ဒေသမှာ ဘင်္ဂါလီတွေက ဒီလိုသဘောမဟုတ်ဘူး။ ဘာကြောင့် ဒီကိစ္စတွေ ဖြစ်လာသလဲ။ ဒါကို မခံစားနိုင်တဲ့အတွက် ကျွန်တော် ကိုယ်တိုင်ပဲ ၂၀၁၈ မှာ ဘူးသီးတောင်-မောင်တောဒေသကိုသွားပြီး ဘူးသီးတောင်- မောင်တောဒေသ၊ ရသေ့တောင်ဒေသ၊ တောင်ပိုင်းကနေ မြောက်ပိုင်းထိ တောက်လျှောက်သွားပြီး ဖြစ်စဉ်ဖြစ်ခဲ့တဲ့နေရာတွေမှာဖြစ်စဉ်ကို ခံစားခဲ့ရတဲ့ ရခိုင်တိုင်းရင်းသားတွေ၊ ဘင်္ဂါလီတွေ၊ အဲ့ဒီဒေသမှာရှိတဲ့ မော်လဝီဆရာတွေ၊ ဘုန်းတော်ကြီးတွေကို မေးမြန်းပြီး အင်တာဗျူးလုပ်ခဲ့ပါတယ်။ အဲ့ဒီအင်တာဗျူးမှတ်တမ်းတွေ အကုန်ရှိပါတယ်။ နောက်တစ်ခါ အဲဒီမှာ ဖြစ်စဉ်အကြီးကြီးတစ်ခု၊ အဲ့ဒါက ရဲဘောက်ကျကျေးရွာမှာ ဘင်္ဂါလီတွေ ဝင်တဲ့အချိန် ရွာလုံးကျွတ် လူ ၁၄၄ ယောက်ကို ဘင်္ဂါလီတွေ သတ်လိုက်တာရှိတယ်။ အဲ့ဒီမှာ ကောင်မလေး ခုနစ်ယောက်ကို သူတို့က ခေါ်သွားတယ်။ **ရည်ရွယ်ချက်က ဟိုဘက်ကမ်းကို ရောက်ရင် ဒီကောင်မလေး ခုနစ်ယောက်နဲ့ သက်သေပြမယ်။ သတ်လိုက်တာတွေဟာ တပ်မတော်က သတ်တာ၊ တပ်မတော်က လိုက်သတ်လို့ သူတို့လဲ ထွက်ပြေးလွတ်မြောက်လာတာပါဆိုတဲ့ သဘောမျိုးနဲ့ ဒီလိုအကွက်ဆင်ပြီးလုပ်တဲ့ ဖြစ်စဉ်တစ်ခုပါပဲ။**

**ကံအားလျော်စွာပဲ ဒီကောင်မလေးတွေက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင် ဒုက္ခသည်စခန်းကနေ ထွက်ပြေးလွတ်မြောက်လာပါတယ်။ အဲ့ဒီကောင်မလေးတွေကို လူချင်းတွေ့ဆုံပြီး ကျွန်တော် အင်တာဗျူးလုပ်ခဲ့ပါတယ်။ လုပ်တဲ့အခါ ဖြစ်စဉ်အမှန်ကို သွားပြီးတွေ့ရပါတယ်။ အဲ့ဒါနဲ့ ကျွန်တော် မှတ်တမ်းတင်နိုင်အောင် စာအုပ်တစ်အုပ်ကိုရေးသားခဲ့ပါတယ်။ ဒီစာအုပ်ကပြောမယ်ဆိုရင် သုတေသနစာတမ်းလေးတစ်ခုပါပဲ။** စာအုပ်နာမည်က ဂုဏ်သိက္ခာရှိစွာဖြင့် ပြောင်းရွှေ့ဝင်ရောက်ရန် ကြိုးစားနေတဲ့ ဘင်္ဂါလီဖြစ်ပါတယ်။ ဒီစာအုပ်ခေါင်းစဉ်ကို ကျွန်တော် တပ်လိုက်တာသည် Displacement with Dignity ပါ။ အဲ့ဒါက စာတမ်းတစ်ခုကို ကျွန်တော်ဖတ်မိတယ်။ အဲ့ဒါတော့ ဩစတြေးလျမှာရှိတဲ့ ဥပဒေပညာရှင်နှစ်ယောက်က ရာသီဥတုဖောက်ပြန်မှုကြောင့် ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ လူတွေက ဂုဏ်သိက္ခာရှိစွာနဲ့ ပတ်ဝန်းကျင်နိုင်ငံကို ပြောင်းရွှေ့ဝင်ရောက်ရန် အကြံအစည်ရှိတယ်ဆိုတာကို ဒီသုတေသနစာတမ်းမှာ သွားတွေ့ရပါတယ်။ အဲ့ဒါနဲ့ ကျွန်တော့်ရဲ့ စာအုပ်ခေါင်းစဉ်လဲ အဲဒီခေါင်းစဉ်လေးပေးလိုက်ပါတယ်။

အဓိကကတော့ သူတို့က ကြိုတင်ကြံရွယ်ချက်နဲ့ ဒီလုပ်ငန်းကြီးကို အကောင်အထည်ဖော်တဲ့ သဘောမျိုးကို ကျွန်တော်ဖော်ညွှန်းခြင်းဖြစ်ပါတယ်။ ရဲဘောက်ကျကျေးရွာ ဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဖြစ်ရပ်မှန် မှတ်တမ်းတင်ဗီဒီယိုခွေလဲ ထုတ်ဝေခဲ့ပါတယ်။ ဒီလိုနေရင်းနဲ့ နောက်တော့ ကျွန်တော်ဘာသွားတွေ့သလဲဆိုတော့ ဒီဖြစ်စဉ်မဖြစ်ခင်မှာ တပ်ကနေ


ဗိုလ်မှူးကြီးမောင်မောင်ငြိမ်း(ငြိမ်း)


ဒေါက်တာဆင့်ဆင့်မြတ်(တွဲဖက်ပါမောက္ခ)

နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် သူတို့ရဲ့ဘင်္ဂါလီစခန်းမှာ Laptop တစ်လုံးသွားတွေ့တယ်။ အဲ့ဒီ Laptop ထဲမှာ မှတ်တမ်းတွေအများကြီးတွေ့တယ်။ **ဒီဘင်္ဂါလီတွေက ဒီဖြစ်စဉ်မဖြစ်ခင် နှစ်နှစ်၊ သုံးနှစ်ကတည်းက ကြိုတင်ပြီး ဆော်ဒီမှာ စစ်ရေးလေ့ကျင့်တာတွေ သွားတွေ့တယ်။**

**နောက်တစ်ခါ ဘူးသီးတောင်-မောင်တောဒေသမှာပဲ မေယုတောင်တန်းမှာ လိုဏ်ဂူတွေဖောက်ပြီး လိုဏ်ဂူထဲမှာ လေ့ကျင့်တာတွေ သွားတွေ့ရတယ်။ ဒီလိုတွေ့တဲ့အခါမှာ ဒါဟာရှင်းနေတာပဲ။ သူတို့ ဒါကို ကြိုတင်ကြံရွယ်ချက်နဲ့ လုပ်သွားတာ။** အဲ့ဒီမှာ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့UNHCR ကနေ ကျွန်တော်တို့ကို Fact Finding Mission ပေါ့။ အချက်အလက်ရှာဖွေရေးအဖွဲ့ဆိုပြီး ဖွဲ့လိုက်တာရှိတယ်။အဲ့ဒီအစီရင်ခံစာကို ဖတ်ကြည့်လိုက်တဲ့အခါ ဒီအစီရင်ခံစာထဲမှာ တကယ့်ဖြစ်ရပ်မှန်တွေ ရေးထားတာမဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ မဟုတ်ဘဲနဲ့ ဒုက္ခသည်စခန်းမှာရှိတဲ့ ဒုက္ခသည်တွေကို မေးပြီးတော့ရေးတာ။ တကယ့်လက်တွေ့နဲ့ ပြောင်းပြန်ပဲ။ အဲ့ဒီမှာ တပ်မတော်ကနေပြီးတော့ ဘင်္ဂါလီဦးရေ ၁၀၀၀၀ လောက် သတ်လိုက်တယ် အစရှိသဖြင့် အများကြီး ပုံကြီးချဲ့ရေးထားတာလေ။ အထောက်အထားခိုင်မာမှုမရှိဘဲနဲ့ သူတို့ဆီမှာ ပြစရာရယ်လို့ ဓာတ်ပုံတစ်ပုံမရှိဘူး။ ဒီခေတ်ကြီးမှာပါ။ လူတိုင်းတယ်လီဖုန်းကိုင်နေတဲ့ အချိန်မှာပါ။ နောက်တစ်ခါ ဗီဒီယိုဖိုင်လေး တစ်ဖိုင်မရှိဘူး။

တစ်ဖက်က နှုတ်နဲ့ ထွက်ဆိုချက်ကိုပဲ ယူပြီးတော့ ရေးထားတဲ့ FFM Report ကြီးသွားတွေ့ရတယ်။ အဲ့ဒီ Report ကြီးနဲ့ OIC ကနေပြီး ဂမ်ဘီယာကို ခေါင်းတပ်ပြီးတော့မှ ကျွန်တော်တို့ကို ICJ မှာ ရုံးတင်တာပဲ။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံကို ဖိလစ်ပိုင်နိုင်ငံက ဒုတိယဝန်ကြီးတစ်ယောက် ဦးစီးပြီးတော့ အဖြစ်မှန်ကို လာကြည့်တဲ့ ICOE က လာစစ်ပါတယ်။ စစ်တဲ့အခါမှာလဲ ဖြစ်ရပ်မှန်ကို သက်သေအထောက်အထားတွေနဲ့ တင်ပြနိုင်ခဲ့ပါတယ်။ နိုင်ငံတကာမီဒီယာတွေက ရေးတာတော့ အများကြီးဖြစ်နေတယ်။ ကျွန်တော်လဲ မနေနိုင်တော့ ထိုင်းနိုင်ငံကိုသွားပြီး ထိုင်းနိုင်ငံမှာရှိတဲ့ သတင်းအဖွဲ့တွေနဲ့ သတင်းစာရှင်းလင်းပွဲ ကျွန်တော်လုပ်တယ်။ ဖြစ်ရပ်မှန်တွေ ပြပြီးတော့ လုပ်ပါတယ်။ ထိုင်းက သူ့နိုင်ငံပိုင်အသံလွှင့်ဌာနကလဲ ဒီကိစ္စကို စိတ်ဝင်စားတဲ့အတွက် ကျွန်တော့်ကို အင်တာဗျူးလုပ်တယ်။ အင်တာဗျူးမှတ်တမ်းလေးလဲ ထွက်လာပါတယ်။ တကယ်လက်တွေ့ဖြစ်နေတာကတစ်မျိုး၊ပြောတာကတစ်မျိုး။ အဲဒါမျိုးလေးတွေ သွားတွေ့ရပါတယ်။

နောက်တစ်ခါ ဘာဖြစ်သလဲဆိုတော့ အမေရိကန်နိုင်ငံသား ခံယူထားတဲ့ ဆီးရီးယားလူမျိုး၊ အဲ့ဒီသတင်းအဖွဲ့၊ သူ့ရဲ့သတင်းဌာနကို ဟိုဘက်က တော်တော်လေးကို လေးစားတဲ့ဌာနပါပဲ။သူလဲ ရန်ကုန်ကိုရောက်လာတယ်။ရန်ကုန်ရောက်လာပြီးတော့ သူ့ကို ဖြစ်စဉ်အားလုံးရှင်းပြတယ်။ ကောင်းပြီ ခင်ဗျားကိုယ်တိုင်ကလဲ အစ္စလာမ်လူမျိုးဖြစ်တယ်။ ခင်ဗျား ဖြစ်စဉ်အမှန်သွားကြည့်ပါ။ ကြိုတင်ပြောထားခြင်းမရှိဘဲ သွားကြည့်ပါ။ဘာကိုကြည့်ရမလဲ။ ဗလီကို သွားကြည့်လိုက်၊ ဈေးကိုသွားကြည့်လိုက်၊ မောင်တောဈေးမှာ ရခိုင်တိုင်းရင်းသားတွေ ဘယ်နှယောက်ရောင်းနေသလဲဆိုတာ။ ရခိုင်တိုင်းရင်းသားမရှိဘူး။ အကုန်လုံး ဘင်္ဂါလီတွေချည်းပဲ။ နောက်တစ်ခါ လယ်တွေလုပ်နေတဲ့ ဘင်္ဂါလီတွေကို မေးကြည့်၊ စာသင်ကျောင်းတွေ သွားကြည့်၊ အဲ့ဒီမှာ ခင်ဗျားတွေ့ပါလိမ့်မယ်လို့ပြောခဲ့တယ်။ သူပြန်လာတဲ့အခါမှာ ကျွန်တော့်ကို ဘာပြောသလဲဆိုတော့ သူထင်ထားတာနဲ့ တလွဲစီပဲတဲ့။ ရခိုင်ဒေသသွားရင်ပဲ လုံခြုံရေးမကောင်းဘူးဆိုပြီး ဟိုမှာအေးအေးဆေးဆေးပဲ။ အေးအေးဆေးဆေးနေကြပြီးတော့ ဗလီတက်နေတဲ့ သူလဲတွေ့တယ်။ ဘာသာရေးခေါင်းဆောင်တွေနဲ့လဲ တွေ့တယ်။ သူကိုယ်တိုင်လဲ အစ္စလာမ်လူမျိုးဆိုတော့လေ။ ဘင်္ဂါလီလူမျိုးတွေက လွတ်လွတ်လပ်လပ် နေထိုင်လုပ်ပိုင်ခွင့်ရှိတာကို သူမျက်ဝါးထင်ထင်တွေ့ခဲ့တယ်။ အဲ့ဒါလဲ သူ့သတင်းဌာနကနေပြီးတော့ နိုင်ငံတကာကိုဖြန့်ဖို့ ဗီဒီယိုခွေလေးတစ်ခွေ ထွက်လာပါတယ်။

အဓိက ကျွန်တော်ပြောချင်တဲ့စကားက ဒီဘင်္ဂါလီတွေဟာ တကယ်တမ်းတော့ ကျွန်တော်တို့ နိုင်ငံသားမဟုတ်ဘူး။သူ့မှာ နိုင်ငံသားပြနိုင်တဲ့ အထောက်အထားတစ်ခုမှမရှိဘူး။ မရှိတော့ ကိုယ့်နိုင်ငံသားမဟုတ်တဲ့ ဒီဘင်္ဂါလီလူမျိုးတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံက ပညာသင်ကြားခွင့်ပေးတယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ခွင့်ပေးတယ်၊ ဆေးကုသခွင့်ပေးတယ်။ အဲ့ဒီတော့ ကိုယ့်နိုင်ငံသားကဲ့သို့ပဲ ကိုယ့်နိုင်ငံသားမဟုတ်တဲ့သူတွေကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရက အဲ့ဒီလိုပေးခဲ့တဲ့အထောက်အထားတွေ သူတွေ့သွားပါတယ်။ အဓိကခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် ဒီဘင်္ဂါလီဖြစ်စဉ်ဟာ သူတို့အနေနဲ့ ကြိုတင်ကြံရွယ်ပြီးတော့ အကွက်ချပြီး လုပ်သွားတဲ့ ဖြစ်စဉ်ပဲ။

အဓိကကတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကို နိုင်ငံရေးထောင်ချောက်ထဲကို ထည့်ပြီးတော့ နောက်ဆုံး ကိုယ့်နိုင်ငံသားမဟုတ်တဲ့ ဒီဘင်္ဂါလီတွေကို ကျွန်တော်တို့ ပြန်လက်ခံရတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ လဝကမှာ စာရင်းပြန်ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ နိုင်ငံမှာ ဘင်္ဂါလီတွေစာရင်းက အတိအကျရှိတယ်။ အကုန်လုံးကိုမှတ်တမ်းအတိအကျရှိတယ်။ ဓာတ်ပုံမှတ်တမ်းတွေလဲရှိတယ်။ လက်ဗွေမှတ်တမ်းတွေလဲရှိတယ်။ ကိုယ့်နိုင်ငံမှာနေတဲ့ဟာတွေက ဒီကနေ ဘယ်လောက် ဘင်္ဂလားဒေ့ရှ်ကို ပြေးသွားသလဲဆိုရင် လူဦးရေလေးသိန်းလောက်ပြေးသွားတယ်။ အခုလက်ရှိ ရခိုင်ဒေသမှာ ကျန်နေတာ လူဦးရေ လေးသိန်းကျော်ကျော်လောက် ကျန်သေးတယ်။ တစ်ဝက်ကျော်ကျော်လောက် ပြေးသွားတာ။ ဒါပေမဲ့ ကူတူပါလောင် ဒုက္ခသည်စခန်းမှာ ဘင်္ဂါလီဦးရေက တစ်သန်းခွဲလောက် ဖြစ်နေတယ်။ ဘယ်ကလူတွေရောက်လာသလဲမသိဘူး။ဆိုလိုတာက များပြားလှတဲ့ ဘင်္ဂါလီတွေက ဒီနိုင်ငံကိုပြန်ဝင်လာတယ်။ သို့သော်လည်း ကျွန်တော်တို့မှာကတော့ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် ချုပ်ဆိုထားတဲ့ ပြန်လည်လက်ခံရေး စာချုပ်ကရှိတယ်။ အဲ့ဒီစာချုပ်အရတော့ ဒီနိုင်ငံက အမှန်တကယ်ပြေးတဲ့သူတွေပဲ ကျွန်တော်တို့ပြန်လက်ခံမယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ရပ်တည်ချက်ကတော့ မြန်မာနိုင်ငံကနေပြီးတော့ ဒီမှာနေထိုင်ပြီး တစ်ဖက်ပြေးသွားတဲ့ အထောက်အထား သူတို့ပြနိုင်ရမယ်။ ပြနိုင်တဲ့ လူတွေပဲ ကျွန်တော်တို့ပြန်လက်ခံမယ်။ အဲ့ဒီနေရာမှာ သူတို့က အားလုံးကိုမျက်စိမှိတ်ပြီး လက်ခံစေပြီးတော့မှ နိုင်ငံသားပေးရမယ်ဆိုတဲ့ သဘောမျိုး တောင်းဆိုနေတာ လေ့လာတွေ့ရှိရပါတယ်။

အဲ့ဒီဘင်္ဂါလီဒေသမှာ မြန်မာနိုင်ငံ အနောက်ဘက်တံခါးပြဿနာဟာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်နေပါတယ်။ အထောက်အထားခိုင်မာမှုမရှိဘူး။ ပါးစပ်ပြော အထောက်အထားတွေနဲ့ပဲ ICJ မှာ တရားရင်ဆိုင်ရတဲ့ အနေအထားဖြစ်နေပါတယ်။ တကယ်တမ်း တရားနည်းလမ်းတကျကြည့်မယ်ဆိုရင် တရားမျှတမှုမရှိဘူးဆိုတာ လေ့လာတွေ့ရှိရပါတယ်။

**ဒေါက်တာဆင့်ဆင့်မြတ် (တွဲဖက်ပါမောက္ခ)**
**နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL)**

ကျွန်မအနေနဲ့ ဒီနေ့မှာ ၁၉၆၁ ခုနှစ် မူဂျာဟစ်လက်နက်ကိုင်အဖွဲ့တွေရဲ့ လက်နက်ချအခမ်းအနားမှာ ဗိုလ်မှူးချုပ်အောင်ကြီး မိန့်ခွန်းပြောသွားတဲ့ အထဲမှာပါဝင်တဲ့ ရိုဟင်ဂျာဆိုတဲ့ စကားလုံးနဲ့ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။

**ပထမအချက်အနေနဲ့ ကျွန်မဆွေးနွေးချင်တာက ဗိုလ်မှူးချုပ်အောင်ကြီးအနေနဲ့ ရိုဟင်ဂျာဆိုတဲ့ စကားလုံးကို သုံးတဲ့အခါမှာ မူဂျာဟစ်လက်နက်ကိုင်အဖွဲ့တွေကနေ သူတို့တွေကို ဘင်္ဂါလီလို့ မသုံးဘဲနဲ့ ရိုဟင်ဂျာလို့ပဲ သုံးပေးပါလို့ တောင်းဆိုတဲ့အခါမှာ အစိုးရရဲ့ အာဏာသက်ရောက်စေဖို့အတွက် လိုက်လျောတဲ့သဘောအနေနဲ့ ဗိုလ်မှူးချုပ်အောင်ကြီးက ရိုဟင်ဂျာဆိုတဲ့ စကားလုံးကို အသုံးပြုခဲ့ခြင်းဖြစ်ပါတယ်။**

ဒုတိယအချက်အနေနဲ့ အဲ့ဒီလိုသုံးတဲ့အခါမှာ ဗိုလ်မှူးချုပ်အောင်ကြီးအနေနဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသတွေမှာရှိတဲ့ ဘင်္ဂါလီတွေနဲ့ အခု မူဂျာဟစ်တွေ တောင်းဆိုတဲ့ ရိုဟင်ဂျာဆိုတာက မတူပါဘူးဆိုတဲ့ စကားလုံးကို လုံးဝသုံးသွားခြင်းမရှိပါဘူး။

တတိယအချက်အနေနဲ့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းဆက်စပ်နေတဲ့ နယ်စပ်တစ်လျှောက်မှာဆိုရင် ဟိုဘက်သည်ဘက်မှာ တိုင်းရင်းသား လူမျိုးစုတွေက နေထိုင်ကြပါတယ်။ ဥပမာဆိုရင် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံ နယ်နိမိတ်ထိစပ်နေတဲ့ နေရာတွေမှာဆိုရင် လီဆူ၊ အီကော၊ လဝ ဆိုတဲ့ လူမျိုးတွေနေထိုင်ကြသလိုပဲ မြန်မာနဲ့ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက်မှာ ဆိုရင် တိုင်၊ မွန်၊ ကယန်း လူမျိုးတွေနေထိုင်ကြတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံနဲ့ အရင်ကခေါ်တဲ့ မေယုနယ်ခြား၊ အခုကျတော့ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာတင်ပဲ ဘင်္ဂါလီလူမျိုးတွေက ဟိုဘက်သည်ဘက် နေထိုင်ကြတာမျိုးမဟုတ်ပါဘူး။ အရင့်အရင်ကတည်းက တခြားသော ကျွန်မတို့ တရုတ်နဲ့ မြန်မာ နယ်စပ်မှာ၊ တရုတ်နဲ့ ထိုင်းနယ်စပ်မှာ လူမျိုးစုတွေ နေထိုင်ကြတာရှိပါတယ်။ ဥပမာဆိုရင် မြန်မာနိုင်ငံမှာ ရှမ်းလို့သိထားပြီး တရုတ်မှာဆိုရင် တိုင်လူမျိုးစုလို့ သိထားပါတယ်၊ ဒါကို ကြည့်ခြင်းအားဖြင့် ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာမှာလဲ ဘင်္ဂါလီလူမျိုးစုတွေ နေထိုင်ပြီးတော့ မြန်မာဘက်မှာတော့ ရိုဟင်ဂျာဆိုပြီးတော့ သုံးနှုန်းလိုက်ခြင်းဖြစ်ပါတယ်။ အဲ့ဒါကလဲ ဗိုလ်မှူးချုပ်အောင်ကြီးရဲ့ မိန့်ခွန်းမှာ သူ့ရဲ့ဆိုလိုရင်းအဓိပ္ပာယ်က ဟိုဘက်ဒီဘက်မှာနေထိုင်ကြတဲ့ လူမျိုးတွေဖြစ်တယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြောသွားခြင်းဖြစ်တယ်လို့ ကျွန်မ လေ့လာတွေ့ရှိရပါတယ်။

တစ်ဆက်တည်းမှာပဲ ဗိုလ်မှူးချုပ်အောင်ကြီး မိန့်ခွန်းနဲ့ပတ်သက်ပြီး ဒီရိုဟင်ဂျာဆိုတဲ့ စကားလုံး အသုံးအနှုန်းက မြန်မာ့အသံ၊ အသံလွှင့်ဌာနရဲ့ ရိုဟင်ဂျာအစီအစဉ်နဲ့ ပတ်သက်ပြီးတော့ တွေ့ရှိထားတဲ့ အချက်အလက်တွေကို ဆွေးနွေးချင်တာပါ။ ပထမဦးဆုံး ပြောရမယ်ဆိုရင် ရိုဟင်ဂျာအသံလွှင့်အစီအစဉ်ဆိုတာ ဖြစ်လာတဲ့အကြောင်းအရာကို ပြောချင်တာပါ။ ဒုတိယကမ္ဘာစစ်ကတည်းက နိုင်ငံခြားလူမျိုးစုနဲ့ပတ်သက်တဲ့ အစီအစဉ်တွေက မြန်မာပြည်မှာထုတ်လွှင့်နေပါပြီ။ ဥပမာ ပြောရရင် တမီလ်ဘာသာစကားနဲ့ပတ်သက်တဲ့ အသံလွှင့်အစီအစဉ်၊ ဘင်္ဂါလီအသံလွှင့်အစီအစဉ်၊ ဟိန္ဒူစတန်နီဘာသာစကားနဲ့ ပတ်သက်တဲ့ အသံလွှင့်အစီအစဉ်ဆိုပြီး ရှိခဲ့ပါတယ်။

ဒါပေမဲ့ ၁၉၆၁ ခုနှစ် ရောက်တဲ့အခါမှာ ဗိုလ်မှူးချုပ်အောင်ကြီးနဲ့ မူဂျာဟစ်လက်နက်ကိုင်တွေရဲ့ တောင်းဆိုချက်အရ ဒီဘင်္ဂါလီအစား ရိုဟင်ဂျာလို့ သုံးလိုက်တဲ့အတွက်ကြောင့်မို့ ဘင်္ဂါလီဘာသာစကား အသံလွှင့်ဌာနကနေပြီး ရိုဟင်ဂျာအသံလွှင့်အစီအစဉ်ဆိုပြီး ပြောင်းလဲသွားတာဖြစ်ပါတယ်။ အဲဒီမှာလဲ ကျွန်မတို့ တွေ့ရှိချက်အရဆိုရင် အဲဒီအချိန် မြန်မာ့အသံမှာ တိုင်းရင်းသားဘာသာအစီအစဉ်နဲ့ နယ်ခြားဒေသလူမျိုးစုအစီအစဉ်ဆိုပြီး နှစ်ခုကို ခွဲထားပါတယ်။ ဘင်္ဂါလီဆိုတဲ့ ရိုဟင်ဂျာအသံလွှင့်အစီအစဉ်က တိုင်းရင်းသားမဟုတ်တဲ့အတွက်ကြောင့် အဲဒီအချိန်ကတည်းကိုက နယ်ခြားဒေသလူမျိုးစုအစီအစဉ်ဆိုပြီး ထည့်သွင်းထားတာကို ၁၉၆၁ ခုနှစ် နေ့စဉ်ထုတ်သတင်းစာတွေမှာ လေ့လာတွေ့ရှိခဲ့ရပါတယ်။

**သတင်းအဖွဲ့**

# ရောဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁)သို့ တက်ရောက်ကြမည့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်မှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ်အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ပုဆိုးနှင့် ရုပ်အင်္ကျီများပေးအပ်ပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်မှူး ဗိုလ်ချုပ်စိုးကျော်ထက် နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားစဉ်။

# တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၌ ပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း (နတ်စင်ကုန်း)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုယ်ရည် တို့လှမ်းချီ" သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်သည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများ၊ ဂုဏ်ထူးရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကာယ၊ ဉာဏထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ ခင်းကျင်းပြသထားသည့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးပြခန်း၊ လက်မှုပညာပြခန်းတို့ လှည့်လည်ကြည့်ရှုကြသည်။ ၎င်းနောက်ကျောင်းသားကျောင်းသူများက "နောင်အင်းလေး" သီချင်းဖြင့် အခမ်းအနားကိုရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ကျောင်းသား၊ ကျောင်းသူများ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၇

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ချမ်းသာရဝိပဿနာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျောင်းတိုက်ရှိ သံဃာတော် ၄၂ ပါးနှင့် ဒေသခံပြည်သူဦးရေ ၁၆၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များနှင့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဈေးများနှင့် လမ်းများ၌စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဈေးများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး) အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသိကောင်းစရာများအနေဖြင့် အပိုင်း(၂)ပိုင်းခွဲ၍ ဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်လုံးကို ဖြေဆိုကြရမည်ဖြစ်သည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့်မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀)ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၁၀) ခု | (၅) ခု ရွေးချယ်ဖြေဆို<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၂) ပုဒ် | (၁) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၂) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| **စုစုပေါင်း** | | | | | **(၁၀၀)မှတ်** |

အထက်ပါဇယားအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် ပါဝင်သော မေးခွန်းပုံစံ(၅)မျိုးသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင်ပါဝင်သော မေးခွန်းပုံစံများနှင့် တူညီပါသည်။ သို့သော် **သတိပြုရမည့်အချက်မှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်တွင် အချို့သော မေးခွန်းနံပါတ်များ၌ ရွေးချယ်ဖြေဆိုရန်ပေးထားသည့် အရေအတွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ**ကို (၁၀)ခုပေးထားပြီး ကြိုက်နှစ်သက်ရာ(၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **မေးခွန်းနံပါတ်(၄) မှတ်စုရှည်မေးခွန်းတွင်** (က)နှင့် (ခ)ဟူ၍ ရွေးချယ်စရာ(၂)ပုဒ် ပေးထားပြီး ကြိုက်နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း **နံပါတ်(၅) တွင်** တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း (၂)ပုဒ် မေးထားပြီး ရွေးချယ်စရာမရှိဘဲ (၂)ပုဒ်လုံးကို ဖြေဆိုရပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

**မေးခွန်းနံပါတ် (၁)**သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၁) ကို ဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာတိုင်း၏အဆုံးတွင် ဘောင်ခတ်၍ ဖော်ပြထားသော အဓိကအချက်များကို လေ့လာရုံမျှဖြင့် မလုံလောက်ကြောင်း သတိပြုရပါမည်။ သင်ခန်းစာတွင်ပါရှိသော သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သည့် မေးခွန်းဖြစ်သည့်အတွက် သင်ခန်းစာကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ် (၁)ကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားသည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ပေးထားသောဖော်ပြချက်ကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'အစွန်းထွက်ထုတ်ကုန်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုတွင် အသုံးပြုသည့်ပုံသေသွင်းအားစုနှင့် သွင်းအားစုရှင်အချိုးမြင့်မားနေသည့်အဆင့်များတွင်သာဖြစ်ပေါ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ မေးခွန်းဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ 'ကုန်စည်တစ်ခုအတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်ပါက ထိုကုန်စည်သည် (က) မရှိမဖြစ်ကုန်စည် (ခ) သာမန်ကုန်စည် (ဂ) ကုန်ညံ့ဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ဂ) ကုန်ညံ့ဖြစ်သည်။ ထို့ကြောင့် အဖြေကို **(၁) (ဂ)** သို့မဟုတ် **(၁)(ဂ)** ကုန်ညံ့ ဟု ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် ဖြေဆိုသူက ပေးထားသောဖော်ပြချက်စာကြောင်း၏ လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုအပ်ပါသည်။ ဥပမာ'ငွေကြေးမူဝါဒ၏ကန့်သတ်ချက်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအပေါ် စီးပွားရေးလုပ်ဆောင်ချက်များက တုံ့ပြန်ရာတွင် --------ရှိနေသည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ 'အချိန်ကွာဟမှု' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်းပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၃)အတွက် မှတ်စုတို(၁)ပုဒ်လျှင်(၁၀)မှတ်နှင့် (၂)ပုဒ်အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။ **မေးခွန်းနံပါတ် (၄)**တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း(၂)ခု မေးထားပြီး (၂)ခုလုံးကို ဖြေဆိုရပါမည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀) မှတ် ဖြစ်သည်။ မေးခွန်းနံပါတ်(၅)တွင် ပေးထားသောကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သင်ခန်းစာပါ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့်သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းပါမည်။

မေးခွန်းနံပါတ်(၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့်မေးခွန်းများကို မေးနိုင်သည့် အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

**အခန်း(၁)'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'** အခန်းတွင် အလျော့အတင်းပုစ္ဆာပုံစံ(၅)မျိုးရှိသည်။ (က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ (ခ) စုစုပေါင်း ရောင်းရငွေနှင့်ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ၊ (ဂ)ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၊ (ဃ) ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် (င) ရောင်းလိုအားအလျော့အတင်းတို့ဖြစ်သည်။

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖော်ပြ ဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသောအလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။ အလျော့အတင်း ပုစ္ဆာမေးခွန်းများအတွက် သုံးသပ်ရာတွင် မှတ်သားရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း(Ed )**အတွက် အချက်(၃)ချက် သုံးသပ်ရပါမယ်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရပါမည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (Ed) အနည်း/အများကို သုံးသပ်ရာတွင် အနုတ်လက္ခဏာကိုမစဉ်းစားဘဲ ပကတိတန်ဖိုးကို စဉ်းစားရမှာဖြစ်သည်။ ဥပမာ Ed ရဲ့တန်ဖိုး -၁.၆ ဖြစ်ပါက Ed သည် ၁ ထက်ကြီးသဖြင့် အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ Ed ၏တန်ဖိုး - ၀.၆ ဖြစ်ပါက ပကတိတန်ဖိုးအရ Ed သည် ၁ ထက်ငယ်သောကြောင့် အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(၂) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် အမြဲတမ်း အနုတ်လက္ခဏာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ပြရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့်ဝယ်ယူသောအရေအတွက်သည် ပြောင်းပြန်ဆက်စပ်သဖြင့် Ed တန်ဖိုးသည် အမြဲလို အနုတ်တန်ဖိုးဖြစ်သည်။)

(၃) ဈေးနှုန်း ၁% မြင့်တက်သွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ လျော့နည်းသွားသည် (သို့မဟုတ်) ဈေးနှုန်း ၁% ကျဆင်းသွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှတိုးသွားသည်ကို သုံးသပ်ရပါမည်။

**(ခ) စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ**ကိုလည်း လေ့လာထားရန်လိုအပ်ပါသည်။ တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို မတွက်ချက်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို ခန့်မှန်းနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်။ **ဇယားတွင် ဖော်ပြထားသည့်**

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၇ မှအဆက်

**အချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (Ed )ကို တွက်ချက်ဖော်ပြရန်မလိုအပ်ပါ။** ဥပမာ အောက်ဖော်ပြပါ ဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း (Ed) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |
| ၄၀ | ၈ | ၃၂၀ | များ |
| ၃၀ | ၁၀ | ၃၀၀ | နည်း |
| ၂၀ | ၁၂ | ၂၄၀ | နည်း |

ဇယားပါအချက်အလက်များအရ **ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်။** ဇယားတွင် ဈေးနှုန်းများကိုကြည့်ပါက ကျဆင်းနေကြောင်းကို တွေ့ရသည်။ ရောင်းရငွေကိုကြည့်ပါက ရောင်းရငွေတိုးလာပြီး **ဈေးနှုန်း (၄၀)ကျပ်မှာ (၃၂၀)ကျပ်ဖြစ်ပြီး အများဆုံးဖြစ်ပါသည်။** ဈေးနှုန်း (၃၀)ကျပ်မှစ၍ ရောင်းရငွေ ကျဆင်းသွားပါသည်။ ထို့ကြောင့် **ဆက်စပ်မှုကိုကြည့်သောအခါ** ဈေးနှုန်း (၇၀)ကျပ်မှ (၄၀)ကျပ်အထိတစ်ပိုင်း၊ ဈေးနှုန်း (၄၀)ကျပ်မှ (၂၀)ကျပ်အထိ တစ်ပိုင်း ပိုင်းခြားပြီး သုံးသပ်ရပါမည်။ **သုံးသပ်ပုံမှာ** – ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာလည်း (၁၄၀)ကျပ်မှ (၂၄၀)ကျပ်၊ (၃၀၀)ကျပ်နှင့် (၃၂၀)ကျပ်သို့ တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ **ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ** ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု ပြောင်းပြန်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**ဈေးနှုန်းသည် (၄၀)ကျပ်မှ (၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ဆက်လက်ကျဆင်းသွားသောအခါ** ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာ (၃၂၀)ကျပ်မှ (၃၀၀)ကျပ်နှင့် (၂၄၀)ကျပ်သို့ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းသည် (၄၀)ကျပ်မှ(၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ကျဆင်းသွားသောအခါ ရောင်းရငွေကျဆင်းသွားသည်။ ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု တိုက်ရိုက်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

**(ဂ) ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း (Exy)** ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Exy ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Exy ၏တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော အပြန်အလှန်အလျော့အတင်း (Exy) ၏ လက္ခဏာကိုသုံးသပ်ရမည်။ Exy သည် အပေါင်း (+) လက္ခဏာဆောင်ပါက ကုန်စည် X ကိုဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ ဈေးနှုန်းတိုက်ရိုက်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် အစားထိုးကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။ Exy သည် အနုတ်(-) လက္ခဏာဆောင်ပါက ကုန်စည် X ကို ဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ဈေးနှုန်း ပြောင်းပြန်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် တွဲဖက်ကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။

(၃) ကုန်စည် Y ၏ဈေးနှုန်း ၁% ပြောင်းလဲခြင်း (တက်ခြင်း/ကျခြင်း)ကြောင့် ကုန်စည် X ကိုဝယ်ယူသော အရေအတွက် ရာခိုင်နှုန်းမည်မျှပြောင်းလဲသွားသည်(တိုးသွားသည်/လျော့သွားသည်)ကို သုံးသပ်ရမည်။

**(ဃ) ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း (Ey)** ကို သုံးသပ်ရာတွင်လည်း အချက်(၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Ey ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Ey ၏ တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော ဝင်ငွေအလျော့အတင်းတန်ဖိုး၏ လက္ခဏာကိုသုံးသပ်ရမည်။

(၃) ဝင်ငွေ ၁% ပြောင်းလဲခြင်းကြောင့် ဝယ်ယူသောအရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို သုံးသပ်ရမည်။ Ey တန်ဖိုး အပေါင်းလက္ခဏာ(+) လက္ခဏာဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက် ဝယ်လိုအားတိုးသည်။ ထို့ကြောင့် သာမန်ကုန်စည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုး အနုတ်လက္ခဏာ (-) ဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက်ဝယ်လိုအားကျဆင်းသွားသည်။ ထို့ကြောင့် ကုန်စည်သည် ကုန်ညံ့ဖြစ်သည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုးသည် သုည (၀) ဖြစ်ပါက ဝင်ငွေပြောင်းလဲမှုသည် ဝယ်လိုအား အပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ထို့ကြောင့် ကုန်စည်သည် မရှိမဖြစ်လိုအပ်သော ကုန်စည်၊ အခြေခံကုန်စည်ဖြစ်ကြောင်း သုံးသပ်ရမည်။

(၃) သာမန်ကုန်စည်ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ (တက်)သွားသည်။ ကုန်ညံ့ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ(ကျဆင်း)သွားသည် စသဖြင့်သုံးသပ်ရမည်။

**(င) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း(Es)**ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရမည်။

(၁) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း အနည်း/အများ ကိုသုံးသပ်ရမည်။ (Es သည် ၁ ထက်ကြီးပါက အလျော့အတင်းများသည်ဟုသုံးသပ်နိုင်သည်။ Es သည် ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည် ဟုသုံးသပ်နိုင်သည်။)

(၂) ရောင်းလိုအားအလျော့အတင်းတန်ဖိုးသည် အမြဲတမ်းအပေါင်းကိန်းဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့် ရောင်းချသောအရေအတွက် တိုက်ရိုက်ဆက်စပ်သဖြင့် Es တန်ဖိုးသည် အပေါင်းကိန်းဖြစ်သည်။)

(၃) ဈေးနှုန်း ၁ %(တက်ခြင်း/ကျခြင်း)ကြောင့် ရောင်းချသောအရေအတွက် (အတိုး/အလျော့) ရာခိုင်နှုန်းများကို သုံးသပ်ရမည်။

**အလျော့အတင်းပုစ္ဆာများတွက်ရာတွင် သတိပြုရမည့်အချက်များမှာ** ပုံသေနည်းကိုဖော်ပြရာတွင် မှားယွင်းမှုမရှိစေရန် ၊ ΔQ နှင့် ΔP တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်း ၊ ΔQ နှင့် ΔY တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်းမရှိစေရန်နှင့် တွက်ချက်ရရှိသောအလျော့အတင်းတန်ဖိုးတွင်(%)မထည့်ရန်တို့ ဖြစ်ကြသည်။

**အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ' အခန်းတွင်** စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသည့် ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

**မျဉ်းကွေးများရေးဆွဲထားသောပုံတွင် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားရာ၌** မူရင်းမှတ်မှ AP အမြင့်ဆုံး (သို့မဟုတ်) AP နှင့် MP မျဉ်းကွေးများ ဖြတ်သောအမှတ်ထိသည် အဆင့်(၁)ဟု ပိုင်းခြား သတ်မှတ်ရပါမည်။ TP အမြင့်ဆုံး (သို့မဟုတ်) MP= 0 ဖြစ်သောအမှတ်အထိ ထုတ်လုပ်မှုအဆင့်(၂) ဖြစ်ပြီး MP တန်ဖိုး အနုတ်(-)ဖြစ်သောအပိုင်းသည် ထုတ်လုပ်မှုအဆင့်(၃)ဟု သတ်မှတ်ရပါမည်။ ထုတ်လုပ်သူသည် အဆင့်(၂) အတွင်း၌သာ ထုတ်လုပ်မှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆင့် (၂)အတွင်း AP နှင့် MP နှစ်မျိုးလုံး အပေါင်းလက္ခဏာဖြစ်ပြီး အဆင့် (၂) ၏ အဆုံးအမှတ်သည် TP အမြင့်ဆုံးဖြစ်သော အမှတ်ဖြစ်ပါသည်။ ထို့ကြောင့် AP အမြင့်ဆုံးအမှတ်နှင့် MP သုည(၀)ဖြစ်သော အမှတ်ကြားရှိ အဆင့်(၂)တွင် လုပ်ငန်းလည်ပတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ လုပ်သားဦးရေ မည်မျှငှားရမ်းအသုံးပြုရမည်ကိုလည်း ဆုံးဖြတ်တတ်ရပါမည်။

လျော့နည်းသွားသော ပြန်ရချက်ဥပဒေသရဲ့သဘောကို သိရှိရပါမည်။ **မည်သည့် ထုတ်ကုန်အပိုင်းက လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေသလဲ** ဆိုတာကိုလည်း သိရှိရပါမည်။ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသောပြန်ရချက်ဥပဒေသကို ဖော်ပြနေပါသည်။ **တွက်ချက်မှုအရ လုပ်သားဦးရေဘယ်လောက်မှာ MP စတင် ကျဆင်းသွားသည်ဆိုတာကို ကြည့်ရပါမည်။** ဥပမာ ဇယားမှ MP တန်ဖိုးများကိုကြည့်ရာတွင် လုပ်သားဦးရေ ၄ ဦးမှာ MP တန်ဖိုးက အများဆုံးဖြစ်နေတယ်ဆိုပါစို့၊ လုပ်သား ၄ ဦးထက်ကျော်ပါက MP စတင်ကျဆင်းပါပြီ။ လုပ်သားဦးရေ ၄ ဦးမှာ MP အမြင့်ဆုံးဖြစ်နေပြီး၊ လုပ်သားဦးရေ ၄ ဦးထက်ကျော်၍ သုံးစွဲသောအခါ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြသည်ဟု သုံးသပ်နိုင်ပါသည်။

**အခန်း(၃) 'စရိတ်သီအိုရီ' အခန်း**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံများကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန် လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်းသိရှိရန်လိုသည်။ ထို့အတူ စုစုပေါင်းစရိတ်မှ စုစုပေါင်းစရိတ်ရှင်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းပုံသေစရိတ်ကို ရရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသော စရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

**အခန်း(၇) 'စီးပွားရေးတိုးတက်မှု'**တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသောပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

**စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင်** စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသည်ဖြင့်သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တိုးတက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်တိုးတက်နေသည်ကို သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည် စသည်ဖြင့်သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်းသည် အတက်အကျရှိနေပါက သုံးသပ်ရာတွင်မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်။ မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းတိုးနေပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကျဆင်းသွားသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေးတိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသောလက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသည့် လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည် ။}$$

စာမျက်နှာ ၂၉ သို့

စာမျက်နှာ ၂၈ မှအဆက်

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၀ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

**နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း အတက်အကျဖြစ်ပုံအနေဖြင့်သုံးသပ်ရာတွင်** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်တွင် မြင့်တက်ပြီး မည်သည့်ခုနှစ်တွင် ကျဆင်းသွားသည်၊ ငွေဖောင်းပွမှုနှုန်းသည် မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်ပြီး / မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသည်ဖြင့် သုံးသပ်ဖြေဆိုနိုင်ပါသည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်မြင့်တက်နေပါက** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ဟု သုံးသပ်နိုင်သည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက** မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည်ဟု သုံးသပ်နိုင်သည်။

**ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်သုံးသပ်ရာတွင်သတိပြုရန်အချက်များမှာ** GDP ကျုံ့ကိန်းကို တွက်ချက်ရာတွင် ဒသမ (၃ နေရာ)အထိ ယူရမည်။ GDP ဈေးဆနှုန်းကိန်းကို ဒသမ (၁ နေရာ) အထိယူရမည်။ ငွေဖောင်းပွမှုနှုန်းကိုလည်း ဒသမ (၁ နေရာ) အထိယူရမည်။

**မေးခွန်းနံပါတ်(၅)ကိုဖြေဆိုရာတွင်သတိပြုရမည့်အချက်များမှာ** မေးခွန်းတွင်ဖော်ပြပါရှိသော ကိန်းဂဏန်းများကို အဖြေလွှာပေါ်သို့ပြန်လည်ကူးယူရာတွင် မှားယွင်းမှုမရှိစေရန်နှင့် Calculator ကို အသုံးပြုတွက်ချက်ရာတွင် ရရှိသောအဖြေကို နောက်ထပ်တစ်ကြိမ် ပြန်လည်စစ်ဆေးခြင်းပြုလုပ်ရန်တို့ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာနားလည်တတ်မြောက်စေမှုကိုရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာလေ့လာထားရန်လိုအပ်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများအတွက်ပေးမှတ်မှာ (၅၀)မှတ်ဖြစ်သဖြင့် ယင်းမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

# ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကသာ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၆ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၃၈၈၅၇ ကေထိ စိုက်ပျိုးထားပါတယ်။အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။



ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ဘုရားကြီးကုန်း(န)ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း ပြီးစီးမှုစစ်ဆေး



**ကြို့ပင်ကောက် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးကုန်း ကျေးရွာအုပ်စု ဘုရားကြီးကုန်း(န) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ဘုရားကြီးကုန်း(န) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဘုရားကြီးကုန်း(န)ကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည်ပေ ၆၅၀၊ အကျယ် နှစ်ပေခြောက်လက်မ၊ အမြင့် ခြောက်လက်မ စီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃၇ ဒသမ ၂ သိန်း စုစုပေါင်းငွေကျပ် ၁၈၇ ဒသမ ၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသဿချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသဿချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ငါးမုတ်သဿချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသဿချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှု များပြားလာပြီး အရောင်းအဝယ် ကောင်းမွန်လာခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ငါးမုတ်ပိသဿချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့တင်ပို့အားတက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ အခုလို ငါးမုတ်တွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ် လုပ်ကိုင်သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊အဆိုပါ ငါးမုတ်တစ်ပိသဿလျှင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ကူးမစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျှာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မတ်ပဲ ၁၂၄၅၅ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲ ၁၂၄၅၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၂၅၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ပိုမိုကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရှဥ့်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရှဥ့်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ငါးရှဥ့်ပိဿာချိန် ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးရှဥ့်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်က ငါးရှဥ့်တွေ သိသိသာသာကို ဝယ်ယူမှုကောင်းနေပါတယ်။ ဒီဇင်ဘာလအတွင်း ငါးရှဥ့်ပိဿာချိန် ၇၈၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က ငါးရှဥ့်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အခုလို ငါးရှဥ့်တင်ပို့မှုကောင်းလာတော့ ငါးရှဥ့်မွေးမြူသူတွေ၊ လုပ်သားတွေ၊ ငါးရှဥ့် ရှာဖွေဖမ်းဆီးသူတွေ အလုပ်အကိုင် အခွင့်အလမ်းအဆင်ပြေလာတာတွေ့ရပါတယ်" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ငါးရှဥ့်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးရှဥ့်များကို ရန်ကုန်ဈေးကွက်မှ တစ်ဆင့် တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ၊ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဥ္ဇာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉ KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀ STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန် -၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန် -၁၂၀၀) ပြည်ညောင်ပင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၃ ၃၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး(မြောက်)နေ ဦးဝင်းသိန်းနှင့် ဒေါ်ခင်မာဝင်းတို့၏သားကြီး မောင်စစ်အောင်ခိုင် (၉/အမဇ(နိုင်)၁၈၇၁၂၅)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းသိန်း(၅/ဝလန(နိုင်)၁၂၂၈၅၁)

ဒေါ်ခင်မာဝင်း(၅/ရဘန(နိုင်)၀၀၉၇၀၇)

## ဒေါ်ညိုညိုအောင် (ခ) ဒေါ်ညိုညို အသက် (၈၉)နှစ်

### (ညိုညိုအောင်-ဆွယ်တာ)

ပြင်ဦးလွင်မြို့၊ အိမ်အမှတ်(၂၅၂)၊ မန္တလေး-လားရှိုးလမ်းနေ (ဦးလွန်း + ဒေါ်သွယ်)၏သမီး၊
(ဦးအုန်းရွှေ + ဒေါ်စန်းရီ)၊ (ဦးဘဆယ် + ဒေါ်စော)၊ (ဦးစံသိန်း + ဒေါ်ခင်အေး)၊
(ဦးခင်မောင်မြင့် + ဒေါ်သန်းသန်း)တို့၏ ညီမ၊ (ဦးညိုအေး) + ဒေါ်မြင့်မြင့်ဇင်၊
(ဦးထွန်းညွန့်) + ဒေါ်သန်းခင်တို့၏ အမ၊ ဒေါ်ချိုချိုခင်၊ ဒေါ်ပိုပိုခင်၊ ကိုတင်အောင်သန်း၊
ဦးမျိုးသန့် + ဒေါ်ခင်မော်မော်ထွန်း၊ ကိုသန်းထိုက်ထွန်း + မသက်ထားအေး၊
ကိုကျော်သီဟတို့၏ ချစ်လှစွာသော အဒေါ်၊ မသန့်ရွှေဝတ်မှုံထွန်း၊
မောင်ဘုန်းဝေယံကျော်တို့၏ ချစ်လှစွာသော အဖွား၊
(ဒု-ဦးစီးမှူးမြေတိုင်း) ဦးသိန်းအောင်(ငြိမ်း)၏ ဇနီး

**ဒေါ်ညိုညိုအောင် (ခ) ဒေါ်ညိုညို** အသက် (၈၉)နှစ်

သည် **၁၇-၁-၂၀၂၆(စနေနေ့)**၊ နေ့လယ်**(၁၂:၅၀)နာရီအချိန်**တွင် (၈၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရပ်ကလာပ်ကို **၁၈-၁-၂၀၂၆(တနင်္ဂနွေနေ့)၊ ညနေ(၃:၀၀)နာရီအချိန်တွင် မန္တလေး-လားရှိုးလမ်း၊ အိမ်အမှတ် (၂၅၂) နေအိမ်မှ** (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးရှိ ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချထားသော မြရည်နန္ဒာတန်ဖိုးမျှ အိမ်ရာမှ ဦးကျင်သိန်း (ဘ) ဦးကျော်ရှင်(၇/တငန(နိုင်)၀၀၇၄၉၂) အမည်ပေါက်(မမ-၂၇)၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၂၀၁)၊ ဒုတိယထပ်တိုက်ခန်းအား ကျွန်ုပ်တို့မိတ်ဆွေ ဦးဇော်ထက်အောင်(၉/ခအဇ(နိုင်)၀၀၆၃၄၇)မှ အထွေထွေကိုယ်စားလှယ်လွှဲစာများနှင့်အတူ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)သို့ တိုက်ခန်းတန်ဖိုးငွေများအားလုံးကို ကျွန်ုပ်တို့မိတ်ဆွေမှ အပြေအကျေပေးဆပ်ခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်း၏ အမည်ပေါက်စာအုပ်မူရင်းအားထုတ်ယူရန်အတွက် မန္တလေးမြို့၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာနသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးဒီကရီများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မှမရှိပါက အထက်ဖော်ပြပါကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဆုမွန်သန်း(LL.B) ဒေါ်သရဖီဝင်း(LL.B)**


**တရားလွှတ်တော်ရှေ့နေများ**

**လမ်း ၆၀(ဒီ)၊ ၁၁၅ x ၁၁၅(အေ)လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**09–965514639၊ 09–796454263**


အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



❖ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဖော်ဆောင်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားသော ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၆/၂၀၂၆)
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | ကိုယ်စားလှယ် အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) | | | | |
| (၁) | ဦးရဲခိုဖုန် | ၁/မကန(နိုင်)၀၁၄၈၇၈ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဒေါ်ဒွဲဘူ | ၁/မကန(နိုင်)၀၃၇၄၀၅ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ကချင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) | | | | |
| (၃) | ဦးဂျာလီရဲ့ | ၁/ပတအ(နိုင်)၀၃၃၀၈၆ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးမင်းမင်းထွန်း | ၅/ရဥန(နိုင်)၀၇၆၉၁၄ | အမှတ်(၈) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) | | | | |
| (၅) | ဦးမြင့်သိန်း | ၂/ဒမဆ(နိုင်)၀၀၅၁၈၁ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးဆူရယ် | ၂/ဖရဆ(နိုင်)၀၀၀၀၅၃ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ကယားပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) | | | | |
| (၇) | ဦးကျော်မြင့် | ၂/လကန(နိုင်)၀၁၈၉၄၁ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးတောရယ် | ၂/ဒမဆ(နိုင်)၀၀၂၆၃၇ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၂ မိနစ်တွင်

စာမျက်နှာ ၁၈ ကော်လံ ၅ ❍



ရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်ထိ ကျင်းပမည်**

စာမျက်နှာ - ၁၁

**အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဈေးများနှင့်လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

စာမျက်နှာ - ၂၆

**၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ အလံတင်အခမ်းအနား ကျင်းပ**

စာမျက်နှာ - ၈

